ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 7 August 2022 ၁၀၈၂၀

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### ယနေ့ ဖတ်စရာ




**အာဆီယံ-တရုတ် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးမှသည် ပိုမိုနက်ရှိုင်းသော ပူးပေါင်းဆောင်ရွက်မှုဆီသို့**

ဆောင်းပါး စာမျက်နှာ | ၆

**ဂျပန်နိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ သုံးယောက်မြောက် တွေ့ရှိ**

စာမျက်နှာ | ၁၃

**သမိုင်းတစ်ကွေ့ အတွေ့အကြုံတစ်ရပ် ကောင်းစွာယူတတ်ပါစေ ...**

ဆောင်းပါး စာမျက်နှာ | ၁၉

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဩဂုတ် ၆

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၁) စဝ်ခေးတိုင်းတို့ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးလဲလှယ်ကြစဉ်။

# ကလောမြို့ မြန်မာ့မီးရထားဘူတာ၌ သမိုင်းအမွေအနှစ်ဖြစ်သည့် မီးရထားစက်ခေါင်းနှင့် လူစီးတွဲတစ်တွဲ ပြသမည်



ကလော ဩဂုတ် ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောဘူတာသည် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ အဆောက်အအုံတစ်ခုဖြစ်သည့်အပြင် သမိုင်းအမွေအနှစ်တစ်ခုလည်းဖြစ်ရာ ယနေ့တွင် ခရီးသွားပြည်သူများ လာရောက်လေ့လာနိုင်ရန်အတွက် သမိုင်းဝင်မီးရထားစက်ခေါင်းနှင့် လူစီးတွဲတစ်တွဲကို ပြသထားမည်ဖြစ်ကြောင်း သိရသည်။

**တွဲရွှေ့တွဲပြောင်းရာတွင် အသုံးပြုခဲ့**

မီးရထားစက်ခေါင်းသည် ဘွိုင်လာဖိအား ပေါင် ၁၈၀၊ ဆလင်ဒါအချင်း ၁၅ လက်မ၊ Stroke ၂၂ လက်မ၊ ကျောက်မီးသွေးဝင်ဆံ့နိုင်မှုပမာဏ သုံးတန်၊ ရေဝင်ဆံ့နိုင်မှုပမာဏ ဂါလန် ၁၅၅၀၊ စက်ခေါင်းအလျား ၃၆ ပေ ၁ လက်မခွဲ၊ စက်အလေးချိန် (ကျောက်မီးသွေးနှင့် ရေအပြည့်) ၅၅ ဒသမ ၇ တန်၊ စက်ခေါင်း အလေးချိန် ၄၂ ဒသမ ၆ တန်ရှိပြီး အင်္ဂလန်နိုင်ငံ Robert Stephenson & Hawthorns Ltd. ကုမ္ပဏီက ၁၉၄၈ ခုနှစ်တွင် စတင်ထုတ်လုပ်ခဲ့သည်။ ယင်းစက်ခေါင်းကို တွဲရွှေ့တွဲပြောင်းရာတွင် အသုံးပြုခဲ့သည်ဟု သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဩဂုတ် ၆

| | |
|---|---|
| ပေါင် | ၆ ဒသမ ၇၃ လက်မ |
| မော်လမြိုင် | ၆ ဒသမ ၅၈ လက်မ |
| ရေး | ၄ ဒသမ ၇၆ လက်မ |
| ချောင်းဆုံ | ၄ ဒသမ ၅၇ လက်မ |
| ကျိုက်မရော | ၄ ဒသမ ၃၃ လက်မ |
| ဂွ | ၃ ဒသမ ၉၈ လက်မ |
| မော်လမြိုင်ကျွန်း | ၃ ဒသမ ၄၂ လက်မ |

ကြေးမုံ

# အာဆီယံစုစည်းညီညွတ်မှုကိုထိန်းသိမ်း

၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အာဆီယံကြေညာစာတမ်းအား ထုတ်ပြန်၍ "တစုတစည်းတည်းသော အရှေ့တောင်အာရှဒေသကို ထူထောင်ရန်" ဟူသည့် အန္တိမရည်မှန်းချက်ဖြင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) ကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။ စတင်ဖွဲ့စည်းစဉ်က ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ ငါးနိုင်ငံ ပါဝင်ခဲ့သည်။

အသင်းကြီး၏ ရည်မှန်းချက်မှာ ဒေသတွင်းနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုစိတ်ဓာတ်နှင့် ငြိမ်းချမ်းသော၊ သာယာဝပြောသော၊ ညီညွတ်ပေါင်းစည်းသော အာဆီယံဒေသအဖြစ် တည်ဆောက်ရန် ရည်မှန်းချက်ဖြင့် မွေးဖွားလာခဲ့သည်။ အသင်းကြီး၏ရည်ရွယ်ချက်မှာ ဒေသတွင်းငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းရန်၊ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုရေး၊ ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်ရန်၊ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်ချင်းတူညီသည့် နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ဖြင့် ဖွဲ့စည်းခဲ့သည်။

အာဆီယံ၏ မွန်မြတ်သောရည်ရွယ်ချက်များနှင့် စွမ်းဆောင်မှုများကြောင့် ၁၉၈၄ ခုနှစ်တွင် ဘရူနိုင်း၊ ၁၉၉၅ ခုနှစ်တွင် ဗီယက်နမ်၊ ၁၉၉၇ ခုနှစ်တွင် လာအိုနှင့် မြန်မာ၊ ၁၉၉၉ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံတို့ဖြင့် အာဆီယံမိသားစုဝင် ၁၀ နိုင်ငံ ဖြစ်လာခဲ့သည်။ အာဆီယံ၏ ကောင်းမွန်မှန်ကန်သောစိတ်ဓာတ်များကြောင့် မူလရည်မှန်းချက်အတိုင်း မိသားစုဝင် ၁၀ နိုင်ငံ ပြည့်စုံခဲ့သည်။ အရှေ့တောင်အာရှဒေသတွင် ပါဝင်သောနိုင်ငံများ ပြည့်စုံမှသာ အာဆီယံသည် ပြီးပြည့်စုံခြင်းဖြစ်စေသကဲ့သို့ အရှေ့တောင်အာရှဒေသတစ်ခုလုံးကို ကိုယ်စားပြုပြီး ရည်ရွယ်ချက်၊ ရည်မှန်းချက်များ ပြည့်စုံစေသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်ဖြစ်လာသည့်အချိန်မှစ၍ အာဆီယံအဖွဲ့ကြီးက ချမှတ်ထားသော ရည်ရွယ်ချက်၊ ရည်မှန်းချက်၊ အာဆီယံစိတ်ဓာတ်၊ အာဆီယံမူ၊ အာဆီယံပဋိညာဉ်တို့ကို လေးစားလိုက်နာပြီး လက်တွဲဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်နှစ်က နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်ပြီးနောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများက မြန်မာနိုင်ငံနှင့်ပတ်သက်၍ (၁) အပစ်အခတ်ရပ်စဲရေး၊ (၂) သက်ဆိုင်သူအားလုံးပါဝင်ပြီး ငြိမ်းချမ်းစွာဖြေရှင်းရေး၊ (၃) အာဆီယံဥက္ကဋ္ဌ၏ဖျန်ဖြေမှုကို လက်ခံရေး၊ (၄) အားလုံးနှင့်တွေ့ဆုံမည့် အာဆီယံကိုယ်စားလှယ်ကို လက်ခံရေး၊ (၅) အာဆီယံ၏ လူမှုရေးအကူအညီ လက်ခံရေးဟူသည့် တူညီဆန္ဒ(၅) ရပ်တို့ကို ဖော်ဆောင်ရန် ဆုံးဖြတ်ခဲ့သည်။

မြန်မာနိုင်ငံသည် တူညီဆန္ဒ(၅)ရပ်ကို တာဝန်သိအာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် လက်ခံခဲ့သည်။ မြန်မာနိုင်ငံ ပြည်တွင်းတည်ငြိမ်မှုအပေါ်မူတည်ပြီး နိုင်ငံ့ကောင်းကျိုးအတွက် အာဆီယံပဋိညာဉ်စာတမ်း၊ အာဆီယံနည်းလမ်းနှင့် အာဆီယံစိတ်ဓာတ်တို့နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းစွာအသိပေးထားပြီးဖြစ်သည်။ အာဆီယံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကိစ္စကို ပြင်ပမှ မစွက်ဖက်ရေး၊ မနှောင့်ယှက်ရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား နိုင်ထက်စီးနင်းမှုများမရှိရေး စသည့်မူလအခြေခံမူများကို လေးစားသင့်သည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေမှုများအား လေးစားရန်လိုအပ်ပါသည်။

(၅၅)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး ပူးတွဲထုတ်ပြန်ချက်တွင် "မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများ" ခေါင်းစဉ်အောက်၌ မြန်မာနိုင်ငံက တူညီဆန္ဒ (၅)ရပ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုမရှိကြောင်း ဖော်ပြချက်သည် မြန်မာနိုင်ငံ၏ အမှန်တကယ်ကြိုးပမ်းဆောင်ရွက်မှုများကို မျက်ကွယ်ပြု၍ လျစ်လျူရှုရာရောက်နေပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပြင်ပနိုင်ငံများသည် မြန်မာနိုင်ငံအား ပုံမှန်အနေအထားရောက်ရှိရေးကို ကူညီရန် အမှန်တကယ်ဆန္ဒရှိသည်ဆိုပါက အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG နှင့် PDF တို့နှင့် ထိတွေ့ဆက်ဆံပြောဆိုမှုများအား အားပေးသည့် လုပ်ရပ်များကို ရှောင်ရှားရမည်ဖြစ်သည်။ ပကတိအခြေအနေများကို မှန်မှန်ကန်ကန်ထည့်သွင်းစဉ်းစားကာ မျှတစွာသုံးသပ်ပြီး တစ်ဖက်သတ်ဆောင်ရွက်ခြင်းမျိုး မပြုလုပ်သင့်ပါ။

သို့ဖြစ်ရာ ရေရှည်ခိုင်မာသော အာဆီယံအဖွဲ့ကြီးဖြစ်စေရန်အတွက် အာဆီယံပဋိညာဉ်စာတမ်းပါ သဘောတူညီမှုရှိမှု၊ အားလုံးပါဝင်နိုင်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရေး စသည့်အခြေခံမူများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများက လိုက်နာမှသာလျှင် အာဆီယံ၏ စုစည်းညီညွတ်မှုကို ထိန်းသိမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

နေပြည်တော် ဩဂုတ် ၆

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို လှူဒါန်းလျက်ရှိသည်။



ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ ရတနာပုံတောရကျောင်းတိုက်သို့လည်းကောင်း၊ ကချင်ပြည်နယ် ဗန်းမော်မြို့နယ်ရှိ သီရိဓဇကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်ရှိ မြို့မကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ အောင်မြေဘုံစံကျောင်းတိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ရွှေမြိုင်ကျွန်းတော ကျောင်းတိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ဓာတုဝိဇ္ဇာဝိပဿနာကျောင်းတိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျိုက်လတ်၌ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုလျော့ကျစေရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်

ကျိုက်လတ် ဩဂုတ် ၆

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ မြို့သန့်ရှင်းသာယာလှပစေရေးအတွက် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှု လျော့ကျစေရေးနှင့် စနစ်တကျအမှိုက်စွန့်ပစ်တတ်သည့် အလေ့အကျင့်ကောင်းများရရှိလာစေရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက ကျိုက်လတ်မြို့ အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်း၌ပြုလုပ်ရာ ကျိုက်လတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်က တက်ရောက်အမှာစကား ပြောကြားသည်။



ထို့နောက် ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သူဝင်းက ကျောင်းသားကျောင်းသူများအနေဖြင့် မိမိတို့အသုံးပြုပြီးသော အမှိုက်များကို စနစ်တကျစွန့်ပစ်တတ်ကြစေရန်နှင့် အခြားသူများကိုလည်း အသိပေးနိုင်ရန် ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများအား ပြည်သူများ ပူးပေါင်းပါဝင်သော အမှိုက်သိမ်းစနစ်ဖြစ်ပေါ်လာစေရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ၍ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့ လီတာ၂၄၀ ဆံ့ အမှိုက်ပုံးတစ်ပုံး ပေးအပ်ခဲ့ကြောင်း သိရသည်။ ၂၀၇


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | - | ဒေါ်မြသီတာနှင့်အဖွဲ့ |
| | | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဦးကျော်သူရနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြစဉ်။

☆ ရှေ့ဖုံးမှ

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁) စဝ်ခေးတိုင်း၊ ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်၊ ဗဟိုကော်မတီဝင် စဝ်နော်လိတ်တို့ တက်ရောက်ကြသည်။

ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံရေးပါတီများအစုအဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ်မှ ပြင်ဆင်လိုသည့်အချက်များနှင့်စပ်လျဉ်း၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၏ သဘောထားများကို ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများအား နှစ်ဖက်ဆွေးနွေးညှိနှိုင်းကြပြီး သုံးရက်တာ ဆွေးနွေး ညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြု လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်နှင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားများပြောကြားခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှထုတ်ဝေသည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားစာအုပ်၊ မှတ်တမ်းစာအုပ်များ၊ ခေတ်နှင့်အညီ ပြန်လည်ပြုစုထားသည့် မြန်မာ့စွယ်စုံကျမ်း (အတွဲ-၁) နှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထောင်စုနယ်မြေ နေပြည်တော် ဝန်ထမ်းအိမ်ရာများတွင် ခြင်ကျားနှင့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဝန်ထမ်းအိမ်ရာများတွင် ဆောင်ရွက်လျက်ရှိသည့် ခြင်ကျားနှင့်ပိုးလောက်လမ်းနှိမ်နင်းရေး ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေးနှင့် ဝန်ထမ်းအိမ်ရာများရှိ ဝန်ထမ်းများနှင့်မိသားစုဝင်များ ကိုယ်တိုင်ပါဝင်၍ ခြင်ကျားနှင့် ပိုးလောက်လမ်း နှိမ်နင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးအသိပညာပေးခြင်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ၏ ဝန်ထမ်းအိမ်ရာ ၂၁၇၅ လုံးတွင် သွေးလွန်တုပ်ကွေးရောဂါနှင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကူးစက်ပြန့်ပွားမှုကို ကာကွယ်နိုင်ရေး၊ သွေးလွန်တုပ်ကွေးရောဂါကြောင့် နာမကျန်းဖြစ်ပွားမှုနှင့် သေဆုံးမှုမရှိစေရေးနှင့် ခြင်ကျားနှင့် ပိုးလောက်လမ်း နှိမ်နင်းရေးလုပ်ငန်းများကို ပြည်သူလူထုကိုယ်တိုင် ပူးပေါင်းပါဝင်၍ ဆောင်ရွက်နိုင်ရေး ရည်ရွယ်ချက်များဖြင့် ဩဂုတ် ၆ ရက်နှင့် ၇ ရက်တို့တွင် အဘိတ်ဆေးခတ်အဖွဲ့ ၅၀၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အင်းဆက်ပိုးမွှားများ နှိမ်နင်းရေးအတွက် ခြင်ဆေးမှုတ်အဖွဲ့ ၁၀ ဖွဲ့တို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ရေသိုလှောင်ရာနေရာများကို ခြင်လောက်လမ်းသေဆေး (Abate)ခတ်ခြင်း၊ ကျန်းမာရေးအသိပညာပေး ဗီနိုင်းများ လိုက်လံကပ်၍ ဝန်ထမ်းများနှင့် မိသားစုဝင်များ ကိုယ်တိုင်ဆက်လက်၍ ခြင်ကျားနှင့် ပိုးလောက်လမ်း နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးအသိပညာပေးခြင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် သက်ဆိုင်ရာဝန်ထမ်းအိမ်ရာ နေထိုင်သူများ ပူးပေါင်း၍ ခြင်ခိုအောင်းနိုင်သည့် ပတ်ဝန်းကျင်ရှိ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေတင်ကျန်ရှိသည့် တာယာဟောင်းများကို စနစ်တကျစွန့်ပစ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်၊ ခတ်၊ လောင်း၊ ထောင်၊ ဖွင့်၊ စွန့်/မြှုပ်၊ ရှင်း၊ မှုတ် စသည့် ခြင်ကျားနှင့် ပိုးလောက်လမ်း နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တပ်မတော်ကျန်းမာရေးနှင့် ရောဂါနှိမ်နင်းရေးတပ်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အင်းဆက်ပိုးမွှားများနှိမ်နင်းရေးအတွက် ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရောဂါမျိုးသယ်ဆောင်သော ပိုးမွှားကောင်များမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးအဖွဲ့(ဗဟိုရပကန)ကလည်း ဝန်ထမ်းအိမ်ရာများတွင် ခြင်ကျားနှင့် ပိုးလောက်လမ်း ပေါက်ပွားမှုဆန်းစစ်နိုင်ရေးအတွက် အိမ်ရာများအလိုက် ပိုးလောက်လမ်းတွေ့ရှိမှု၊ အိမ်ခန်းများအလိုက် ပိုးလောက်လမ်းတွေ့ရှိမှုနှင့် အိမ်ရာများရှိ အိုး/ခွက်များ၊ ကားတာယာဟောင်းများနှင့် စွန့်ပစ်ပစ္စည်းများတွင် ပိုးလောက်လမ်းတွေ့ရှိမှုကို စစ်တမ်းကောက်ယူလျက်ရှိပြီး ပိုးလောက်လမ်းတွေ့ရှိမှုများပြားသည့် အိမ်ရာများတွင် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

ယခု ခြင်ကျားနှင့် ပိုးလောက်လမ်းနှိမ်နင်းရေးဆောင်ရွက်မှုစီမံချက်တွင် ပါဝင်ခြင်းမရှိသေးသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အခြားနေရာများတွင်လည်း အထက်ဖော်ပြပါ ခြင်ကျားနှင့် ပိုးလောက်လမ်း နှိမ်နင်းရေးလုပ်ငန်းများကို ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ခန္တီးမြို့၌ စာအုပ်စာစောင်ပြပွဲနှင့် လူငယ်အသိပညာပေးဟောပြောပွဲ ပြုလုပ်

**ခန္တီး ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး စာအုပ်စာစောင်ပြပွဲနှင့် လူငယ်အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အခြေခံပညာအထက်တန်းကျောင်းခွဲ (မြို့မ)တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိမ်းလဲ့လဲ့က စာတတ်ဖို့တင်မက ပညာတတ်ဖို့ပါလိုသည် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ် အားကစားမှူး ဦးစိုးအောင်က လူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီး ဟောပြောခဲ့ကြပြီး အားကစားမှူးက အ.ထ.ကခွဲ(မြို့မ)ကျောင်းအတွက် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့စံက လက်ခံရယူခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင်များကို ခင်းကျင်းပြသခဲ့ရာ ကျောင်းသားကျောင်းသူလေးများက စိတ်ဝင်တစား လာရောက်ဖတ်ရှုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ပညာရေးလုပ်ငန်းများ ထိရောက်အောင်မြင်စေရန် ပညာရေးမိသားစုများအချင်းချင်း အပြန်အလှန်လေးစားမှုဖြင့် လက်တွဲဆောင်ရွက်ကြစေလို

နေပြည်တော် ဩဂုတ် ၆

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းသည် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၊ အမှတ် (၂၃) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁) ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်း (ထခွဲ)များသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် ဒုတိယဝန်ကြီးက ကျောင်းသား ကျောင်းသူများအနေဖြင့် ကျန်းမာရေးဂရုစိုက်၍ ပညာကို ကြိုးစားသင်ယူကြစေလိုကြောင်း၊ ကျောင်းမှန်မှန်တက်၍ ကျောင်းစည်းကမ်းများကို လိုက်နာကြစေလိုကြောင်း၊ ပညာတတ်၍ အကျင့်စာရိတ္တကောင်းမွန်သော၊ ယဉ်ကျေးလိမ္မာသော၊ နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ပြည့်ဝသော လူတော်လူကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊



မိမိတို့၏ တစ်ကိုယ်ရေသန့်ရှင်းရေးမှ အစပြု၍ စာသင်ခန်းတွင်း၊ ကျောင်းတွင်းဆိုင်ရာ ပတ်ဝန်းကျင်များ သန့်ရှင်းသာယာအောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ပညာရေးလုပ်ငန်းများ ထိရောက်အောင်မြင်မှုရှိစေရန်အတွက် ပညာရေးမိသားစုများ အချင်းချင်း အပြန်အလှန်လေးစားမှုဖြင့် စည်းလုံးညီညွတ်စွာဖြင့် လက်တွဲဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်မှု၊ ကျောင်းတွင်းစိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာရေးကိစ္စရပ်များ၊ ကျောင်းများအတွက် လိုအပ်သည့် ကျောင်းဆောင်များ၊ စာသင်ခန်းများ၊ ကွန်ကရစ်လမ်းများ၊ ကျောင်းအုတ်တံတိုင်းများ၊ စာသင်ခုံများ၊ ကျောင်းတွင်းနှင့် ကျောင်းပရဝဏ်စိမ်းလန်းစိုပြည်မှုဆိုင်ရာ လုပ်ငန်းများနှင့် သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

နေပြည်တော် ဩဂုတ် ၆

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ်(Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရေတစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး



တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီး ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လောက်ကိုင်မြို့၌ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များအား ထောက်ပံ့ငွေပေးအပ်



လောက်ကိုင် ဩဂုတ် ၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးငယ်များအား ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် လောက်ကိုင်မြို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်တင်တင်ချိုက ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမ သုံးလပတ် (ဧပြီ၊ မေ၊ ဇွန်)အတွက် လောက်ကိုင် မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများမှ အကျိုးခံစားခွင့်ရှိသော ကိုယ်ဝန်ဆောင်မိခင် ၂၂၅ ဦးအတွက် ထောက်ပံ့ငွေကျပ် ၈၉၄၅၀၀၀ နှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးငယ် ၃၅၁ ဦးအတွက် ထောက်ပံ့ ငွေကျပ် ၁၄၆၄၀၀၀၀ စုစုပေါင်း ၅၇၆ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၄၅၈၅၀၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးနှင့် တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရွှေစင်ဖြိုး(ပြန်/ဆက်)**

## ပန်းတောင်းမြို့နယ်၌ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ပန်းတောင်း ဩဂုတ် ၆

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ တတိယအကြိမ်မြောက် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို သရက်လိန် ကျေးရွာအနီး ပန်းတောင်း-တောင်ကုတ်ကားလမ်းဘေးဝဲ/ယာတို့တွင် ယနေ့နံနက်ပိုင်းက ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ပန်းတောင်းမြို့နယ်သစ်တော ဦးစီးဌာန ဦးစီးမှူး ဦးလှိုင်ထူးက မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရထံသို့ ပျိုးပင်များ ပေးအပ်သည်။ ထို့နောက် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရက မဟော်ဂနီပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်ညီနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းလွင်တို့က မန်ကျည်းရှားပင်များကို စိုက်ပျိုးပေးသည်။



ယင်းနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများက ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မဟော်ဂနီပျိုးပင် ၁၀၀၊ မန်ကျည်းရှားပျိုးပင် ၁၀၀၊ ခရေပျိုးပင် ၅၀၊ မဲဇလီပျိုးပင် ၂၀၊ မယ်ပျိုးပင် ၃၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၆

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**

## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှမော်တော်ယာဉ်ကိုကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသောမော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်း ရှိ/ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ/ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း/ မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက်(၁၆)နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများအား (၃-၅-၂၀၂၁) မှ(၃-၁၁-၂၀၂၂)နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ လိုအပ်ချက်အရပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာနေရာများတွင်လည်းကောင်း၊ နိုင်ငံသားကတ်(မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ်(မှတ်ပုံတင်)အား (၁-၄-၂၀၂၂) နေ့ (၁၆:၀၀)နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ်(မှတ်ပုံတင်)အစား ထောက်ခံစာများအားပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတုကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိ ကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**



## အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၆

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကို ယမန်နေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ အားကစား ခန်းမ၌ပြုလုပ်ရာ တိုင်းမှူးဗိုလ်မှူးချုပ် သန်းထိုက်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက လက်ဝှေ့ပြိုင်ပွဲ အဖွင့်ပွဲစဉ်ဖြစ်သည့် ကျီကုန်းတပ်နယ်အသင်းနှင့် ကလေးတပ်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှု အားပေးကြသည်။

အဆိုပါပြိုင်ပွဲအား တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လောက်ကိုင်မြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

နေပြည်တော် ဩဂုတ် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့၌ လုံခြုံရေးတာဝန်ထမ်းဆောင်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများပေးအပ်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက လောက်ကိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ လောက်ကိုင်တပ်နယ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ လောက်ကိုင်တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ကြက်ဥ၊ အာလူး၊ ကြက်သွန်ဖြူနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




**❂ ကလောမှ**

လူစီးတွဲကိုမူ မြန်မာနိုင်ငံရှိ မြစ်ငယ်မြို့နယ် လူစီးတွဲနှင့် ကုန်တွဲစက်ရုံက ၁၉၅၅ ခုနှစ်တွင် ထုတ်လုပ်အသုံးပြုခဲ့သည်။ ယင်းလူစီးတွဲ အသုံးပြုသည့် ဘိုဂီ အမျိုးအစားမှာ 4 Wheeler၊ တွဲလွတ်အလေးချိန် ကိုးတန်၊ တွဲအလျား ၂၂ ပေ၊ တွဲအကျယ် ရှစ်ပေ နှစ်လက်မ၊ တွဲအမြင့် ၁၀ ပေ ၁၀ လက်မရှိသည်။

ယင်းသမိုင်းဝင်မီးရထားစက်ခေါင်းနှင့် လူစီးတွဲကို ကလောဘူတာ၏ လက်ယာဘက်တွင် ပြသထားမည်ဖြစ်ကြောင်းနှင့် နယ်မြေဗဟုသုတရှာမှီး လိုသူများအတွက် အပျော်စီး လူ ၂၀ ဆံ့ ရထားတွဲကိုလည်း ကလော-မြင်းဒိုက်-အောင်ပန်းဘူတာအထိ မကြာမီ ဖွင့်လှစ်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ကလောဘူတာရုံပိုင်ကြီးထံမှ သိရသည်။

**အေးခိုင်(ကလော)**

## မုက္ကဒိခေတ်မီစံပြကျေးရွာ၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဆင်း

ဘားအံ ဩဂုတ် ၆

ကရင်ပြည်နယ် ဘားအံမြို့နယ် မုက္ကဒိကျေးရွာအုပ်စု မုက္ကဒိခေတ်မီစံပြကျေးရွာတွင် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခန့်တွင် မုက္ကဒိခေတ်မီစံပြကျေးရွာ အထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။



သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ်စက်မှုလယ်ယာ ဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးခင်မောင်ကျော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့နှင့်အတူ သင်တန်းဆင်းအောက်လက်မှတ်များပေးအပ်ချီးမြှင့်ကာ မြို့နယ်ဦးစီးဌာနမှူးနှင့် အဖွဲ့သည် သင်တန်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ သင်ယူပြီးမြောက်သည့် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုပညာရပ်များအား လက်တွေ့နယ်ပယ် လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ရေတာရှည်မြို့နယ်၌ စိုက်ပျိုးရေးအတွက် ဆိုလာစနစ်ဖြင့် ရေရရှိအောင် ဆောင်ရွက်ပေး

ရေတာရှည် ဩဂုတ် ၆

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးရွာသွန်းမှုနည်းပါးသည့်အတွက် မိုးစပါးစိုက်ရန်အခက်အခဲများကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီက ဆိုလာစနစ်ဖြင့် ရေတင်ပေးလျက်ရှိကြောင်း သိရသည်။

ယခုလက်ရှိ ကြံသန္ဓယ်ကျေးရွာအုပ်စု စိုင်တမော့ကြီးကျေးရွာအနီး စနစ်ကျလယ်မြေကွင်းအမှတ် ၆၇၀- ခ တောင်သူဦးလှသန်း၏ လယ်၌ ၃၂၅ ဝပ်အားရှိ ဆိုလာပြား ခြောက်ပြားပါ ဆိုလာပန့်ဖြင့် ရေတင်ပေးနေသည်ကို မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် ကော်မတီဝင်များက ယနေ့နံနက်ပိုင်း၌ ကွင်းဆင်းကြည့်ရှုခဲ့သည်။



“ကျွန်တော်တို့ ဆီမှာ လက်ရှိ ဆိုလာကသုံးစုံပဲရှိတယ်။ အမှန်တကယ် အခက်အခဲရှိနေတဲ့ တောင်သူတွေကို အလှည့်ကျ ရွှေ့လျားစနစ်နဲ့ ဆောင်ရွက်ပေးနေတာပါ။ ရေအိုင်တွေရှိရင်တော့ ကုန်ကျစရိတ်သက်သာတယ် ရေတွင်းတူးရရင် ကုန်ကျမှုရှိတယ်”ဟု မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်းက ရှင်းလင်းပြောကြားသည်။

မိုးစပါးစိုက်ပျိုးထားသော တောင်သူများအနေဖြင့် စိုက်ပျိုးသက် တစ်လခွဲနှင့် နှစ်လသားကျော်လာချိန်အထိ မိုးမရွာသည့်အတွက် ယခုတိုင် ခာတ်မြေဩဇာကြဲပက်နိုင်ခြင်း မရှိသောကြောင့် အပင်များရှင်သန်ဖွံ့ဖြိုးရေးနှင့် အထွက်နှုန်းလျော့ကျမည်ကို စိုးရိမ်နေရကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

■

# အာဆီယံ-တရုတ် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးမှသည် ပိုမိုနက်ရှိုင်းသောပူးပေါင်းဆောင်ရွက်မှုဆီသို့

**အောင်ကိုမင်း(MOFA)**
**အာဆီယံရေးရာဦးစီးဌာန**

### အာဆီယံအသင်းကြီး စတင်ထူထောင်ခြင်း

၂၀၂၂ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ထူထောင်မှု (၅၅)နှစ်မြောက် အထိမ်းအမှတ်နေ့ဖြစ်ပါသည်။ ၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဗန်ကောက်ကြေညာစာတမ်း (ခေါ်) အာဆီယံကြေညာစာတမ်းကို အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့က လက်မှတ်ရေးထိုးခြင်းဖြင့် အာဆီယံအသင်းကြီး စတင်ပေါ်ပေါက်ခဲ့ပါသည်။ ထို့နောက် ၁၉၈၄ ခုနှစ် ဇန်နဝါရီလ ၈ ရက်တွင် ဘရူနိုင်းနိုင်ငံကလည်းကောင်း၊ ၁၉၉၅ ခုနှစ် ဇူလိုင်လ ၂၈ ရက်တွင် ဗီယက်နမ်နိုင်ငံကလည်းကောင်း၊ ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့ကလည်းကောင်း၊ ၁၉၉၉ ခုနှစ် ဧပြီလ ၃၀ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံကလည်းကောင်း တင်းပြည့်အဖွဲ့ဝင်နိုင်ငံများဖြစ်လာကြပြီး အာဆီယံအသင်းကြီးသည် အဖွဲ့ဝင်နိုင်ငံ (၁၀) နိုင်ငံရှိသည့် ဒေသဆိုင်ရာ အဖွဲ့အစည်းကြီးတစ်ခုအဖြစ် ပေါ်ထွန်းလာခဲ့ပါသည်။

အာဆီယံအသင်းကြီး စတင်ထူထောင်ခဲ့သည့် ၁၉၆၇ ခုနှစ် ဝန်းကျင်ကာလ၌ ကမ္ဘာတစ်လွှားစစ်အေးတိုက်ပွဲ အင်အားပြိုင်ဆိုင်မှုများကြောင့် ဒေသအတွင်း၌လည်း ပဋိပက္ခများ၊ တင်းမာမှုများ ရောပြွမ်းနေချိန်လည်း ဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို အစဉ်တစိုက်ထိန်းသိမ်းရန် အာဆီယံအသင်းကြီး၏ ခိုင်မြဲသည့်သန္နိဋ္ဌာန်နှင့် ရည်မှန်းချက်များကြောင့် ဒေသတွင်းပဋိပက္ခများကို သံတမန်နည်းလမ်းအသုံးပြု၍ ငြိမ်းချမ်းစွာအဖြေရှာခြင်းဖြင့် ကာကွယ်တားဆီးနိုင်ခဲ့ပေသည်။

အာဆီယံအနေဖြင့် ဆယ်စုနှစ်ငါးခုကျော်တိုင် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရေးတွင် အဓိကမောင်းနှင်အားအဖြစ်လည်းကောင်း၊ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုယန္တရားတွင် ဗဟိုအချက်အချာနေရာမှလည်းကောင်း ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ပါသည်။ ယနေ့တွင် အာဆီယံအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများအပါအဝင် ဆွေးနွေးဖက်ဆက်ဆံရေးနိုင်ငံ ၁၁ နိုင်ငံ၊ ကဏ္ဍအလိုက် ဆွေးနွေးဖက်ဆက်ဆံရေးနိုင်ငံ လေးနိုင်ငံ၊ ဖွံ့ဖြိုးမှုမိတ်ဖက်ဆက်ဆံရေးနိုင်ငံလေးနိုင်ငံတို့နှင့် ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေသည့် ပြင်ပ




အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံပြမြေပုံ။

ဆက်ဆံရေးကို အောင်မြင်စွာထူထောင်ထားရှိပြီးဖြစ်ပါသည်။

အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများအနက် အာဆီယံ-တရုတ် မိတ်ဖက်ဆက်ဆံရေးမှာ အာဆီယံအသိုက်အဝန်းမဏ္ဍိုင် (၃) ရပ်အောက်ရှိ ကဏ္ဍများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် တက်ကြွမှုအရှိဆုံးနှင့် အနက်ရှိုင်းဆုံး ဆက်ဆံရေးတစ်ခုဟု ဆိုရမည်ဖြစ်ပေသည်။ ယခုကဲ့သို့ နှစ်ဖက်ဆက်ဆံရေး၏ သမိုင်းဝင်အချိန်အခါသမယတွင် တရုတ်နိုင်ငံ၏ အရင်းနှီးဆုံးနှင့် အနီးကပ်ဆုံး အိမ်နီးချင်းမိတ်ဆွေနိုင်ငံအဖြစ် မြန်မာနိုင်ငံက အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူးနိုင်ငံအဖြစ်လည်းကောင်း၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး၏ ပူးတွဲဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တောင်တရုတ်ပင်လယ်ဆိုင်ရာကျင့်ထုံး ဆွေးနွေးညှိနှိုင်းမှုများ၏ ပူးတွဲဥက္ကဋ္ဌအဖြစ် လည်းကောင်း အရေးပါသည့် အခန်းကဏ္ဍများ၌ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

### အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး၏ အထင်ကရမှတ်တိုင်များ

အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးကို ၁၉၉၁ ခုနှစ် ဇူလိုင်လတွင်စတင်ခဲ့ပြီး ထိုစဉ်က တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာချန်ချီချင်းကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပသည့် (၂၄) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ ဧည့်သည်တော်အဖြစ် ဖိတ်ကြား၍ တရားဝင်ဆက်ဆံရေးကို စတင်ခဲ့ပါသည်။ အဆိုပါအစည်းအဝေး၌ တရုတ်နိုင်ငံအနေဖြင့် အာဆီယံနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် အထူးလိုလားကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ထို့နောက် ၁၉၉၆ ခုနှစ် ဇူလိုင်လတွင် ဂျကာတာမြို့၌ ကျင်းပသည့် (၂၉) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ တရုတ်နိုင်ငံအား အာဆီယံ၏ တင်းပြည့်ဆွေးနွေးဖက်နိုင်ငံအဖြစ် အသိအမှတ်ပြုခဲ့ကြပါသည်။

တရုတ်နိုင်ငံသည် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (Treaty of Amity and Cooperation in Southeast Asia) သို့ ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် လက်မှတ်ရေးထိုးခဲ့သည့် ပထမဆုံးဆွေးနွေးဖက်နိုင်ငံဖြစ်ပါသည်။ ယင်းနှစ်၌ပင် ဘာလီမြို့တွင်ကျင်းပသည့် (၇) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၌ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးခဲ့ကြပြီး အာဆီယံနှင့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို ပထမဆုံးထူထောင်သည့် ဆွေးနွေးဖက်နိုင်ငံဖြစ်လာခဲ့ပါသည်။ နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် တရုတ်နိုင်ငံအနေဖြင့် အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းစင်ရေးဇုန်စာချုပ် (Southeast Asia Nuclear Weapon Free Zone) ၏ နောက်ဆက်တွဲစာချုပ်သို့ ပါဝင်လက်မှတ်ရေးထိုးရန် ပထမဆုံးတရားဝင်ကြေညာခဲ့သည့် ဆွေးနွေးဖက်နိုင်ငံလည်းဖြစ်ပါသည်။

၂၀၀၅ ခုနှစ်တွင် ကဏ္ဍ ၁၆ ခု၌ ဝန်ကြီးအဆင့် ပူးပေါင်းဆောင်ရွက်မှု ၁၂ ခု အပါအဝင် အဆင့်အမျိုးမျိုးတွင် ပူးပေါင်းဆောင်ရွက်မှုယန္တရား ၄၆ ခု ထူထောင်ခဲ့ခြင်းဖြင့် အာဆီယံ-တရုတ်ဆက်ဆံရေးမှာ ပိုမိုခိုင်မာလာခဲ့ပါသည်။ ထိုအချိန်မှစ၍ အာဆီယံနှင့်တရုတ်အကြား ၂၀၀၅-၂၀၁၀၊ ၂၀၁၁-၂၀၁၅၊ ၂၀၁၆-၂၀၂၀ လုပ်ငန်းစီမံချက်သုံးခုကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့ပြီး လုပ်ငန်းစီမံချက်အသစ် ၂၀၂၁-၂၀၂၅ ကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ကျင်းပသည့် အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၌ အတည်ပြုခဲ့ပါသည်။

၂၀၀၈ ခုနှစ်တွင် အာဆီယံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးကို ခန့်အပ်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ အာဆီယံဆိုင်ရာ တရုတ်အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးကို ဖွင့်လှစ်ခဲ့ပါသည်။ အာဆီယံနှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ပညာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားကဏ္ဍနှင့် သတင်းမီဒီယာကဏ္ဍတို့တွင် ချစ်ကြည်ရင်းနှီးသည့် ကူးလူးဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရန် ၂၀၁၁ ခုနှစ်တွင် အာဆီယံ-တရုတ်စင်တာကို ပေကျင်းမြို့၌ ဖွင့်လှစ်ခဲ့ပါသည်။

### အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးတွင် မြန်မာနိုင်ငံမှ ညှိနှိုင်းရေးမှူးအဖြစ်ဆောင်ရွက်ခြင်း

၂၀၂၁ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့တွင် ကျင်းပသည့် အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၌ ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူးတာဝန်ကို ဖိလစ်ပိုင်နိုင်ငံမှ မြန်မာနိုင်ငံသို့ တရားဝင်လွှဲပြောင်းခဲ့ပါသည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံသည် ညှိနှိုင်းရေးမှူးတာဝန်ကို ၂၀၂၁-၂၀၂၄ ခုနှစ်ကာလအတွက် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အာဆီယံ-တရုတ် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို အဆင့်မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၁ ခုနှစ်သည် အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး နှစ် (၃၀) ပြည့်မြောက်သည့်နှစ်ဖြစ်ရာ ထူးခြားအရေးပါသည့် နှစ်တစ်နှစ်လည်းဖြစ်ပါသည်။ ဆွေးနွေးဖက်ဆက်ဆံရေး နှစ် (၃၀) ပြည့် အထိမ်းအမှတ်အဖြစ် အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးကို ၂၀၂၁ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် တရုတ်နိုင်ငံ ချုံချင့်မြို့၌ ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသည် အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်ဆံရေးတွင် အရေးအကြီးဆုံးဖြစ်သည့် အာဆီယံ-တရုတ်ဆက်ဆံရေး၏ နှစ် (၃၀) ကာလအတွင်း ရရှိခဲ့သည့်အောင်မြင်မှုများအတွက် အထိမ်းအမှတ်ဂုဏ်ပြုခြင်းဖြစ်ကာ အနာဂတ်ကာလတွင် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများကို ထင်ဟပ်ပြသခြင်းလည်း ဖြစ်ပါသည်။

### ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးထူထောင်ခြင်း

အာဆီယံနှင့် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (Comprehensive Strategic Partnership) ထူထောင်ရန် တရုတ်နိုင်ငံသည် ပထမဆုံးကမ်းလှမ်းခဲ့သည့် ဆွေးနွေးဖက်နိုင်ငံဖြစ်ပြီး ထိုကဲ့သို့ မိတ်ဖက်ဆက်ဆံရေးအဆင့် တိုးမြှင့်လိုသည့် အခြားဆွေးနွေးဖက်နိုင်ငံများအတွက် လမ်းဖွင့်ပေးလိုက်ခြင်းပင်ဖြစ်ပါသည်။ တရုတ်နိုင်ငံမှ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဆိုပြုချက်မှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် (၂၁) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၌ ချမှတ်ခဲ့သည့် အာဆီယံ-တရုတ် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးမျှော်မှန်းချက် (၂၀၃၀) ကိုအခြေခံ၍ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ **စာမျက်နှာ ၇ သို့** ☆

> **“အာဆီယံနှင့် ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး (Comprehensive Strategic Partnership) ထူထောင်ရန် တရုတ်နိုင်ငံသည် ပထမဆုံးကမ်းလှမ်းခဲ့သည့် ဆွေးနွေးဖက်နိုင်ငံဖြစ်ပြီး ထိုကဲ့သို့ မိတ်ဖက်ဆက်ဆံရေးအဆင့် တိုးမြှင့်လိုသည့် အခြားဆွေးနွေးဖက်နိုင်ငံများအတွက် လမ်းဖွင့်ပေးလိုက်ခြင်းပင်ဖြစ်ပါသည်။ တရုတ်နိုင်ငံမှ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဆိုပြုချက်မှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် (၂၁) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၌ ချမှတ်ခဲ့သည့် အာဆီယံ-တရုတ် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးမျှော်မှန်းချက် (၂၀၃၀) ကိုအခြေခံ၍ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ ယင်းမျှော်မှန်းချက်တွင် အာဆီယံ-တရုတ် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးကို ပို၍အဆင့်မြှင့်တင်သွားရန် ဖော်ပြပါရှိ”**

☆ စာမျက်နှာ ၆ မှ

ယင်းမျှော်မှန်းချက်တွင် အာဆီယံ-တရုတ် မဟာဗျူဟာမြောက်မိတ်ဖက် ဆက်ဆံရေးကို ပို၍အဆင့်မြှင့်တင်သွားရန် ဖော်ပြပါရှိပါသည်။ အရှေ့တောင်အာရှဒေသတွင် မြန်မာနိုင်ငံ အပါအဝင် အာဆီယံအဖွဲ့ဝင် ရှစ်နိုင်ငံသည် တရုတ်နိုင်ငံနှင့် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို နှစ်နိုင်ငံချင်း ထူထောင်ထားရှိပြီးလည်း ဖြစ်ပါသည်။

ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး ထူထောင်ရန် တရုတ်နိုင်ငံ၏ အဆိုပြုချက်ကို ရရှိပြီးသည့်နောက်တွင် မြန်မာနိုင်ငံသည် ညှိနှိုင်းရေးမှူးအဖြစ် အာဆီယံနှင့်တရုတ်အကြား စေ့စပ်ညှိနှိုင်းမှုများစွာကို အကြိမ်ကြိမ်အဖန်ဖန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။ မြန်မာနိုင်ငံ၏ စေ့စပ်ညှိနှိုင်းဆောင်ရွက်ပေးမှုဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ကျင်းပခဲ့သည့် (၂၄) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၌ ထုတ်ပြန်ခဲ့သည့် အာဆီယံဥက္ကဋ္ဌ၏ ကြေညာချက်တွင် နှစ်ဖက်ဆက်ဆံရေးကို ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသို့ တိုးမြှင့်သည့် အာဆီယံ၏သဘောတူညီချက်ကို ထည့်သွင်းဖော်ပြနိုင်ခဲ့ပါသည်။ ထိုသို့ဖြင့် မြန်မာနိုင်ငံက ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်နေချိန်အတွင်း အာဆီယံ-တရုတ် ဆက်ဆံရေးကို အဓိပ္ပာယ်ပြည့်ဝပြီး ပြည့်စုံကျယ်ပြန့်၍ အပြန်အလှန်အကျိုးဖြစ်ထွန်းစေသည့် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (CSP) ကို ထူထောင်နိုင်ခဲ့ခြင်းဖြင့် မှတ်တိုင်သစ်တစ်ခုကို စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံသည် အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး နှစ် (၃၀) ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ရာတွင်လည်း အရေးကြီးသည့်အခန်းကဏ္ဍတွင်ပါဝင်ခဲ့ပြီး အဆိုပါ ထိပ်သီးအစည်းအဝေးကို ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ယင်းထိပ်သီးအစည်းအဝေးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်သည် အာဆီယံခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့ပြီး တရုတ်နိုင်ငံသမ္မတမှ အာဆီယံနှင့်ပူးတွဲသဘာပတိအဖြစ် ပထမဆုံးအကြိမ် ဆောင်ရွက်ခဲ့သည့် သမိုင်းဝင်အစည်းအဝေးတစ်ခုဖြစ်ပါသည်။ အဆိုပါ အစည်းအဝေး၏ အဓိကရလဒ်အဖြစ် အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး နှစ် (၃၀) ပြည့် အထိမ်းအမှတ်ထိပ်သီးအစည်းအဝေးပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ကာ အာဆီယံ-တရုတ် မဟာဗျူဟာမြောက် ဆက်ဆံရေးကို ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဖြစ် ပူးတွဲကြေညာနိုင်ခဲ့ပါသည်။

## တောင်တရုတ်ပင်လယ်ဆိုင်ရာကျင့်ထုံး ဆွေးနွေးပွဲများအတွက် မြန်မာနိုင်ငံမှ ညှိနှိုင်းဆောင်ရွက်ပေးခြင်း

အာဆီယံ-တရုတ်ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူး မြန်မာနိုင်ငံ၏ နောက်ထပ်အရေးပါသည့် ကဏ္ဍတစ်ခုမှာ အာဆီယံ-တရုတ်ဆက်ဆံရေး၏ အဓိကကိစ္စရပ်ဖြစ်သော တောင်တရုတ်ပင်လယ်ဆိုင်ရာကျင့်ထုံး (Code of Conduct of Parties in the South China Sea – COC) ဆွေးနွေးပွဲများအတွက် စေ့စပ်ညှိနှိုင်းပေးသူအဖြစ်လည်းကောင်း၊ အာဆီယံဘက်မှ ပူးတွဲဥက္ကဋ္ဌအဖြစ် လည်းကောင်း ဆောင်ရွက်ပေးရခြင်းဖြစ်ပါသည်။ တောင်တရုတ်ပင်လယ်အတွင်း နယ်မြေအငြင်းပွားမှုရှိသည့် နိုင်ငံမဟုတ်သော်ငြား မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် အထူးအလေးထားသည့်နိုင်ငံတစ်ခု ဖြစ်ပါသည်။

တောင်တရုတ်ပင်လယ်တွင် နိုင်ငံများလိုက်နာရမည့် လုပ်ထုံးလုပ်နည်းဆိုင်ရာကြေညာစာတမ်း (Declaration on the Conduct of Parties in the South China Sea – DOC) အကောင်အထည်ဖော်ခြင်းဆိုင်ရာ အာဆီယံ-တရုတ် ပူးတွဲလုပ်ငန်းအဖွဲ့၏ (၃၃) ကြိမ်မြောက်၊ (၃၄) ကြိမ်မြောက်နှင့် (၃၅) ကြိမ်မြောက် အွန်လိုင်းအစည်းအဝေးများကို ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁၄ ရက်မှ ၁၅ ရက်အထိ လည်းကောင်း၊ နိုဝင်ဘာလ ၁၀ ရက်မှ ၁၁ ရက်အထိ လည်းကောင်း၊ ၂၀၂၂ ခုနှစ် မတ်လ ၈ ရက်မှ ၉ ရက်အထိလည်းကောင်း ကျင်းပခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့တွင် ၂၀၂၂ ခုနှစ် မေလ ၂၅ ရက်မှ ၂၇ ရက်အထိ လူကိုယ်တိုင်တက်ရောက်ရသည့် အစည်းအဝေးကိုလည်း မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ်ဆောင်ရွက်ခဲ့ကြပါသည်။

ယင်းအစည်းအဝေးများတွင် ခေါင်းဆောင်များ၏ တောင်တရုတ်ပင်လယ်ဆိုင်ရာ ကျင့်ထုံးဆွေးနွေးမှုများ အရှိန်အဟုန်မြှင့်တင်ရေး ရည်မှန်းချက်နှင့်အညီ တောင်တရုတ်ပင်လယ်ဆိုင်ရာကျင့်ထုံး၏ တစ်ခုတည်းသော ညှိနှိုင်းစာသားမူကြမ်း ဒုတိယအကြိမ်သုံးသပ်ဆွေးနွေးခြင်းကို ၂၀၂၂ ခုနှစ်ကုန်တွင် အပြီးသတ်ဆောင်ရွက်ရန် အလေးထားဆွေးနွေးခဲ့ကြပါသည်။ နှစ်ဖက်စလုံးမှ တောင်တရုတ်ပင်လယ်တွင် နိုင်ငံများလိုက်နာရမည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြေညာစာတမ်း (DOC) အား ပြည့်ဝထိရောက်စွာ အကောင်အထည်ဖော်ခြင်းနှင့် တောင်တရုတ်ပင်လယ်ဆိုင်ရာကျင့်ထုံး (COC) ကို ၁၉၈၂ ခုနှစ် ပင်လယ်ပြင်ဥပဒေဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းအပါအဝင် အပြည်ပြည်ဆိုင်ရာဥပဒေများနှင့်အညီ ထိရောက်စွာညှိနှိုင်းရေးဆွဲရာ၌ ဖြစ်ပေါ်တိုးတက်မှု ရလဒ်ကောင်းများအပေါ် ဂုဏ်ပြုချီးကျူးခဲ့ကြပါသည်။ (၃၇) ကြိမ်မြောက် တောင်တရုတ်ပင်လယ် DOC ဆိုင်ရာ အာဆီယံ-တရုတ် ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ယခုနှစ် ဩဂုတ်လကုန်ပိုင်း၌ ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေအပေါ်မူတည်၍ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားရန် လျာထားဆောင်ရွက်လျက်ရှိပါသည်။

## မြန်မာနိုင်ငံမှ ညှိနှိုင်းရေးမှူးအဖြစ် တာဝန်ယူစဉ် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ

ယခင်နှစ်က ကျင်းပခဲ့သော အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးများ၏ ရလဒ်များအား ဆက်လက်အကောင်အထည်ဖော်ခြင်းနှင့် ယခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် (၂၅) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးအကြို ပြင်ဆင်မှုများအတွက် ညှိနှိုင်းရေးမှူးဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၂ ခုနှစ် အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးအတွက် အဓိကရည်မှန်းချက် ငါးခုကို ချမှတ်ထားရှိပြီး ၎င်းတို့မှာ အာဆီယံ-တရုတ် ဘက်စုံမဟာဗျူဟာမြောက် ဆက်ဆံရေးကို အကောင်အထည်ဖော်နိုင်ရန် လက်ရှိလုပ်ငန်းအစီအစဉ်ကို အဆင့်မြှင့်တင်ရေးဆွဲခြင်း၊ တောင်တရုတ်ပင်လယ်တွင် နိုင်ငံများလိုက်နာရမည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြေညာစာတမ်း (DOC) နှစ် (၂၀) ပြည့်အထိမ်းအမှတ် ပူးတွဲကြေညာချက် ထုတ်ပြန်ခြင်း၊ အာဆီယံ-တရုတ် ဘုံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကြေညာချက်ထုတ်ပြန်ခြင်း၊ အစားအစာလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကြေညာချက်ထုတ်ပြန်ခြင်းနှင့် အာဆီယံအသိုက်အဝန်း ထူထောင်မှုနှင့် ပေါင်းစည်းမှုအတွက် အထောက်အကူပြုနိုင်ရန် အာဆီယံ-တရုတ် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချုပ်ကို ချုပ်ဆိုခြင်းတို့ဖြစ်ပါသည်။

## စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားလျက်ရှိသော်လည်း အာဆီယံနှင့် တရုတ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးကဏ္ဍတွင် ဆက်လက်တိုးတက်လျက်ရှိရာ အာဆီယံ-တရုတ်ဆက်ဆံရေး၏ ဘက်စုံဖွံ့ဖြိုးမှုနှင့် အလားအလာကောင်းများမှာ ပေါ်လွင်လျက်ရှိပါသည်။ နှစ်ဖက်အကြား ကုန်သွယ်မှုပမာဏအနေဖြင့် ၁၉၉၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံခန့်သာရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ၆၈၄ ဒသမ ၆ ဘီလီယံအထိ မြင့်တက်လာရာ အဆ ၈၀ ကျော် မြင့်မားလာသည်ဟု ဆိုရမည်ဖြစ်ပါသည်။ ထို့အပြင်အာဆီယံ-တရုတ် အပြန်အလှန်ကုန်သွယ်မှုမှာ ၂၀၂၀ ပြည့်နှစ်မှစ၍ အမြင့်မားဆုံးရောက်ရှိလာခဲ့ပါသည်။

တရုတ်နိုင်ငံသည် အာဆီယံနှင့် လွတ်လပ်သောကုန်သွယ်မှုဇရိယာ ထူထောင်ရန် ၂၀၀၂ ခုနှစ်တွင် ပထမဦးဆုံးစတင်ဆွေးနွေးခဲ့သော ဆွေးနွေးဖက်နိုင်ငံဖြစ်ပါသည်။ ယခုအခါ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်ကို ဒစ်ဂျစ်တယ်စနစ်ပြောင်းလဲခြင်း၊ 4th Industrial Revolution၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု၊ စားသုံးသူကာကွယ်ခြင်းနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပေါ်ထွက်လာသည့် နည်းပညာသစ်များနှင့် ကိုက်ညီမှုရှိစေရန်အတွက် အဆင့်မြှင့်တင်သွားရေးကို ဦးတည်ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါသည်။

ထို့အပြင် တရုတ်နိုင်ငံသည် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (Regional Comprehensive Economic Partnership – RCEP) သို့ ပထမဆုံးလက်ခံအတည်ပြုသည့် RCEP အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ယင်းစာချုပ်မှာ ကမ္ဘာ့အကြီးဆုံး လွတ်လပ်သောကုန်သွယ်မှုစာချုပ်ဖြစ်၍ ကမ္ဘာ့လူဦးရေ သန်း ၃၈၀၀ ကျော်နှင့် ကမ္ဘာ့ GDP ၏ သုံးပုံတစ်ပုံကို လွှမ်းခြုံထားပါသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့သော RCEP စာချုပ်၏ အကျိုးကျေးဇူးအနေဖြင့် အာဆီယံနိုင်ငံများမှာ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံများနှင့် ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ရာ ဒေသတွင်းနှင့် ဒေသပြင်ပရှိ ပြည်သူများအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်စေမည်မှာ မလွဲကေန်ပင်ဖြစ်ပါသည်။

## ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံခြင်း

ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုများရှိသော်လည်း အာဆီယံနှင့် တရုတ်နိုင်ငံအကြား ပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံမှုနှင့် ယဉ်ကျေးမှုဖလှယ်မှုများမှာ အရှိန်မပြတ်ရှိနေဆဲပင်ဖြစ်ပါသည်။ နှစ်ဖက် အပြန်အလှန်လည်ပတ်မှုများအဖြစ် ၂၀၁၉ ခုနှစ်တွင် ၆၅ သန်းကျော်အထိရှိခဲ့ပြီး အရှေ့တောင်အာရှနိုင်ငံများနှင့် တရုတ်နိုင်ငံအကြား အပတ်စဉ်လေကြောင်းလိုင်းပေါင်း ၄၅၀၀ ခန့်ရှိပါသည်။ အာဆီယံနှင့် တရုတ်နိုင်ငံရှိ ကျောင်းသားပေါင်း ၂၀၀၀၀၀ ကျော် အပြန်အလှန်လေ့လာသင်ကြားလျက်ရှိပြီး ညီအစ်မမြို့တော်ပေါင်း ၂၀၀ ကျော်ကိုလည်း ထူထောင်ထားရှိပြီးဖြစ်ပါသည်။

လူငယ်များကို စွမ်းရည်မြှင့်တင်ပေးခြင်းနှင့် ကျွမ်းကျင်မှုပညာများ ပံ့ပိုးပေးခြင်းဖြင့် ဒေသတွင်း တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည်တွင် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ၂၀၂၂ ခုနှစ်ကို အာဆီယံ-တရုတ်လူငယ်နှစ်အဖြစ် သတ်မှတ်ရေးအတွက် တရုတ်နိုင်ငံဘက်မှ အဆိုပြုထားပြီး အာဆီယံလူငယ်များနှင့်ပတ်သက်သည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အစီအစဉ်များကို တရုတ်နိုင်ငံဘက်မှ အဆိုပြုထားပါသည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍသည် နယ်ပယ်များစွာကို လွှမ်းခြုံနိုင်သည်ဖြစ်ရာ ၂၀၂၂ ခုနှစ်ကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရေးနှစ်အဖြစ် တရုတ်နိုင်ငံမှ အဆိုပြုထားပြီး ကာဗွန်လျှော့ချပြောင်းလဲခြင်းကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် စက်မှုလုပ်ငန်းများမြှင့်တင်ခြင်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၀၁၉ ခုနှစ်တွင် တရားဝင်ကြေညာခဲ့သော အာဆီယံ-တရုတ် လူငယ်ခေါင်းဆောင်များ ပညာသင်ဆု (ASEAN–China Young Leaders Scholarship – ACYLS) အစီအစဉ်မှာ လူငယ်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်သည့် အကျိုးကျေးဇူးအပြင် နှစ်ဖက်ပြည်သူများအကြား နားလည်မှု၊ ရင်းနှီးမှုနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများအား အပြန်အလှန်လေးစားမှုတို့ကိုလည်း တိုးမြှင့်လာစေမည်ဖြစ်ပါသည်။ ယင်းအစီအစဉ်ကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့အခြေစိုက် အာဆီယံဆိုင်ရာတရုတ်နိုင်ငံအဖွဲ့ရုံး၊ ညှိနှိုင်းရေးမှူးတာဝန်ခံဖြစ်သည့် အာဆီယံဆိုင်ရာမြန်မာအဖွဲ့ရုံးနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့က ပူးတွဲအကောင်အထည်ဖော်လျက်ရှိပါသည်။ ACYLS ပညာသင်ဆုအစီအစဉ်က အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့မှ အရည်အချင်းပြည့်မီသည့် လူငယ်များကို ပညာသင်ဆုကြေးနှင့် အခြားအထောက်အပံ့များကို နှစ်စဉ်ပေးအပ်လျက်ရှိပါသည်။ ၂၀၂၂ ခုနှစ် ACYLS ပညာသင်ဆုအစီအစဉ်အတွက် အာဆီယံနိုင်ငံများမှ အရည်အချင်းပြည့်မီသည့် ကျောင်းသားလူငယ် စုစုပေါင်း ၇၂ ဦးအား မဟာဘွဲ့၊ ပါရဂူဘွဲ့နှင့် သုတေသနပညာသင်ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

စာမျက်နှာ ၈ သို့ ❍

> ❝ ယနေ့အချိန်တွင် အာဆီယံ-တရုတ်ဆက်ဆံရေးသည် ဘက်စုံမဟာဗျူဟာမြောက်ဆွေးနွေးဖက်ဆက်ဆံရေး (CSP) ထူထောင်မှုမှတစ်ဆင့် အခွင့်အလမ်းသစ်များ၊ မျှော်မှန်းချက်အသစ်များနှင့် ခေတ်သစ်တစ်ခုဆီသို့ ခြေလှမ်းချနေပြီဟု ဆိုရမည်ဖြစ်ပေသည်။ အာဆီယံ-တရုတ် ဘက်စုံမဟာဗျူဟာမြောက် ဆွေးနွေးဖက်ဆက်ဆံရေးမူဘောင်အား အကောင်အထည်ဖော်ခြင်းနှင့်အတူ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသအား တိုးမြှင့်အကောင်အထည်ဖော်ခြင်း၊ … စသည့် နယ်ပယ်ကဏ္ဍစုံ၌ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်နှင့် မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ နှစ်ဖက်စလုံးမှ ယင်းအခွင့်အလမ်းကို အမိအရဆုပ်ကိုင်၍ ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာများ ချမှတ်ပြီး အာဆီယံ-တရုတ် ပိုမိုနက်ရှိုင်းသော ဆက်ဆံရေးမှတစ်ဆင့် နယ်ပယ်စုံ၊ ကဏ္ဍစုံ၌ အလွှာပေါင်းစုံဆက်ဆံရေးကို တိုးမြှင့်ဖော်ဆောင်သွားကြရမည် ❞

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဩဂုတ် ၆**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော ပဲခူးတိုင်းဒေသကြီး ပြည်မြို့မှ PDF အဖွဲ့ဝင်များကို ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ ထပ်မံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ နယ်မြေခံတပ်ရင်း ခန်းမ၌ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ပြည်တပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

**ရှင်းလင်းဆွေးနွေး**

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို



ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ပြည်မြို့မှ PDF အဖွဲ့ဝင် အမျိုးသားငါးဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပြီး ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

**ပြည်သူ့ဘဝသို့ပြန်လည်ဝင်ရောက်**

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❍ စာမျက်နှာ ၇ မှ

ထို့အပြင် တရုတ်နိုင်ငံဘက်မှ ပညာသင်ဆုများနှင့် အပြန်အလှန်ဖလှယ်ရေးအစီအစဉ်များကို ထပ်မံတိုးမြှင့်၍ ပေးအပ်သွားမည်ဟု အားတက်ဖွယ်သိရှိရပါသည်။

အာဆီယံ၏ ပေါင်းစပ်ဆက်သွယ်မှုမဟာစီမံချက် (၂၀၂၅) နှင့် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းအား ပေါင်းစည်းဖော်ဆောင်မှုဖြင့် စီမံကိန်းများစွာကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပြီး ဒေသတွင်း ပေါင်းစည်းဆက်သွယ်မှုနှင့် ပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံမှုတို့ကို ပိုမိုထိရောက်စွာ အကျိုးပြုနိုင်မည်ဖြစ်ပါသည်။ ကပ်ရောဂါအလွန်ကာလ၌ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးလုပ်ငန်းများအတွက် ခရီးသွားလာမှုမြှင့်တင်ရေးအစီအစဉ်ကို အာဆီယံနှင့် တရုတ်နိုင်ငံတို့ မကြာမီဆွေးနွေးသွားကြမည် ဖြစ်ပါသည်။

### အာဆီယံ-တရုတ် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း

အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်ရေး၏ နောက်ထပ်ခိုင်မာသည့် အုတ်မြစ်တစ်ခုမှာ ကပ်ရောဂါကာကွယ်ရေးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်ခြင်းကဏ္ဍများ၌ နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိခြင်းပင် ဖြစ်ပါသည်။ တရုတ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ် ဧပြီလ၌ ထုထောင်ခဲ့သော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အာဆီယံတုံ့ပြန်ရေးရန်ပုံငွေသို့ အမေရိကန်ဒေါ်လာ တစ်သန်းကို ပထမဆုံးထည့်ဝင်ခဲ့သည့် မိတ်ဖက်နိုင်ငံတစ်ခုဖြစ်ပြီး ယနေ့အထိ အဆိုပါရန်ပုံငွေသို့ အမေရိကန်ဒေါ်လာ ခြောက်သန်းတိတိ ထည့်ဝင်လှူဒါန်းပြီးဖြစ်ပါသည်။ အာဆီယံနိုင်ငံများသို့ တရုတ်နိုင်ငံက အရေးပေါ်ဆေးပစ္စည်းများ ထောက်ပံ့ပေးခြင်းအပါအဝင် ဆေးပညာရှင်အဖွဲ့များစေလွှတ်ပေးခြင်းနှင့် ရောဂါရှာဖွေစမ်းသပ်မှုဓာတ်ခွဲခန်းများ တည်ဆောက်ပေးခြင်းတို့ကိုလည်း ကူညီပံ့ပိုးပေးလျက်ရှိပါသည်။ မိတ်ဆွေအာဆီယံနိုင်ငံများ အခက်အခဲကြုံနေစဉ်ကာလအတွင်း တရုတ်နိုင်ငံက ကာကွယ်ဆေးစုစုပေါင်း သန်း ၆၀၀ ကျော် ထောက်ပံ့ခဲ့ခြင်းမှာ နှစ်ဖက်အကြားခိုင်မာသည့်ဆက်ဆံရေးနှင့် အိမ်နီးချင်းကောင်းပီသမှုတို့ကို ပြသလျက်ရှိပါသည်။ တရုတ်နိုင်ငံက အာဆီယံ၏ ကပ်ရောဂါအလွန်ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များဖြစ်သည့် ပြည်သူ့ကျန်းမာရေး အရေးပေါ်ပြင်ဆင်ရေးအစီအစဉ် (Program on Public Health Emergency Preparedness Capacity – PROMPT) နှင့် အာဆီယံ ဘက်စုံပြန်လည်ထူထောင်ရေးမူဘောင် (ASEAN Comprehensive Recovery Framework–ACRF) တို့မှတစ်ဆင့် အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ကာကွယ်ဆေးသုတေသနနှင့် ထုတ်လုပ်မှုကဏ္ဍတွင် ထိပ်တန်းနိုင်ငံတစ်ခုဖြစ်သည့် တရုတ်နိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့် ကာကွယ်ဆေးထိရောက်မှုအား စောင့်ကြည့်လေ့လာခြင်း၊ ကာကွယ်ဆေးသုတေသနပြုခြင်းနှင့် ထုတ်လုပ်မှုကဏ္ဍများ၌လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ အိမ်နီးချင်းမိတ်ဆွေကောင်း တရုတ်နိုင်ငံက မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် ဆေးပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိရာ Myancopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ပြည်တွင်း၌ ထုတ်လုပ်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။ Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sinopharm China National Biotec Group (Sinopharm CNBG) နှင့်ပူးပေါင်း၍ စက်မှုဝန်ကြီးဌာန မြန်မာနိုင်ငံဆေးဝါးစက်ရုံတွင် Ready to Fill (RTF) စနစ်ဖြင့် ၂၀၂၂ ခုနှစ် ဧပြီလမှ စတင်ထုတ်လုပ်နိုင်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ် ဇူလိုင်လအထိ Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လေးသန်းကျော်အား ပြည်တွင်း၌ပင် အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ပြီး နိုင်ငံတစ်ဝန်း၌ တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိနေပြီဖြစ်ပါသည်။

ယင်းကာကွယ်ဆေးကို အသက်(၅) နှစ်အရွယ်မှ စတင်ထိုးနှံနိုင်ပြီး ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များကိုပါ ဘေးကင်းစိတ်ချစွာ ထိုးနှံနိုင်သည့်အပြင် အသက် (၁၈) နှစ်နှင့်အထက် ပြည်သူများကို ထပ်ဆောင်းကာကွယ်ဆေး (Booster Dose) အဖြစ်လည်း ဘေးကင်းစိတ်ချစွာအသုံးပြု ထိုးနှံနိုင်ကြောင်း လေ့လာသိရှိရပါသည်။ Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ပြည်တွင်း၌ အောင်မြင်စွာ စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ခြင်းအားဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် များစွာအထောက်အကူပြုလျက်ရှိပြီး အိမ်နီးချင်းမိတ်ဆွေကောင်းများဖြစ်သော မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုကို အလေးအနက်ပေါ်လွင်ထင်ဟပ်လျက်ရှိနေပါသည်။

### ပိုမိုနက်ရှိုင်းသော ပူးပေါင်းဆောင်ရွက်မှုဆီသို့

ယနေ့အချိန်တွင် အာဆီယံ-တရုတ်ဆက်ဆံရေးသည် ဘက်စုံမဟာဗျူဟာမြောက်ဆွေးနွေးဖက်ဆက်ဆံရေး (CSP) ထူထောင်မှုမှတစ်ဆင့် အခွင့်အလမ်းသစ်များ၊ မျှော်မှန်းချက်အသစ်များနှင့် ခေတ်သစ်တစ်ခုဆီသို့ ခြေလှမ်းချနေပြီဟု ဆိုရမည်ဖြစ်ပေသည်။ အာဆီယံ-တရုတ် ဘက်စုံမဟာဗျူဟာမြောက် ဆွေးနွေးဖက်ဆက်ဆံရေးမူဘောင်အား အကောင်အထည်ဖော်ခြင်းနှင့်အတူ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဧရိယာအား တိုးမြှင့်အကောင်အထည်ဖော်ခြင်း၊ ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (RCEP) အား ထိရောက်စွာအကောင်အထည်ဖော်ခြင်း၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ ဆိုက်ဘာလုံခြုံရေး၊ ကုန်းကြောင်း-လေကြောင်း-ရေကြောင်းကဏ္ဍများမှ ပေါင်းစပ်ဆက်သွယ်မှုတိုးမြှင့်ရေး၊ သန့်စင်စွမ်းအင်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့်နယ်ပယ်ကဏ္ဍစုံ၌ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်နှင့် မြှင့်တင်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ နှစ်ဖက်စလုံးမှ ယင်းအခွင့်အလမ်းကို အမိအရဆုပ်ကိုင်၍ ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာများ ချမှတ်ပြီး အာဆီယံ-တရုတ် ပိုမိုနက်ရှိုင်းသော ဆက်ဆံရေးမှတစ်ဆင့် နယ်ပယ်စုံ၊ ကဏ္ဍစုံ၌ အလွှာပေါင်းစုံဆက်ဆံရေးကို တိုးမြှင့်ဖော်ဆောင်သွားကြရမည် ဖြစ်ပေသည်။

အာဆီယံ-တရုတ်ဆက်ဆံရေး၏ အနှစ် (၃၀) ခရီး၌ စစ်မှန်သည့် အိမ်နီးချင်းကောင်းပီသမှု၊ အပြန်အလှန်လေးစားယုံကြည်မှု၊ အပြန်အလှန် ထောက်ခံပံ့ပိုးမှုနှင့် အကျိုးကျေးဇူးဖြစ်ထွန်းမှုတို့ကို လက်တွေ့ရရှိခံစားခဲ့ကြပြီးဖြစ်ပါသည်။ အတိတ်ကာလ၏ အောင်မြင်မှုများအပေါ် ထပ်ဆင့်အခြေခံပြီး သာယာလှပသည့် အနာဂတ်ရှုမြင်ကွင်းဆီ လက်တွဲညီညီဖြင့် လှမ်းချီနေသည့် ယခုကဲ့သို့ သမိုင်းဝင်အချိန်ကာလတွင် မြန်မာနိုင်ငံမှ အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးအတွက် အာဆီယံ၏ညှိနှိုင်းရေးမှူးနိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်ရသည်မှာ ဂုဏ်ယူဖွယ်အတိပင်ဖြစ်ပေသည်။ အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးညှိနှိုင်းရေးမှူး မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းဖြစ်သည့် အားလျော်စွာ အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးကို ပိုမိုမြင့်မား၍ ပိုမိုနက်ရှိုင်းသည့် ပူးပေါင်းဆောင်ရွက်မှုဆီသို့ ဦးတည်လျက် မမှိတ်မသုန် ကြိုးပမ်းဆောင်ရွက်သွားမည်သာဖြစ်ကြောင်း အာဆီယံနေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုရေးသားဖော်ပြလိုက်ရပါသည်။

**ကျမ်းကိုးစာရင်း**

- ASEAN–China Strategic Partnership Vision 2030, November 14, 2018
- Overview of ASEAN–China Dialogue Relations, as of 24 November 2021
- Concept Paper on Establishment of Comprehensive Strategic Partnership between ASEAN and China
- Chairman's statement of the 24th ASEAN–China Summit
- First Progress Report on the Implementation of the Plan of Action to Implement the Joint Declaration on ASEAN–China Strategic Partnership for Peace and Prosperity (2021–2025)
- ASEAN–China Joint Statement on Enhancing Green and Sustainable Development Cooperation
- ASEAN–China Joint Statement on Cooperation in Support of the ASEAN Comprehensive Recovery Framework
- Joint Statement of the ASEAN–China Special Summit to Commemorate the 30th Anniversary of ASEAN–China Dialogue Relations: Comprehensive Strategic Partnership for Peace, Security, Prosperity and Sustainable Development
- Co–Chairs' Statement on the Special ASEAN–China Foreign Ministers' Meeting in Celebration of the 30th Anniversary of the Dialogue Relations
- Declaration on the Conduct of Parties in the South China Sea, 4 November 2002
- Joint Declaration of the Heads of State/Government of ASEAN and the People's Republic of China on Strategic Partnership for Peace and Prosperity, 8 October 2003
- Framework Agreement on Comprehensive Economic Co–Operation Between ASEAN and the People's Republic of China Phnom Penh, 4 November 2002
- Memorandum of Understanding between the Governments of the Member Countries of ASEAN and the Government of the People's Republic of China on Cultural Cooperation, 3 August 2005
- ASEAN, China reaffirm commitment to strong partnership, Press Release, April 5, 2022

■

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကိုဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

## တိုင်းဒေသကြီးအဆင့် ဝါခေါင်လ ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာ(လက်ချည်ပွဲ)အခမ်းအနား ကျင်းပ

**ညောင်တုန်း ဩဂုတ် ၆**

ဧရာဝတီ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနနှင့် ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းတို့ ပူးပေါင်း၍ တိုင်းဒေသကြီးအဆင့် ဝါခေါင်လ ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာ(လက်ချည်ပွဲ) အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ညောင်တုန်းမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး တင်ဇော်ထွန်း၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ကရင်ရိုးရာဒုံးယိမ်းအကဖြင့် ဧည့်ခံကြိုဆိုပြီး တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်က မင်္ဂလာဖားစည် ကိုးချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

**အမှာစကားပြောကြား**

ဆက်လက်၍ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်က အဖွင့်အမှာစကား ပြောကြား၍ တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောလင်းခယ်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားခဲ့ပြီး ကရင်တိုင်းရင်းသားများကိုယ်စား တိုင်းဒေသကြီး ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း ဒုတိယဥက္ကဋ္ဌ မန်းသိန်းကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**သီဆိုရုပ်သိမ်းခဲ့**

ထို့နောက် ပန်းတနော်မြို့နယ် ကရင်တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုအသင်း အတွင်းရေးမှူး မန်းအောင်ကိုလတ်က ဝါခေါင်လ ကရင်ရိုးရာချည်ဖြူဖွဲ့ခြင်းအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြား၍ ချည်ဖြူဖွဲ့မင်္ဂလာ ကျင်းပပြီး အခမ်းအနားကို ကရင်အမျိုးသားသီချင်းဖြင့် သီဆိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်ဆက်)**

## နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများအတွက် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ စားအုန်းဆီများရောင်းချပေး

**နေပြည်တော် ဩဂုတ် ၆**

နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် မိသားစုများအတွက် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် စားသုံးသူရေးရာဦးစီးဌာနက ကြီးကြပ်ကာ အရည်အသွေးမီ စားအုန်းဆီများကို ယနေ့နံနက်ပိုင်းက လာရောက်ရောင်းချပေးသည်။

အဆိုပါ စားအုန်းဆီများကိုတစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ နှုန်းဖြင့် စုစုပေါင်း ဆီပိဿာ ၆၈၀ ကျော်ကို MRTV မှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် ရောင်းချပေးသကဲ့သို့ တပ်ကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် ပြည်သူများ အရည်အသွေးမီ စားအုန်းဆီများ ဈေးနှုန်းမှန်ကန်ချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## သန့်ရှင်းသာယာသော မြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၆**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိကြသည်။





နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အခြေခံပညာမူလတန်းကျောင်းခွဲ(ကြို့ပင်ဆိပ်)အား သန့်ရှင်းရေးမဆောင်ရွက်မီ(ဝဲ)နှင့် သန့်ရှင်းရေးဆောင်ရွက်ပြီးစီးမှု(ယာ)ကို တွေ့ရစဉ်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ် ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အပါအဝင် မြို့နယ် သုံးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အပါအဝင် မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ အပါအဝင် မြို့နယ် သုံးမြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ မြို့နယ် ၁၄ မြို့နယ်၊ အနောက်ပိုင်းခရိုင်ရှိ မြို့နယ် ၁၂ မြို့နယ်၊ တောင်ပိုင်းခရိုင်ရှိ မြို့နယ် ၁၀ မြို့နယ်၊ မြောက်ပိုင်းခရိုင်ရှိ မြို့နယ်ကိုးမြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ အပါအဝင် မြို့နယ် ၁၂ မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အပါအဝင် မြို့နယ်ရှစ်မြို့နယ်၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်နှင့် ချင်းပြည်နယ် မတူပီမြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိမြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာတွင် လူပြောများနေသည့် အကြမ်းဖက်သမားလေးယောက်ကို ၎င်းတို့နှင့်ထိုက်သင့်သည့်အပြစ်ဒဏ် ဘာကြောင့်ပေးရသလဲ

မောင်မျိုးအောင်(ပန်းရော)
ဝဏ္ဏ(TGI)

(ယမန်နေ့မှအဆက်)

ပြစ်မှု ကျူးလွန်ခဲ့သည့် မောင်ကျော်(ခ)ဖြိုးဇေယျာသော်အား ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် လက်နက်သုံးလက်၊ ကျည် ၁၂၀ ကျော်နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။ ဆက်လက်၍ ၎င်း၏ထွက်ဆိုချက်အရ လက်နက်မျိုးစုံ ၁၇၈ လက်နှင့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများအား ထပ်မံသိမ်းဆည်းရမိခဲ့သည်။ အကြမ်းဖက်လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် တရားခံ ကျား ၂၄၇ ဦး၊ မ ၄၆ ဦး၊ ပေါင်း ၂၉၃ ဦးတို့အား လက်လုပ်သေနတ် အပါအဝင် လက်နက် မျိုးစုံ ၄၀၀ လက်၊ လက်လုပ်စိန်ပြောင်း ၆ လက်၊ ကျည်အိမ်မျိုးစုံ ၁၈၈၁၀ တောင့်၊ ဗုံးသီး၊ မိုင်း၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်း၊ လက်လုပ်စိန်ပြောင်း ဗုံးသီးစသည့် ဖောက်ခွဲရေး ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းမျိုးစုံ၊ ဆက်သွယ်ရေး စကားပြောစက်၊ စိတ်ကြွရူးသွပ်ဆေးများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့အပေါ်ချမှတ်ခဲ့သည့် တရားစီရင်ချက်မှာ ပြစ်မှုကျူးလွန်သူများအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်ဖြစ်ခြင်းနှင့် နိုင်ငံရေးအတိုက်အခံပြုခြင်းကြောင့် မဟုတ်ဘဲ အကြမ်းဖက်မှုဆိုင်ရာ တည်ဆဲဥပဒေများကိုဖောက်ဖျက်ကျူးလွန်ခဲ့ခြင်းကြောင့်သာ ဖြစ်ပါသည်။ အကြမ်းဖက်တိုက်ခိုက်၊ လူသတ်ခြိမ်းခြောက်မှုလုပ်ဆောင်ခဲ့သည်များကို မမြင်ဟန်ပြု၍ ပါတီဟူသောတံဆိပ်၊ ထင်ပေါ်ကျော်ကြားခြင်းဟူသော လက္ခဏာတို့ကို အထူးပြုကာ မဖြစ်သင့်ဟု ဆိုနေခြင်းမှာ ဖြစ်သင့်ဖြစ်ထိုက်သည့်အဖြေ မဟုတ်နိုင်ပါ။

**တာဝန်မဲ့ထုတ်ပြန်ပြောကြားချက်များ**

အနောက်နိုင်ငံများနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးတို့မှ ၎င်းတို့လုပ်ရပ်အပေါ် ကာကွယ်၍ တာဝန်မဲ့ထုတ်ပြန်ပြောကြားချက်များသည် အပြစ်မဲ့ပြည်သူအများအပြား သေကျေဒဏ်ရာရစေပြီး အစိုးရနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦနှင့် ပစ္စည်းကို ပျက်စီးစေသည့် မတရားအသင်းနှင့် အကြမ်းဖက်အဖွဲ့များဖြစ်သော NUG၊ CRPH နှင့် PDF တို့၏ ဆက်လက်ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်တိုက်ခိုက်မှုများကို လျစ်လျူရှုခြင်း ဖြစ်ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်အချို့၊ ယခင် အစိုးရအဖွဲ့ဝင်ဟောင်းများနှင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲဝင်ခဲ့သည့်လွှတ်တော်ကိုယ်စားလှယ်ဟောင်း အချို့တို့မှာ ယခုအထိ တရားဥပဒေဘောင်အတွင်း မြန်မာနိုင်ငံ၌ လွတ်လပ်စွာ နေထိုင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ၎င်းတို့အား စီရင်ချက်ချမှတ်ခြင်းမှာ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် တစ်ဖက်သတ်စီရင်ချက်ချမှတ်ခဲ့ခြင်းမဟုတ်ဘဲ အပြစ်မဲ့ပြည်သူများ အများအပြား သေကျေ ဒဏ်ရာရစေခဲ့သည့် ရာဇဝတ်မှုနှင့် အကြမ်းဖက်ပြစ်မှုများ ကျူးလွန်ခဲ့ခြင်းကြောင့်သာ ဖြစ်ပါသည်။

အကြမ်းဖက် ပြစ်ဒဏ်ကျူးလွန်ခဲ့သည့်ဖြိုးဇေယျာသော်၊ ကျော်မင်းယု အပါအဝင် ပုဂ္ဂိုလ်အချို့ကျူးလွန်ခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများမှာ တရားဥပဒေစိုးမိုး၍ ငြိမ်းချမ်းတည်ငြိမ်ကောင်းမွန်သော လူမှုစီးပွားပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးလျက်ရှိသည့် မြန်မာနိုင်ငံအစိုးရ၏ကြိုးပမ်းအားထုတ်မှုများအပေါ် ကြီးမားသည့် အနှောင့်အယှက်အဟန့်အတားများ ဖြစ်စေသည့်အပြင် ပြည်သူလူထုအပေါ် တိုက်ရိုက်ခြိမ်းခြောက် အကြမ်းဖက်ခြင်းလည်း ဖြစ်ပါသည်။


ဤအပိုင်းတွင် နှိုင်းယှဉ်စဉ်းစားဖွယ်အကြောင်းအရာ အချို့ကိုလည်း ထုတ်နုတ်တင်ပြလိုပါသည်။ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် Parkland ရှိ အထက်တန်းကျောင်း တစ်ကျောင်းအား ၂၀၁၈ ခုနှစ်အတွင်းက နီကိုလပ်စ်ခရစ်အမည်ရှိ သေနတ်သမားတစ်ဦးက ဝင်ရောက်ပစ်ခတ်မှုဖြစ်စဉ်ဖြစ်သည်။ ပစ်ခတ်မှုဖြစ်ပွားချိန်တွင် အသက်(၂၃)နှစ်အရွယ်ရှိ နီကိုလပ်စ်ခရစ်၏ AR-15 ရိုင်ဖယ်ဖြင့် ပစ်ခတ်မှုကြောင့် ဆရာ ဆရာမ သုံးဦး၊ ကျောင်းသား ကျောင်းသူ ၁၄ ဦး စုစုပေါင်း ၁၇ ဦးထိ သေဆုံးသည်။ ယခုမြန်မာမှ အကြမ်းဖက်သမားများကို သေဒဏ်စီရင်မှုအပေါ် ကန့်ကွက်စကားဆိုခဲ့သည့် အမေရိကန်နိုင်ငံ၏ တရားရုံးမှ မည်သို့ဆုံးဖြတ်ခဲ့ပါသနည်း။ အမှုပေါင်း ၁၇ မှုဖြင့် စွဲချက်တင်ပြီး သေဒဏ်ချမှတ်ခဲ့သည်။ ထိုသို့သော လူသတ်မှုများအပြင် မိုင်းဖောက်ခွဲဖျက်ဆီးမှု၊ လူသတ်မှုကျူးလွန်ရန် လက်နက်/ ခဲယမ်း/ ငွေကြေးထောက်ပံ့မှု အစရှိသည်တို့ကို ကျူးလွန်ခဲ့သောသူများအား မိမိနိုင်ငံတွင် ဖြစ်သည်ဆိုပါက မည်သို့ ဆုံးဖြတ်မည်လဲဟူသော အမေးစကား ပေါ်လာနိုင်ပါသည်။ Double Standard ဖြင့် ငါပြောတာမှ အမှန်၊ ငါလုပ်တာမှ အမှန်ဆိုပါက ထပ်မံရှင်းဆိုရန် မရှိပါ။

**သေဒဏ်အပြစ်ပေး**

ဆက်စပ်၍ အာရှနိုင်ငံတစ်ခုတွင်ဖြစ်ခဲ့သည့် ဖြစ်စဉ်ကိုလည်း ထပ်မံတင်ပြလိုပါသည်။ ဂျပန်နိုင်ငံအတွင်း ၂၀၀၈ ခုနှစ်က လူ ၇ ဦးအား ကုန်ကားဖြင့် တိုက်ခိုက် သတ်ဖြတ်ခဲ့သည့် တိုမိုဟီရိုကာတိုအား သေဒဏ်အပြစ်ပေးခဲ့သည်။ ဂျပန်နိုင်ငံ၏ တရားဥပဒေနှင့်အညီ လူ ၇ ဦးအား သေစေမှုအပေါ် သေဒဏ်အပြစ်ပေးခြင်းအတွက် မည်သို့ မှတ်ချက် ပြုခဲ့ကြပါသနည်း။ မည်သို့စာထုတ်ခဲ့ကြပါသနည်း။ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတကာစံနှုန်းနှင့်အညီ အခြေခံဥပဒေရှိသည်၊ ဥပဒေ၊ နည်းဥပဒေများရှိသည်။ ဥပဒေရုံး၊ တရားစီရင်ရေးရုံးတို့ရှိသည်။ အုပ်ချုပ်နေသည့် အစိုးရရှိသည်။ တို့နိုင်ငံက မကြိုက်သည့်အတွက် တို့နိုင်ငံက ခိုင်းသည့်အတိုင်း၊ ထုတ်ပြန်သည့်အတိုင်း လိုက်ပါဆောင်ရွက်ရမည်ဟု ယူဆထားပါသလော။ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်သည်ဆိုသည်ကို သတိပြုရန် လိုအပ်မည်ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၁ တွင် **"မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံဖြစ်သည်"**ဟူ၍လည်းကောင်း၊ ပုဒ်မ-၄ တွင် **"နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော် တစ်ဝန်းလုံး၌ တည်သည်"**ဟူ၍လည်းကောင်း၊ ပုဒ်မ-၁၁ တွင် **"နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြုသည်"**ဟူ၍ လည်းကောင်း အသီးသီးပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။ **စာမျက်နှာ ၁၁ သို့** ❖

ဖြိုးဇေယျာသော်၏ မှတ်စုစာအုပ်အတွင်းမှ တိုင်းပြည်နှင့်လူမျိုးအား ပျက်စီးစေရန် ချမှတ်ထားသည့် မူဝါဒ၊ လမ်းစဉ်များ



အသက်ကယ်တင်ရမည့် အောက်ဆီဂျင်အိုးများအတွင်း လူသတ်ရန် လက်နက်/ခဲယမ်းများ သိုဝှက်သယ်ဆောင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ



❖ စာမျက်နှာ ၁၀ မှ

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်သည့်အားလျော်စွာ နိုင်ငံတော်၏ အာဏာသုံးရပ်ကို မိမိနိုင်ငံသားများမှအပ အခြားမည်သူမျှ ဝင်ရောက်စွက်ဖက်ခွင့်၊ ကျင့်သုံးခွင့် မရှိပါ။ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာသည် မိမိနိုင်ငံ၊ မိမိသဘောအတိုင်းသာ ဖြစ်ပါသည်။ မိမိနိုင်ငံ၊ မိမိသဘောဆိုသည်မှာ မိမိနိုင်ငံသားများ စုစည်းပြီး မိမိသဘောအတိုင်း အာဏာ(၃)ရပ်ကို စီမံအုပ်ချုပ်ကိုင်စွဲခွင့်ရှိတာမျိုးကို အချုပ်အခြာ အာဏာပိုင်မှုဟု ခေါ်ခြင်းဖြစ်သည်။ အချို့နိုင်ငံတကာအဖွဲ့အစည်း၊ နိုင်ငံများမှ ကန့်ကွက် ထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်းတို့သည် မိမိတို့နိုင်ငံ၏ တရားစီရင်ရေးဆောင်ရွက်ချက်များကို ဝင်ရောက်စွက်ဖက်ရန် ကြိုးစားခြင်းဖြစ်ပြီး မိမိနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ကို ထိပါးခြင်းသာဖြစ်ပါသည်။ အစိုးရ၏ ရာဇဝတ်ကျင့်ထုံးနှင့်အညီ လုပ်ဆောင်နေခြင်းသည် လက်ရှိအစိုးရလက်ထက်မှသာ စတင်ရေးဆွဲပေါ်ပေါက်ခဲ့ခြင်းမဟုတ်ဘဲ အင်္ဂလိပ်လက်ထက်ကတည်းက ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ ရှေးယခင်ကတည်းက ကမ္ဘာ့နိုင်ငံရှိ လူ့အဖွဲ့အစည်းတွင်လည်း လက်ရှိပြစ်ဒဏ်ပေးမှုကဲ့သို့ ကျင့်သုံးခဲ့မှုများရှိပါသည်။

ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် သေဒဏ်ကျင့်သုံးမှုနှင့်ပတ်သက်ပြီး သေဒဏ်ပယ်ဖျက်ထားသည့် နိုင်ငံ ၁၀၈ နိုင်ငံ၊ မပယ်ဖျက်သေးဘဲ သေဒဏ်စနစ်ရှိသော်လည်း အတည်ပြုစီရင်ခြင်းမပြုသည်မှာ အနည်းဆုံး ၁၀ နှစ်ခန့်ရှိသည့် လက်တွေ့ကျင့်သုံးမှုမရှိသည့် နိုင်ငံ ၂၉ နိုင်ငံရှိသည်။ ၎င်းနိုင်ငံများမှာ အိမ်နီးချင်းလာအိုနိုင်ငံ၊ အရှေ့တောင်အာရှတွင် ဘရူနိုင်းနိုင်ငံတို့ ပါဝင်သည်။ သေဒဏ်ကို မပယ်ဖျက်သေးဘဲ ကျင့်သုံးနေသည့် နိုင်ငံ ၅၆ နိုင်ငံထိရှိပြီး လက်ရှိကျင့်သုံးနေသော နိုင်ငံများမှာ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အာဆီယံနိုင်ငံများတွင် အင်ဒိုနီးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အာရှနိုင်ငံများတွင် မြောက်ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် လက်ရှိကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်သော အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံ ၅၀ ကျော် ကျင့်သုံးနေသည်။

သေဒဏ်ကို အလွန်ဆိုးရွားသည့်ပြစ်မှုများအတွက်သာ ချမှတ်အတည်ပြုစီရင်သည့် နိုင်ငံ ၆ နိုင်ငံမှာ ပီရူး ၊ အစ္စရေး၊ ဘရာဇီး၊ ဘာကီနာ၊ ချီလီနှင့် ဂွါတီမာလာနိုင်ငံများဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံတွင် သေဒဏ်ကျင့်သုံးမှုအား ၂၀၁၆ ခုနှစ်မှ စတင်ပယ်ဖျက်ခဲ့သော်လည်း မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် အမှုများတွင် သေဒဏ်ကို ဆက်လက်ကျင့်သုံးလျက်ရှိပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် ၂၀၁၅ ခုနှစ်မှာ မူးယစ်မှောင်ခိုကူးမှုနှင့် ဩစတြေးလျနိုင်ငံသား ၂ ဦးကို သေဒဏ်ချမှတ်ခဲ့သည့် အနီးစပ်ဆုံးဖြစ်ရပ်ရှိခဲ့ပါသည်။ အင်ဒိုနီးရှားသမ္မတ ဝီဒိုဒိုကိုဩစတြေးလျနိုင်ငံ၊ ဘရာဇီးနိုင်ငံနှင့် ပြင်သစ်နိုင်ငံခေါင်းဆောင်များမှ ဖိအားပေးကြသည်။ အင်ဒိုသမ္မတက **“အင်ဒိုနီးရှားနိုင်ငံရဲ့ သေဒဏ် အပြစ်ပေးခွင့်အပေါ် ဘယ်သူတစ်ဦးတစ်ယောက်မှ ဝင်ရောက် မစွက်ဖက်သင့်ဘူး၊ သူ့နိုင်ငံရဲ့ လုပ်ပိုင်ခွင့်လို့”** ထုတ်ဖော်ပြောကြားခဲ့သည်။ ဆိုလိုသည်မှာ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ တရားဝင်အစိုးရတစ်ရပ်က နိုင်ငံအတွင်း ပြဋ္ဌာန်းထားသည့် ဥပဒေတစ်ရပ်အား မည်သူကမှ တားဆီးခြိမ်းခြောက်ပိုင်ခွင့်မရှိခြင်းပင် ဖြစ်ပါသည်။ အမေရိကန်နိုင်ငံ၌ ပြည်နယ်ပေါင်း ၅၀ တွင် ၂၃ ပြည်နယ်က သေဒဏ်ပယ်ဖျက်ပြီး ပြည်နယ် ၂၀ က ပယ်ဖျက်ခြင်းမပြုသေးဘဲ ၇ ပြည်နယ်ကတော့ ဆိုင်းငံ့ထားသည်ကို တွေ့ရှိရပါသည်။

လက်ရှိတွင် သေဒဏ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည့် ဂျင်မီ၊ ဖြိုးဇေယျာသော်တို့သည် အကြမ်းဖက်မှုလုပ်ငန်းများအား လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် အကြမ်းဖက်မှုဖြစ်စဉ်ကို မည်သို့စတင်ကျင့်သုံးခဲ့လဲဆိုလျှင် 9/11 ဖြစ်စဉ်ကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။ ၎င်းဖြစ်စဉ်ကစ၍ အကြမ်းဖက်မှုကို ကမ္ဘာတွင် ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်ကြခြင်းဖြစ်ပါသည်။ အကြမ်းဖက်သမား ဘင်လာဒင်အတွက် အမေရိကန်သမ္မတက စစ်ဆင်ရေးကို မည်သို့ Control လုပ်၍ အမိန့်ပေးခဲ့ကြောင်းကို ပြန်ပြောင်းကြည့်လျှင် သိနိုင်မှာဖြစ်သည်။ ကမ္ဘာပေါ်တွင် Terrorist အား အပြင်းထန်ဆုံးနှင့် အထိရောက်ဆုံးခြေမှုန်းရမည်ဆိုသည့်မူပင်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ဇေယျာသော်နှင့် ကျော်မင်းယုတို့ကဲ့သို့ အကြမ်းဖက် ဦးဆောင်လုပ်ကြံသတ်ဖြတ်မှုများတွင် ၎င်းတို့မလိုလားသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်သတ်ဖြတ်ခြင်းအား အပထား၍ အခြားသောအရပ်သားများ၊ နိုင်ငံ့ဝန်ထမ်းများအား ပစ်ခတ်သတ်ဖြတ်မှုများ အများအပြားပါဝင်ပါသည်။ အများပြည်သူ သွားလာနေသည့်နေရာများ၊ အများပြည်သူပိုင်ပစ္စည်းများကို ဖောက်ခွဲဖျက်ဆီးမှုများလည်း မနည်းလှပါ။ အကြမ်းဖက်သမားများ၏ ပစ်ခတ်သတ်ဖြတ်မှုကြောင့် သေဆုံးသွားရသူတိုင်းတွင် မိသားစုများရှိသည်။ သူတို့ကို မှီခိုနေရသည့် မိခင် ဖခင်များ၊ သား သမီးများရှိသည် ဒလန်ဟု စွပ်စွဲ သတ်ဖြတ်လိုက်သည့်အတွက် မှီတွယ်ရာမိသားစုဘဝများ ပျက်စီးကြရသည်။ ဝမ်းနည်းကြရသည်။ အနာဂတ်အရေး ရင်လေးကြရသည်။ သူတို့ရင်တွင်းမှအပူနှင့် သောကမီးကိုရော ခံစားကြည့်မြင်ပေးရန် လိုမည်သာဖြစ်သည်။ ဒီမိုကရေစီရရှိရေးဟူသောခေါင်းစဉ်၊ လူ့အခွင့်အရေးခေါင်းစဉ်အောက်တွင် တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ခေါင်းစဉ်များသည် သွေဖည်နေမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြစ်မှုကျူးလွန်သူများအား သေဒဏ်အတည်ပြုချမှတ်ရာတွင် အမိန့်များအတိုင်း၊ လုပ်ငန်းစဉ်များအတိုင်း အဆင့်ဆင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လက်ရှိသေဒဏ်ပြစ်မှု ချမှတ်ခံရသူများသည် စစ်အုပ်ချုပ်ရေးအမိန့် (Martial Law) ထုတ်ပြန်ထားသည့် နယ်မြေများအတွင်း အဓိကဖြစ်ပွားရခြင်းဖြစ်ပြီး စစ်တရားရုံးဖြင့် စစ်ဆေးနိုင်သည့် ပြစ်မှု ၂၃ မျိုးဖြင့် အကြမ်းဖက်ကျူးလွန်သူများကို ၎င်းတို့နှင့်ထိုက်သင့်သည့်ပြစ်ဒဏ်အား ချမှတ်ခြင်းဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် ဥပဒေကိုမထီမဲ့မြင်မပြုစေရန်နှင့် နောင်တွင်လည်း ဥပဒေအပေါ် ဖောက်ဖျက်ကျူးလွန်ရန် ကြံစည်သူများအနေဖြင့် ရှောင်ကြဉ်စေရန်အတွက် စီရင်ချက်ချမှတ်ဆောင်ရွက်ခြင်းသာဖြစ်ပါသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်သူအများအပြား တရားမျှတမှုရှိရေးနှင့် ပြည်သူနှင့် နိုင်ငံတော်အကြား တရားမျှတမှုရှိရေးပင်ဖြစ်သည်။ အပြစ်မဲ့ပြည်သူများအား ဥပဒေမဲ့ အကြမ်းဖက်ရက်စက်စွာသတ်ဖြတ်ခဲ့ခြင်းဖြင့် သေဆုံးနစ်နာခဲ့ရသော ပြည်သူများကိုယ်စား တရားရုံးအဆင့်ဆင့်က လုပ်ထုံးလုပ်နည်း ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တရားခံများကို ခုခံချေပခွင့်ပေးပြီး

စာမျက်နှာ ၁၂ သို့ ❖

မရမ်းကုန်းမြို့နယ်



၁၁-၁၀-၂၀၂၂ ရက်တွင် မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်းလမ်းဆုံရှိ City Mark ဈေးဝယ်စင်တာရှေ့ ဗုံးဖောက်ခွဲခံရမှု

ကျောက်တံတားမြို့နယ်



၂၅-၁၀-၂၀၂၂ ရက်တွင် ကျောက်တံတားမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ကမ်းနားလမ်းရှိ အကောက်ခွန်ဦးစီးဌာနရုံးအနီး၌ လက်လုပ်ဗုံးများတွေ့ရှိမှု

ကြည့်မြင်တိုင်မြို့နယ်



၃၁-၁၀-၂၀၂၂ ရက်တွင် ကြည့်မြင်တိုင်မြို့နယ်၌YBS(20)ယာဉ် ဗုံးဖောက်ခွဲခံရမှု

လမ်းမတော်မြို့နယ်



၁၀-၁၁-၂၀၂၂ ရက်တွင် လမ်းမတော်မြို့နယ်၊ မော်တင်ယာယီဈေးရပ်ကွက်၊ ကျောက်လမ်းမပေါ်၌ ယာဉ်တစ်စီး ဗုံးဖောက်ခွဲခံရမှု

ကြည့်မြင်တိုင်မြို့နယ်



၂၃-၁၀-၂၀၂၂ ရက်တွင် ကြည့်မြင်တိုင်မြို့နယ်၊ ဗားကရာစီးပွိုင့်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်ခံရမှု


ဗိုလ်တစ်ထောင်မြို့နယ်



၂၃-၁၀-၂၀၂၂ ရက်တွင် ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်ရှိ ယာဉ်ထိန်းရုံးရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်ခံရမှု

သေဒဏ်ကျခံခဲ့ရသူများ၏ အကြမ်းဖက်သတ်ဖြတ်ခဲ့မှု၊ စီမံမှုဖြင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ပြည်သူပိုင်အဆောက်အအုံများ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အစိုးရရုံးများနှင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများ၏ မှတ်တမ်းဓာတ်ပုံ။

တိုင်းပြည်တည်ငြိမ်မှုပျက်ပြားကာ ပြည်သူလူထုအား သတ်ဖြတ်ရန် ဆွေးနွေးခဲ့သည့် မှတ်တမ်းဓာတ်ပုံ



❖ စာမျက်နှာ ၁၁ မှ

သက်သေ အထောက်အထား အပြည့်အစုံအပေါ် အခြေပြု ဆုံးဖြတ်ခဲ့ခြင်းဖြစ်သဖြင့် တရားရုံး၏ဆုံးဖြတ်ချက်သည် တရားမျှတမှုရှိသည်ကို တွေ့ရှိရသည်။

တရားခံ လေးဦးတို့အား ပြည်တွင်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးစီရင်ကာ ပြစ်ဒဏ်အတည်ပြု ချမှတ်ဆောင်ရွက်ခဲ့သည့် ကိစ္စနှင့် စပ်လျဉ်းပြီး အပြည်ပြည်ဆိုင်ရာနှင့် နိုင်ငံတကာမှ ဝေဖန်မှုများ၊ ကန့်ကွက်မှုများ ဖြစ်ပေါ်လာနိုင်သည်ကို သိလျက်နှင့် မလွှဲမရှောင်နိုင်သည့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးအရ မဖြစ်မနေ ဆောင်ရွက်ခဲ့ခြင်းသာဖြစ်သည်ကို တွေ့မြင်ရသည်။

အဆိုပါတရားခံလေးဦးတို့သည် အကြမ်းဖက် ဖောက်ခွဲတိုက်ခိုက် လူသတ်မှုများကို ကျူးလွန်ခဲ့သည့်အပြင် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းက လက်မခံနိုင်သည့် အပြစ်မဲ့ပြည်သူ အမြောက်အမြားကို ကြိုတင်ကြံစည်၍ ရက်ရက်စက်စက် သတ်ဖြတ်သုတ်သင်ရှင်းလင်းခဲ့သည့် ပြစ်မှုအများအပြားကို ကျူးလွန်ခဲ့ကြပြီး ထိုသို့လုပ်ဆောင်ရန် ဦးစီးဆောင်ရွက်ညွှန်ကြားသူများဆိုသည့် အချက်ကို မေ့ရန်မသင့်ကြောင်းနှင့် တရားခံလေးဦးတို့၏ရက်စက်စွာ အကြမ်းဖက် တိုက်ခိုက်ခဲ့မှုများကြောင့် အပြစ်မဲ့စွာ လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသူများ၏ မိသားစု၊ ဆွေမျိုးသားချင်းတို့၏ စိတ်ခံစားချက်မည်သို့ခံစားရမည်ဆိုသည်ကို စာနာထောက်ထားမှုပြုရန် မမေ့သင့်သဖြင့် ပြစ်မှုနှင့်ကျူးလွန်သည့် ပြစ်ဒဏ်ထိုက်သည်ဟု မြင်မိပါသည်။

၎င်းအပြင် International Convention Civil and Political Rights (ICCPR) Protocol II Abolishing of Death Penalty ကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးထားခြင်းမရှိဘဲ နိုင်ငံနှင့်ပြည်သူတို့၏ လိုအပ်ချက်အရ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက်နှင့် နိုင်ငံလုံခြုံရေး လတ်တလောလိုအပ်ချက်များအရ ပြစ်ဒဏ်ကို အတည်ပြုဆောင်ရွက်ခြင်းဖြစ်ပါသည်။

အစိုးရအနေဖြင့် အပြစ်တစ်စုံတစ်ရာမရှိဘဲ လုပ်ကြံသတ်ဖြတ်ခြင်းခံရသည့် ပြည်သူများနှင့် ၎င်းတို့၏ ဆွေမျိုးသားချင်းများ၏ မျက်နှာကို ထောက်ရှုပြီး မလွှဲမရှောင်သာဘဲ ပြစ်မှုကျူးလွန်သည့် တရားခံများကို ဥပဒေနှင့်အညီ ပြစ်ဒဏ်ချမှတ်ဆောင်ရွက်ခဲ့ရခြင်းသာဖြစ်ကြောင်းနှင့် ပြစ်မှုကျူးလွန်သူကို သနားညှာတာထောက်ထားနေမည် ဆိုပါက ပြစ်မှု ကျူးလွန်ခြင်းခံရသည့် အပြစ်မဲ့ ပြည်သူများအပေါ် ကိုယ်ချင်းစာနာမှုမရှိဘဲ ရက်စက်လွန်းရာရောက်သည်ဟုတွေးတောဆင်ခြင်သင့်ပါသည်။ ပြစ်ဒဏ်စီရင်ခံရသူလေးဦးသည် ရည်ရွယ်ချက်အားဖြင့် နိုင်ငံရေးဆိုင်ရာဟုဆိုသော်လည်း လက်တွေ့လုပ်ဆောင်နေသည်မှာ အကြမ်းဖက်မှုအသွင်ပုံစံများ ဖြစ်ကြပါသည်။ ထို့ကြောင့်လည်း အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူအပြစ်ပေးခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရပါသည်။ အကြမ်းဖက်သမားဖြစ်စေ၊ အခြားပြစ်မှုကျူးလွန်သူဖြစ်စေ သေဒဏ် ချမှတ်ခံရခြင်းသည် လူသားချင်းစာနာမှုအရ ဝမ်းမြောက်စရာမရှိသော်လည်း ကျူးလွန်သည့် ပြစ်မှုနှင့် ညီမျှသော ပြစ်ဒဏ်ကို ခံစားကြရမည်သာဖြစ်ပါသည်။ သေဒဏ်ကျခံရမည့် အကြမ်းဖက်သမား၏ အသက်တစ်ချောင်းအား တန်ဖိုးထားသကဲ့သို့ အကြမ်းဖက်သမား၏ လုပ်ရပ်ကြောင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများ၏ အသက်ပေါင်းများစွာနှင့် ၎င်းတို့မိသားစု၏ ပြိုပျက်ဝမ်းနည်းစရာဘဝများ၊ မိဘမဲ့ခဲ့ရသည့် ကလေးသူငယ်များ၏ ဘဝကိုလည်း ထည့်သွင်းစာနာ တန်ဖိုးထားကြောင်း ပြသနိုင်မှသာ တရားမျှတမှုရှိပေလိမ့်မည်။

နိဂုံးချုပ်အနေဖြင့် လူတိုင်း လူတိုင်းသည် တစ်ဦးနှင့်တစ်ဦး အမြင်မတူညီခြင်း၊ အကြိုက်မတူညီခြင်းသည် လောက၏သဘောသဘာဝသာဖြစ်ပါသည်။ ထိုမတူညီမှုများကို အပြစ်ရှာ၍ **“ငါနှင့်မတူ ငါ့ရန်သူဟု”** အမျက်ဒေါသကြီး၍ အငြိုးအတေးထားကာ ဆောင်ရွက်နေသည့် ကာလပတ်လုံး ထိုသူနှင့် ထိုသူပါဝင်သည့် အဖွဲ့အစည်းသည် ကျဆုံးခြင်းလမ်း၌သာ အဆုံးသတ်မည်ဖြစ်ပါသည်။ နိုင်ငံတကာတွင် လူပြောများနေသည့် အကြမ်းဖက်သမားလေးယောက်ကို ၎င်းတို့နှင့် ထိုက်သင့်သည့် အပြစ်ဒဏ်ပေးရခြင်းမှာ ၎င်းတို့၏လုပ်ရပ်ကြောင့် အကြောင်းမဲ့ သေဆုံးရသူများ၊ အပြစ်မဲ့မိသားစုများ၏ ရင်နင့်ဖွယ်ရာဘဝများ၊ မိဘမဲ့ဖြစ်သွားရသော ကလေးသူငယ်တို့၏ ဘဝပေါင်းများစွာ ဖြစ်ခဲ့ရခြင်း လုပ်ရပ်တို့ကြောင့် အကြိမ်ကြိမ်အခါခါ သေဒဏ်သင့်သော ပြစ်မှုဖြစ်သဖြင့် အပြစ်ဒဏ်များ ကျခံရခြင်းသာဖြစ်၏။ ထို့အတူ ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပျက်နေသည့် အကြမ်းဖက်မှုများတွင် ပါဝင်နေသည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည်လည်း အဆုံးသတ်မကောင်းသော ဘဝနိဂုံးတို့ဖြင့် ကြုံတွေ့ရသည်ကို ဥပမာယူ၍ နိုင်ငံသားတိုင်း မှန်ကန်စွာတွေးခေါ်စဉ်းစားဆုံးဖြတ်နိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါသည်။ သို့မှသာ လူ့လောကတွင် အကျည်းတန်သော အကြမ်းဖက်မှုများ ချုပ်ငြိမ်းသွားမည်မှာ မလွဲဧကန်ဖြစ်ပေသည်။

# မျိုးသုဉ်းရန်ရင်ဆိုင်နေရသော ငှက်ကြီးဝန်ပိုမျိုးစိတ် အင်းတော်ကြီးကန်တွင် ကောင်ရေ ၁၆၀ ကျော် ဝင်ရောက်မျိုးပွားကျက်စားနေ

ရန်ကုန် ဩဂုတ် ၆

မြန်မာနိုင်ငံတွင် အကြီးဆုံးကန်ဖြစ်သော ကချင်ပြည်နယ် မိုးညှင်းခရိုင်ရှိ အင်းတော်ကြီးကန်၌ ဒေသငှက်နှင့် ဆောင်းခိုလက်ကျန်ငှက်များအပြင် မျိုးသုဉ်းရန်ရင်ဆိုင်နေရသော ဒေသပြောင်းရွှေ့ငှက်ဖြစ်သည့် ငှက်ကြီးဝန်ပို ကောင်ရေ ၁၆၀ ကျော် ဝင်ရောက်မျိုးပွားကျက်စားနေကြောင်း သိရသည်။



အင်းတော်ကြီးကန်တွင် ရေပျော်ငှက်စာရင်းကို ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် စတင်ကောက်ခံခဲ့ပြီး ဆောင်းခိုငှက် ဝင်ရောက်ကျက်စားမှု အလေ့အထကိုလည်း နှစ်စဉ်မှတ်တမ်းပြုစုခဲ့ကာ ဒေသသစ်တောငှက်စာရင်းကို ယခုနှစ်တွင် လစဉ်စာရင်းကောက်ခံလျက်ရှိသည်။ ၂၀၂၂ ခုနှစ် ဩဂုတ်လ၌ ရေပျော်ငှက်ဖြစ်သော ဆောင်းခိုငှက်ရှစ်မျိုးတွင် ကောင်ရေ ၂၄၀ ခန့် ပြောင်းရွှေ့မှုမရှိဘဲ ကျန်ရစ်ခဲ့ပြီး ရေပျော်ဌာနေငှက်မျိုးစိတ် ၂၀ ၌ ကောင်ရေ ၁၆၁၂ ကောင်နေထိုင်လျက်ရှိကာ သစ်တောငှက်မျိုးစိတ် ၅၄ မျိုးတွင် ကောင်ရေ ၇၄၆ ကောင်ကျက်စားလျက်ရှိသည်။ မျိုးသုဉ်းရန်ရင်ဆိုင်နေရသည့် ငှက်များတွင် ပါဝင်သော ငှက်ကြီးဝန်ပိုနှင့် ဗောင်တုတ်၊ ခရုတုတ်၊ ခြံတိုးဗျိုင်း၊ တလိုင်းလေး၊ ပလိုဗာ၊ လင်းဝက်နှင့် မြစ်တွေးငှက်တို့ အင်းတော်ကြီးကန်တွင် ကျက်စားလျက်ရှိ၍ ယမန်နှစ် ဇန်နဝါရီလ၌ ဆောင်းခိုငှက်နှင့် ရေပျော်ငှက်ကောင်ရေ ၃၂၀၀၀ ကျော်နှင့် ယခုနှစ် ဇန်နဝါရီလတွင် ကောင်ရေ၂၆၀၀၀ ကျော် ဝင်ရောက်ကျက်စားခဲ့သည်။

အင်းတော်ကြီးကန်ကို ရမ်ဆာရေဝပ်ဒေသအဖြစ် စံသတ်မှတ်ချက်တွင် နှစ်စဉ် ဆောင်းခိုငှက်ကောင်ရေ၂၀၀၀၀ အထက် ဝင်ရောက်ကျက်စားသော ထူးခြားသည့်ရေဝပ်ဒေသအဖြစ် သတ်မှတ်ခံထားရခြင်းဖြစ်ပြီး ဝင်ရောက်ကျက်စားသော ရေပျော်ငှက်တို့တွင် ကမ္ဘာလုံးဆိုင်ရာ မျိုးသုဉ်းရန် ရင်ဆိုင်နေရသော ငှက်များ၏ တစ်ရာခိုင်နှုန်း နှစ်စဉ် ဝင်ရောက်ကျက်စားမှုကြောင့် ကမ္ဘာက မြန်မာနိုင်ငံရှိ အင်းတော်ကြီးကန်ကို အထူးစိတ်ဝင်စားခြင်းဖြစ်ရာ သားငှက်ထိန်းသိမ်းရေး၌ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုရလဒ်တို့ကို ထုတ်ဖော်ပြသနိုင်လျက်ရှိသည်။

ပြည်တွင်းခရီးသွားများအနေဖြင့် အင်းတော်ကန်ပြခန်းနှင့် ကန်အတွင်းရှိစေတီတော်သို့ ဘုရားဖူးခရီးစဉ်အဖြစ် ဝင်ရောက်လေ့ရှိကာ နိုင်ငံခြားခရီးသွားများအနေဖြင့် ဆောင်းခိုငှက်၊ ရေပျော်ငှက်၊ ဌာနေသစ်တောငှက်၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝတောတောင်အလှတို့ကို အထူးစိတ်ဝင်စားလေ့လာမှုကြောင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းကို အထောက်အပံ့ဖြစ်စေလျက်ရှိသည်။

“တောရိုင်းတိရစ္ဆာန်တွေကို ထိန်းသိမ်းစောင့်ရှောက်ရတာဟာ ကုသိုလ်လည်းရ ဝမ်းလည်းဝတဲ့အလုပ်ပါ။ သူတို့အသက်ကို ကာကွယ်ရတာကြောင့် ဒေသခံအချို့ အမြင်မကြည်ပေမယ့် အသိပညာပေးဆောင်ရွက်မှုနဲ့ စည်းရုံးနိုင်တာကြောင့် အင်းတော်ကြီးကန် ရေရှည်တည်တံ့မှုနဲ့ ဒီဒေသဘဝရပ်တည်ဖို့ ဘယ်အထိ အရေးပါတယ်ဆိုတာ သိလာကြပါပြီ။ ဒီဒေသမှာရှိတဲ့ ငှက်မျိုးစိတ်၊ ငါးမျိုးစိတ်နဲ့ တောရိုင်းတိရစ္ဆာန်တွေဟာ အမျိုးသားရေးတစ်ရပ်အနေနဲ့ ဂုဏ်ယူစရာဖြစ်တယ်ဆိုတာ၊ ဒီငှက်တွေရှိလို့ ခရီးသွားလုပ်ငန်းကနေ ဝင်ငွေရှာဖွေပေးတယ်ဆိုတာကိုလည်း သိထားကြပါတယ်။ ဒီမိုးရာသီမှာ ဆောင်းခိုငှက်လက်ကျန်တွေရှိနေပြီးတော့ ငှက်ကြီးဝန်ပိုတွေလည်းသားပေါက်ကျက်စားနေပါတယ်”ဟု အင်းတော်ကြီးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးမောင်ဝင်းက ပြောသည်။

ဧရိယာ ၁၀၀ စတုရန်းမိုင် ကျယ်ဝန်းသော အင်းတော်ကြီးကန်တွင် ငါးမျိုးစိတ် ၉၄ မျိုးရှိပြီး စီးပွားဖြစ်ငါးမျိုးစိတ် ၃၅ မျိုးဖြင့် ဒေသစီးပွားရေးကို အကျိုးပြုလျက်ရှိကာ ကမ္ဘာတွင်မရှိသော ငါးမျိုးစိတ်ဖြစ်သည့် မိချောင်းသွားကြားထိုးတံငါးနှင့် ရေနယားငါး စသည့် ဒေသမျိုးရင်းနှစ်မျိုး ရှင်သန်လျက်ရှိသည်။

ဖွံ့ဖြိုးတိုးတက်မှု လျင်မြန်လာခြင်း၊ သဘာဝအရင်းအမြစ်များကို ဝယ်လိုအားများလာခြင်းနှင့် တရားမဝင်လုပ်ဆောင်ခြင်း၊ အင်းတော်ကြီးကန် ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲတို့အပေါ် ခြိမ်းခြောက်လာခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းဝန်ဆောင်မှုနှင့် ဒေသခံပြည်သူများအတွက် ဝင်ငွေထိခိုက်စေနိုင်မှုမှန်သမျှ ဝိုင်းဝန်းကာကွယ်မှုအဖြစ် ဒေသခံများနှင့် ဌာနဆိုင်ရာတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အင်းတော်ကြီးကန် ဘေးမဲ့တောမှ ကင်းလှည့်ဆောင်ရွက်ခြင်း၊ ပုံမှန်ပညာပေးလုပ်ငန်းများလုပ်ဆောင်ခြင်း၊ ကန်ရေပြင်တိုင်းတာခြင်း၊ ငှက်စာရင်းကောက်ခြင်း၊ ငါးမျိုးစိတ်စာရင်းကောက်ယူခြင်းနှင့် ငါးထိန်းသိမ်းရေးဇုန်လုပ်ငန်းဆောင်ရွက်ခြင်းတို့ဖြင့် အင်းတော်ကြီးကန် ရေရှည်တည်တံ့ရေးကို ဆောင်ရွက်လျက်ရှိပြီး ယခုမိုးရာသီတွင် မျိုးသုဉ်းရန် အန္တရာယ်ရှိနေသော ဒေသပြောင်းရွှေ့ငှက်ဖြစ်သော ငှက်ကြီးဝန်ပိုကောင်ရေ ၁၆၀ ကျော် ဝင်ရောက်မျိုးပွားနေထိုင်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဩဂုတ် ၆

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်(၅)နှစ်မှ (၁၂)နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၆၉၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၆၁၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၈၆၁၁ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၇၁၇ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၇၁၈ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၆၁၀၁ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဟီရိုရှီးမား၌ အဏုမြူဗုံးကြဲချခံရခြင်း (၇၇)နှစ်မြောက် အခမ်းအနား ကျင်းပ

**ဟီရိုရှီးမား ဩဂုတ် ၆**

ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ရှိ ပြည်သူများသည် ယနေ့တွင် ဟီရိုရှီးမားမြို့ကို အဏုမြူဗုံးကြဲချခံရခြင်း (၇၇)နှစ်မြောက် အခမ်းအနားကို ကျင်းပခဲ့သည်။ ဒုတိယကမ္ဘာစစ်၏ နောက်ဆုံးရက်များတွင် အဆိုပါ အဏုမြူဗုံးကြဲချခံရခြင်းကြောင့် ဟီရိုရှီးမားမြို့သည် လည်း ပျက်စီးခဲ့ရသည်။

**တက်ရောက်**

ယနေ့နံနက်ပိုင်းတွင်း ဟီရိုရှီးမားမြို့၏ ငြိမ်းချမ်းရေးအထိမ်းအမှတ်ပန်းခြံ၌ ပြုလုပ်ခဲ့သည့် အဆိုပါ နှစ်ပတ်လည်အခမ်းအနားသို့ ပြည်သူ ထောင်ပေါင်းများစွာ တက်ရောက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဟီရိုရှီးမားမြို့ကို အဏုမြူဗုံးကြဲချခံရခြင်း (၇၇)နှစ်မြောက်အခမ်းအနားသို့ ဂျပန်ဝန်ကြီးချုပ်ကီရှီဒါ၊ နိုင်ငံပေါင်း ၉၉ နိုင်ငံမှ ကိုယ်စားလှယ်များနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်



တို့ တက်ရောက်ခဲ့ပြီး ဂူတာရက်စ် တက်ရောက်ခြင်းသည် အဆိုပါအခမ်းအနားသို့ ၁၂ နှစ်တာကာလအတွင်း ပထမဆုံးတက်ရောက်ခဲ့သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်လည်း ဖြစ်သည်။

အခမ်းအနားသို့ ပြည်သူ ၃၀၀၀ ကျော် တက်ရောက်ခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့ထက် ပါဝင်တက်ရောက်သူလူဦးရေ သိသိသာသာ မြင့်တက်ခဲ့ကြောင်း သိရသည်။

ယနေ့အခမ်းအနားသို့ ပါဝင်တက်ရောက်လာသူများသည် ၁၉၄၅ ခုနှစ် ဩဂုတ် ၆ ရက်က အမေရိကန်နိုင်ငံက အဏုမြူဗုံးကြဲချခဲ့သော အချိန်ဖြစ်သည့် နံနက် ၈ နာရီ ၁၅ မိနစ်အချိန်တွင် ခေတ္တငြိမ်သက်ပေးခဲ့ကြောင်း သိရသည်။

တာဝန်ရှိသူများသည် အဏုမြူဗုံးဒဏ်သင့်ခဲ့ရသဖြင့် သေဆုံးခဲ့သူ ၄၉၇၈ ဦး၏ အမည်များကို ပြီးခဲ့သည့်နှစ်အတွင်းက ထပ်ပေါင်းထည့်ခဲ့ခြင်းကြောင့် အဏုမြူဗုံးကြဲချခံရခြင်းကြောင့် သေဆုံးသူပေါင်း ၃၃၃၉၀၇ ဦးရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# ဖိလစ်ပိုင်နိုင်ငံ၌ ရောဂါကူးစက်ခံရသူ ၄၃၂၈ ဦး ထပ်မံတွေ့ရှိ

**မနီလာ ဩဂုတ် ၆**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၃၂၈ ဦး ထပ်မံတွေ့ရှိရသည့်အတွက် ရောဂါကူးစက်ခံရသူအရေအတွက် ၃၇၉၉၃၃၄ ဦးရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၃၇၃၄၄ ဦးရှိကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၅ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၀၇၈၉ ဦးရှိကြောင်း သိရသည်။

နိုင်ငံအတွင်း နေ့စဉ်ကူးစက်မှုအရေအတွက် ၄၀၀၀ ကျော် ရောက်ရှိခဲ့သည်မှာ သုံးရက်ဆက်တိုက်ရှိပြီဖြစ်သည်။ မက်ထရိုမနီလာ၌ ရောဂါထပ်မံကူးစက်ခံရသူ ၁၃၃၄ ဦးရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် တွေ့ရှိခဲ့သည့် ရောဂါကူးစက်ခံရသူအရေအတွက် ၃၉၀၀၄ ဦးသည် နေ့စဉ်ကူးစက်မှုအရေအတွက် အများဆုံးဖြစ်သည်။

လက်ရှိအချိန်အထိ ပြည်သူ သန်း ၁၁၀ ရှိသည့်အနက် ၇၁ ဒသမ ၅ သန်းကျော်ကို ကာကွယ်ဆေးအကြိမ်ရေ အပြည့်အဝထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၀၆၆၆ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် ဩဂုတ် ၆**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၀၆၆၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၀၃၈၃၆၂ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

**ကူးစက်ခံရသူများဖြစ်**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၅၇၃ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင်တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူစုစုပေါင်း ၂၅၂၃၆ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# ဂါဇာကမ်းမြောင်ကို အစ္စရေး၏ လေကြောင်း တိုက်ခိုက်မှုအပေါ် အီရန် ပြစ်တင်ပြောကြား

**တီဟီရန် ဩဂုတ် ၆**

အစ္စရေးနိုင်ငံက ဂါဇာကမ်းမြောင်ဒေသကို သေစေနိုင်လောက်သည့် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းအပေါ် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ နက်ဆာကာနာယာနီက ဩဂုတ် ၅ ရက်တွင် ပြင်းပြင်းထန်ထန် ပြစ်တင်ပြောကြားခဲ့ကြောင်း သိရသည်။

အစ္စရေးနိုင်ငံ၏ အဆိုပါတိုက်ခိုက်ခဲ့မှုဖြင့် ခုခံရေးတပ်မှူးများနှင့် အကာအကွယ်မဲ့ ပါလက်စတိုင်း ပြည်သူများ သေဆုံးခဲ့ခြင်းကြောင့် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ နက်ဆာကာနာယာနီက ရက်စက်ကြမ်းတမ်းသောတိုက်ခိုက်မှုအဖြစ် အမည်တပ်ခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

ဂါဇာကမ်းမြောင်ဒေသတွင် လှုပ်ရှားနေသည့် အစ္စလာမ္မစ်အဖွဲ့အစည်းတစ်ခုဖြစ်သည့် ပါလက်စတိုင်း အစ္စလာမ္မစ်ဂျီဟက်ဒ်(ပီအိုင်ဂျေ)အဖွဲ့ကို ဩဂုတ် ၅ ရက်တွင် အစ္စရေးနိုင်ငံက ဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ပါလက်စတိုင်းပြည်သူ အနည်းဆုံး ၁၀ ဦး သေဆုံးပြီး ၅၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ဂျပန်နိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ သုံးယောက်မြောက်တွေ့ရှိ

**တိုကျို ဩဂုတ် ၆**

ဂျပန်နိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ သုံးယောက်မြောက်တွေ့ရှိကြောင်း ဂျပန်ကျန်းမာရေးအာဏာပိုင်များက ယနေ့ပြောကြားသည်။




အသက် ၂၀ ဝန်းကျင် အရွယ်ရှိ အမျိုးသားတစ်ဦးအား ရောဂါစစ်ဆေးရာတွင် မျောက်ကျောက်ရောဂါ ကူးစက်ခံထားရကြောင်း သိရှိရခြင်းဖြစ်သည်။ အဆိုပါ အမျိုးသားသည် တိုကျိုမြို့ရှိ အမေရိကန်ယိုကိုတာ လေတပ်စခန်းတွင် နေထိုင်လျက်ရှိကြောင်း ကျန်းမာရေး အာဏာပိုင်များက ဆိုသည်။

**စစ်ဆေးတွေ့ရှိခဲ့**

ဩဂုတ် ၄ ရက်တွင် ၎င်းသည် ရောဂါလက္ခဏာများ စတင်ခံစားရသည့်အတွက် လေတပ်စခန်းရှိ ကျန်းမာရေးစောင့်ရှောက်မှုဌာနသို့ သွားရောက်ကာ ကျန်းမာရေးစောင့်ရှောက်မှုခံယူခဲ့သည်။ ဩဂုတ် ၅ ရက်တွင် ၎င်းထံတွင် မျောက်ကျောက်ရောဂါ ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

အဆိုပါအမျိုးသားသည် နိုင်ငံရပ်ခြားသို့ သွားရောက်သည့် ခရီးသွားမှတ်တမ်းမရှိသော်လည်း နိုင်ငံရပ်ခြားမှ လာရောက်သူတစ်ဦးနှင့် ထိတွေ့မှုရှိခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

ရောဂါကူးစက်ခံရသူ အဆိုပါ အမျိုးသားနှင့် ထိတွေ့မှုရှိသူများကို လိုက်လံရှာဖွေကာ အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း မျောက်ကျောက်ရောဂါ စတင်တွေ့ရှိသည့်အချိန်မှစပြီး ကျန်းမာရေးဝန်ကြီးဌာနက ဒေသန္တရအစိုးရအဖွဲ့များနှင့် ရောဂါကူးစက်မှုကာကွယ်ထိန်းချုပ်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဂျပန်နိုင်ငံ၌ မျောက်ကျောက်ရောဂါ ပထမဆုံးအကြိမ် ကူးစက်ခံရသူကို ဇူလိုင် ၂၅ ရက်တွင် တွေ့ရှိရပြီး ဒုတိယမြောက် ကူးစက်ခံရသူကို ဇူလိုင် ၂၈ ရက်တွင် တွေ့ရှိခဲ့ကြောင်း သိရသည်။

**ကူးစက်ခံရသူပေါင်း ၂၆၈၆၄ ဦးရှိ**

လက်ရှိတွင် နိုင်ငံပေါင်း ၈၈ နိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူပေါင်း ၂၆၈၆၄ ဦးရှိကြောင်းနှင့် ရောဂါကူးစက်ခံရသူအများစုမှာ အမေရိကန်နှင့် ဥရောပနိုင်ငံများမှဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ပြောကြားချက်အရ သိရသည်။

ထို့ပြင် မျောက်ကျောက်ရောဂါသည် နိုင်ငံတကာ ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လွန်ခဲ့သောလက ကြေညာခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ငွေကျပ်သိန်း ၁၅၈၀ ကျော်တန်ဖိုးရှိ ဘိန်းစိမ်း ၁၇၆ ဒသမ ၄ ကီလို သိမ်းဆည်းရမိ

နေပြည်တော်  ဩဂုတ် ၆

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ငွေကျပ်သိန်း ၁၅၈၀ ကျော်တန်ဖိုးရှိ ဘိန်းစိမ်း ၁၇၆ ဒသမ ၄ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂ ရက် နံနက် ၅ နာရီတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ ကလောမှ သာစည်သို့ ပြည့်ဖြိုးထွန်း မောင်းနှင်ပြီး မျိုးကျော်သူနှင့် သန့်ဇင်ကို တို့လိုက်ပါလာသည့် ၁၂ ဘီးယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ငွေကျပ်သိန်း ၁၅၈၀ ကျော်တန်ဖိုးရှိ ဘိန်းစိမ်း ၁၇၆ ဒသမ ၄ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းစိမ်းများကို ရှမ်းပြည်နယ် (တောင်ပိုင်း)မှ စစ်ကိုင်းတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



ပြည့်ဖြိုးထွန်း၊ မျိုးကျော်သူနှင့် သန့်ဇင်ကိုတို့အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ ကန့်သတ်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော်  ဩဂုတ် ၆

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၄ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘီးလင်းမြို့နယ် ဒေါက်ရပ်ကျေးရွာ ရွှေသံလွင်တိုးဂိတ်၌ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အမိုနီယမ်နိုက်ထရိတ် ၂၀၀၀ ကီလိုဂရမ် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀ )**အား သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဥက္ကံတောင်း(၂)နယ်မြေ ဥက္ကံကြိုးဝိုင်း အကွက်အမှတ်(၅၀)၌ တရားမဝင် မအူသစ်နှင့် မျောက်ငိုသစ် ၆ ဒသမ ၁၂၃၆ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၁၈၂၂)**ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဩဂုတ် ၄ ရက်တွင် ပူးပေါင်းအဖွဲ့များက ပဲခူးခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင် ကျွန်းသစ်၊ ပျဉ်းကတိုးသစ်၊ မျောက်ငိုသစ်နှင့် တောင်ပိန်းသစ် ၁၇ ဒသမ ၈၂၈ တန်**(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၆၆၃၇၂)**ကို သစ်တောဥပဒေအရ လည်းကောင်း၊ ဩဂုတ် ၆ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ပေါင်းတလည်မြို့ ပြည်-ပေါက်ခေါင်းကားလမ်း၌ လိုင်စင်မဲ့ယာဉ်တစ်စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)**ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်း **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၆၆၃၇၂)**ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးလမ်းဟောင်း ထုံးဘိုလမ်းခွဲအနီး၌ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော အကောက်ခွန်မဲ့ အနွေးထည်အင်္ကျီများနှင့် ABC တံဆိပ်ပါ ရေမွှေးဆပ်ပြာမှုန့်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၂၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော နောက်တွဲယာဉ်ပါ ကုန်တင်ယာဉ်တစ်စီး**(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀)** စုစုပေါင်း**(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၂၆၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၄ ရက်၊ ၅ ရက်နှင့် ၆ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ကိုးမှု **(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၂၃၈၁၉၄)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အုတ်တွင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

အုတ်တွင်း  ဩဂုတ် ၆

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ကျောင်းသား ကျောင်းသူများအား မီးဘေးကြိုတင်ကာကွယ်ရေး အသိသတိရှိကြစေရန်၊ မီးဘေးအန္တရာယ်ကြုံလာပါက လက်တွေ့လုပ်ဆောင်နိုင်စေရန် ရည်ရွယ်၍ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့နံနက် ၁၀ နာရီက အဆိုပါကျောင်းဝင်းအတွင်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးအရာရှိ ဦးအောင်ကျော်မြင့်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးခဲ့ပြီး သရုပ်ပြမီးငြိမ်းသတ်ခြင်း၊ မီးသတ်ယာဉ်ဖြင့် ရေပက်ဖျန်းမီးငြိမ်းသတ်သရုပ်ပြခြင်းများကို သန္နေတပ်ဖွဲ့ဝင်များက သရုပ်ပြဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၈-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ရတနသုတ်၊ခေမျှာ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ဒီမိုကရေစီဆိုသည်မှာ
**၀၉:၃၅** တရုတ်ကာတွန်း 'ပန်းနှင်းဆီမိုးလေတံတား'(အပိုင်း-၃)
**၁၀:၀၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၀:၃၀** 'ဂန္ထဝင်သံစဉ်' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှု
**၁၂:၃၀** This Week's Special Interest
**၁၃:၀၀** အသိပညာနှင့်အမှန်တရား
**၁၃:၃၀** MRTV National News
**၁၄:၀၀** မြန်မာဂန္ထဝင်ရုပ်ရှင် 'မြဝနိုင်' (ချစ်ရွှေ၊မြင့်မြင့်)
**၁၆:၃၅** အတွေးအမြင်စုံစွာကျွန်တော်တို့လက်ရာ 'ညီရှုညီမျှ'
**၁၆:၄၅** Sports Diary
**၁၇:၁၀** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
**၁၇:၃၅** ရာဇဝင်ထဲကသမိုင်းအနုပညာ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာသီရိဂေဟာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်'(အပိုင်း-၁၁၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ဘဝနှင့်အနုပညာ
**၂၁:၁၅** ဆေးရောင်စုံရုပ်ရှင် 'တုယှဉ်နှိုင်းလဲ့ပဒိုဝါ' (ရန်အောင်၊ဖိုးမြင့်အောင်)

**mitv**

**07:02** Evergreen Classic: Myanmar Shu Khin Myanmar Sate Yinn (Seint Nay Chi)
**07:09** Thatbyinnyu Temple
**07:22** Mote Sein Paung from Intaing Village
**07:32** Ecotourism: The Tourist Attractions of Mingun, Sagaing
**08:00** Listening Pleasure, Instrumental Music (Banjo) Ohnt Pone Chit
**08:08** Sagaing: Gold Leaf
**08:16** Today Myanmar: Migratory Birds in Moeyungyi Wildlife Sanctuary
**08:23** Bamboo Fashion in Style
**08:32** Taung Byone Nat Festival (Ep-1)
**09:01** News
**09:26** Global Partnership for Brighter Future: Tonga Pavilion at Expo 2020 Dubai
**09:34** Healthy Diet: Keto Diet
**09:43** Next Generation: Su Lin Lae

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ညီညွတ်ရေးသံစဉ်
**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** မန်ကျည်းပင်၏ကောင်းကျိုးများ
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)** မင်းတပ်မြို့ရဲ့ရိုးရာသီအလှပုံရိပ်များ(အပိုင်း-၁)
**မွန် (၀၉:၀၀ မှ ၁၁:၀၀)** မိုဝိုက်ပျိုးနည်းနှင့်ငရုတ်စိုက်ပျိုးနည်း
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** ထုတ္တန်သိမ်ပုထိုးတော်ကြီးသမိုင်း
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** ပအိုဝ်းရိုးရာဝတ်စုံ
**ဝ (၁၅:၀၀ မှ ၁၇:၀၀)** ဝက်သားချဉ်ပြုလုပ်နည်း
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)** Bin Su Ice-Cream
**ကယား (၁၉:၀၀ မှ ၂၁:၀၀)** ငှက်လိုက်ပွဲ
**စကောကရင် (၂၁:၀၀ မှ ၂၂:၀၀)** သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၀)
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** တိုင်းရင်းသားကျေးရွာကကရင်ရိုးရာအိမ်ကလေးသို့

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** ပြည်သူ့အကျိုးပြုထာဝစဉ်ရှေးရှု
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လင်နဲ့မယားလျှာနဲ့သွားဆိုပေမယ့်'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၈)
**၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ(အပိုင်း-၃)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၈)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၅** သုတဝေစည်တောင်သူဆီ
**၀၇:၀၀** စိုက်ပျိုးရေးရာအဖြေရှာ
**၀၈:၀၀** ရေကန်အသင့်ကြာအသင့် (စိုက်ပျိုးရေးဇာတ်လမ်းတို)
**၀၈:၂၀** ပြုံးပန်းဝေဖြာတို့တောရွာ
**၀၉:၂၅** မျိုးကောင်းမျိုးသန့်မျိုးသစ်ဝေဖြာ အပင်တစ်သျှူးနည်းပညာ
**၀၉:၅၀** ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

SCAN ME

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm  t.me/mrtvnews  twitter.com/mrtvwebportal

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG နှင့်ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်

**နေပြည်တော် ဩဂုတ် ၆**

အစိုးရ၏ပညာရေးစနစ် ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG မှ အဖွဲ့ဝင် တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ယင်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူ ကောင်းသိုက်စိုး (CDM၊ လက်ထောက်မြို့နယ်ပညာရေးမှူး) အပါအဝင် ဝင်းမိုလ်(ခ) ဘိုဘို(CDM၊ မူလတန်းပြ)နှင့် သန့်စင်ထိုက်(CDM၊ မူလတန်းပြ) တို့ သုံးဦးအား တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်း၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန် ဖမ်းဆီးရမိခဲ့သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်ကို ဦးစီးဦးဆောင်ခဲ့သူများ၊ လူငယ်များကို လမ်းမှားရောက်စေရန် တွန်းပို့ခဲ့သူများမှအပ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုများကြောင့် ပါဝင်ခဲ့ရသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တစ်စုံတစ်ရာအရေးယူမှု ပြုလုပ်သွားမည်မဟုတ်ကြောင်းကိုလည်း သတင်းများ၊ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားခြင်းများဖြင့် အသိပေးပြောကြားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များအပေါ်အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင် ပါဝင်သည့် ဆရာ ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏စာရင်းကို အသေးစိတ်ရရှိပြီးဖြစ်သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအနက် အချို့သော ဆရာ ဆရာမများသည် မိမိတို့လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့်လုပ်ရပ်များအပေါ် အသိတရားရရှိခဲ့ပြီး အေးချမ်းစွာနေထိုင်လိုသည့်အတွက် ကိုယ်တိုင်အသိတရားဖြင့် ပြန်လည်ဆက်သွယ်လာမှုများရှိရာ ထိုကဲ့သို့ သတင်းပို့ဆက်သွယ်လာသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့ရသည့် ဆရာ ဆရာမများအနေဖြင့် ဥပဒေဘောင်အတွင်း၌ အေးချမ်းစွာနေထိုင်ဖြတ်သန်းနိုင်ရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်မှ သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးသွားမည် ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၇ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်များရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**✳ CDM မှ**

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မြိတ်မြို့၌ အသိပညာပေးဟောပြော

**မြိတ် ဩဂုတ် ၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ကျောင်းသား ကျောင်းသူများအား အသိပညာဗဟုသုတတိုးပွားစေရန်နှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် မူးယစ်ဆေးဝါး၏ဆိုးကျိုးများကို သိရှိနားလည်ပြီး ရှောင်ရှားတတ်စေရန်အတွက် အသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းက အထက(၁)မြိတ် ပညာဗိမာန်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် အမှတ် (၇၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (မြိတ်)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူး ကျော်နိုင်လင်းက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်အကြောင်းကို လည်းကောင်း၊ အမှတ်(၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ် (မြိတ်)မှ တပ်ဖွဲ့စိတ်မှူး ဒုရဲမှူး ကျော်ဝင်းသန်းက လူကုန်ကူးမှုအန္တရာယ်အကြောင်းကို လည်းကောင်း၊ အမှတ်(၃၅) မူးယစ်တပ်ဖွဲ့စု (မြိတ်)မှ တပ်ဖွဲ့စုမှူး ရဲမှူးဆန်းညွန့်အောင်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းကို လည်းကောင်း ဟောပြောခဲ့ကြပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။ **ခိုင်ထူး (ပြန်/ဆက်)**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**သိမ်းဆည်းခံရနိုင်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ဆားလင်းကန်ကျေးရွာနေ စိုးနိုင်ဦးသည် ၎င်းအသုံးပြုသည့် “Soe Naing Oo” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွှေကုန်းကျေးရွာနေ အောင်ကျော်မျိုးသည် ၎င်းအသုံးပြုသည့် “Aung Kyaw Myo” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်နေ သင်းသင်းကြည်သည် ၎င်းအသုံးပြုသည့် “Thin Thin Kyi” Facebook အကောင့်နှင့် မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက်နေ အေးမြသံစဉ်ဦး(ခ) ဘေဘေးသည် ၎င်းအသုံးပြုသည့် “Bay Bae” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဆည်)၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျောက်ဆည် ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဆည်)၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက မူးယစ်ဆေးဝါး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ကျောင်းအုပ်ကြီး ဒေါက်တာမျိုးသူက အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ခရိုင်ရဲတပ်ဖွဲ့ရုံးမှ ဒုတိယရဲမှူးကြီး အောင်မင်းစိန်က မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် လူကုန်ကူးမှုအမျိုးအစားများ၊ လူစုဆောင်းသည့်နည်းလမ်းများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေများအကြောင်းနှင့် မူးယစ်ဆေးဝါးများ စတင်ပေါ်ပေါက်လာပုံများနှင့် ယနေ့လူငယ် နောင်ဝယ်လူကြီးဖြစ်လာမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် လူ့ဘဝအညွန့်တုံးရုံမျှမက အသက်ဆုံးရှုံးရသည်အထိ ကောင်းကျိုးမရှိသည့် မူးယစ်ဆေးဝါးများ မသုံးစွဲမိကြစေရေး၊ မူးယစ်ဆေးသုံးစွဲသူများ၏ နောက်ဆက်တွဲဆိုးကျိုးများအကြောင်း၊ အရေးယူခံရနိုင်သည့် ဥပဒေများအကြောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**သက်မောင်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၆၁၅ | ၁၆၆၀ | ၁၆၅၅ | ၁၆၂၀ | ၁၆၆၀ | ၁၆၈၀ | ၁၆၆၅ | ၁၆၄၅ | ၁၇၄၀ | ၁၇၅၅ | ၁၆၅၀ | ၁၆၆၀ | ၁၆၉၅ | ၁၆၉၅ | ၁၇၀၀ | ၁၉၁၅ | ၂၆၉၅ |
| 95 Ron | ၁၆၆၅ | ၁၇၁၅ | ၁၇၁၀ | ၁၆၇၅ | ၁၇၁၀ | ၁၇၃၅ | ၁၇၂၀ | ၁၇၀၀ | ၁၇၉၅ | ၁၈၁၀ | ၁၇၀၅ | ၁၇၂၀ | ၁၇၅၀ | ၁၇၅၀ | ၁၇၅၀ | ၁၉၇၀ | ၂၇၅၀ |
| HSD (500 ppm) | ၁၉၇၀ | ၂၀၁၅ | ၂၀၁၀ | ၁၉၇၅ | ၂၀၁၅ | ၂၀၃၅ | ၂၀၃၀ | ၂၀၀၀ | ၂၁၁၅ | ၂၁၁၀ | ၂၀၀၅ | ၂၀၁၅ | ၂၀၅၀ | ၂၀၅၀ | ၂၀၅၀ | ၂၂၇၀ | ၃၀၄၅ |
| HSD (50 ppm) | ၂၀၂၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၉၀ | ၂၀၉၀ | ၂၀၅၅ | ၂၁၇၀ | ၂၁၆၅ | ၂၀၆၀ | ၂၀၇၅ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၃၀ | ၃၀၇၅ |
| HSD (10 ppm) | ၂၀၂၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၉၀ | ၂၀၉၀ | ၂၀၅၅ | ၂၁၇၀ | ၂၁၆၅ | ၂၀၆၀ | ၂၀၇၅ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၃၀ | ၃၀၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၅၂၆ | ၁၅၉၀ |
| 95 Ron | ၁၅၇၉ | ၁၆၄၄ |
| HSD (500 ppm) | ၁၈၇၀ | ၁၉၃၇ |
| HSD (50 ppm) | ၁၉၂၅ | ၁၉၉၃ |
| HSD (10 ppm) | ၁၉၂၅ | ၁၉၉၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ကံမမြို့၌ နှာခေါင်းစည်းတပ်ဆင်ရေးနှင့် မျောက်ကျောက်ရောဂါ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

ကံမ ဩဂုတ် ၆

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်တွင် ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကင်းဝေးစေရန်နှင့် မျောက်ကျောက်ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် နှာခေါင်းစည်း တပ်ဆင်ရေးနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်း လုပ်ငန်းများကို စည်ပင်သာယာ မြို့မဈေးနှင့် မြို့ပေါ်ရပ်ကွက်များရှိ လူစည်ကားသည့်နေရာများတွင် ယနေ့ နံနက် ၈ နာရီက ဆောင်ရွက်ခဲ့ကြသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းငွေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကျန်းမာရေးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

❖

## ထန်းတပင်မြို့နယ်၌ နှာခေါင်းစည်းတပ်ဆင်သွားလာရေး လှုပ်ရှားမှုဆောင်ရွက်

ထန်းတပင်(ရန်ကုန်) ဩဂုတ် ၆

ကိုဗစ်-၁၉ မျိုးကွဲသစ် အိုမီခရွန်ရောဂါ ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ နှာခေါင်းစည်းတပ်ဆင်သွားလာရေး လှုပ်ရှားမှုကို ယနေ့နံနက်ပိုင်းက မြို့မဈေးနှင့် ဈေးရှေ့တို့၌ မြို့နယ်တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အခမဲ့ဖြန့်ဝေ**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ထန်းတပင်မြို့မဈေးရှိ ဈေးသည်များ၊ မြို့မဈေးသို့လာရောက်ဈေးဝယ်ကြသူများ၊ ဈေးရှေ့သွားလာနေကြသူများတွင် နှာခေါင်းစည်း တပ်ဆင်ထားခြင်းမရှိပါက တစ်ခါသုံး နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေးခဲ့ကြသည်။ ထို့ပြင် နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာရာတွင် နှာခေါင်းစည်းမဖြစ်မနေ တပ်ဆင်သွားလာစေရေး အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



# လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ခုနစ်ပွဲဆက် အနိုင်ရ

ရန်ကုန် ဩဂုတ် ၆

၂၀၂၂ ရာသီ MNL ပြိုင်ပွဲ ပွဲစဉ် (၇) ပထမနေ့ကို ဩဂုတ် ၆ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရန်ကုန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ခုနစ်ပွဲဆက် အနိုင်ရရှိခဲ့သည်။

ဇယားထိပ်ဆုံးမှ ရှမ်းယူနိုက်တက်အသင်းနှင့် တတိယနေရာမှ ရန်ကုန်အသင်းတို့၏ ထိပ်တိုက်တွေ့ဆုံမှုမှာ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းက ပထမပိုင်းတွင် သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲတွင် ကစားသမားသုံးဦး အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရပြီး ယခုရာသီ၏ ပထမဆုံးအကြိမ် တစ်ပွဲတည်း အနီကတ်သုံးကြိမ် ပြသခံခဲ့ရခြင်း ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းတွင် ကျော်ဇင်ဖြိုး (ဂိုး)၊ ရဲမင်းသူ၊ ဟိန်းသီဟဇော်၊ နန္ဒကျော်၊ ကျော်ဇင်လွင်အပါအဝင် နိုင်ငံခြားသားကစားသမား နှစ်ဦးဖြင့် ပွဲထွက်ခဲ့ပြီး ရန်ကုန်အသင်းတွင်လည်း ကျော်မင်းဦး၊ မောင်မောင်ဝင်း၊ ထက်ဖြိုးဝေ၊ ရန်နိုင်ဦး၊ သီဟထက်အောင်တို့ဖြင့် ပွဲထွက်ခဲ့ကာ တိုက်စစ်မှူး ဝင်းနိုင်ထွန်းမှာ ပထမဆုံး ပါဝင်ကစားခဲ့သည်။ အသင်းကြီးနှစ်သင်း တွေ့ဆုံသည့်ပွဲဖြစ်သောကြောင့် ပွဲစကတည်းက အပြန်အလှန် ကစားနိုင်ခဲ့ပြီး ၁၂ မိနစ်တွင် ရန်ကုန်တိုက်စစ်မှူး ဝင်းနိုင်ထွန်း အနီကတ်ဖြင့် ထုတ်ပယ်ခံရသည်။ တစ်ယောက်အသာရသွားသည့် ရှမ်းယူနိုက်တက်အသင်းသည် ပိုဖိ ကစားနိုင်ခဲ့သော်လည်း ရန်ကုန်အသင်းက အကောင်းဆုံး တုံ့ပြန်နိုင်ခဲ့သည်။ ၄၁ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း အနိုင်ဂိုး ရခဲ့ပြီး ဇင်မင်းထွန်းက သွင်းယူခဲ့သည်။ ဒုတိယပိုင်းအစတွင် ရှမ်းယူနိုက်တက် အသင်းမှ ဇင်မင်းထွန်းနှင့် ရန်ကုန်အသင်းမှ ဇာနည်ထက်တို့ အချင်းများရာမှ ကွင်းလယ်ဒိုင်က နှစ်ဦးစလုံးကို အနီကတ်ဖြင့် ထုတ်ပယ်ခဲ့သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်ရရန် ကြိုးပမ်းခဲ့သော်လည်း ဂိုးထပ်မသွင်းနိုင်သဖြင့် ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ခုနစ်ပွဲဆက် အနိုင်ရလဒ်ဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်လျက်ရှိပြီး ရန်ကုန်အသင်းက ခုနစ်ပွဲကစား ၁၃ မှတ် ရရှိထားသည်။ ပွဲစဉ် (၇) ဒုတိယနေ့ကို ဩဂုတ် ၇ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရတနာပုံအသင်းနှင့် ရောဝတီအသင်း ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MNL**



ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်း ယှဉ်ပြိုင်နေစဉ်။

# MNL-2 (ပထမတန်း) ပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် ဩဂုတ် ၆

၂၀၂၂ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁) ပထမနေ့ကို ဩဂုတ် ၆ ရက်က သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁၌ကျင်းပရာ ကချင်ယူနိုက်တက်နှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ နှစ်ဂိုးစီ သရေကျခဲ့သည်။

ပြိုင်ပွဲအဖွင့်ပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း အပြန်အလှန်သွင်းဂိုးများဖြင့် သရေကျခဲ့သည်။ ကချင်ယူနိုက်တက်အသင်းသည် ပထမပိုင်းတွင် နှစ်ဂိုးပြတ် ဦးဆောင်နိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ဂိုးများပြန်ပေးလိုက်ရသဖြင့် သရေကျခဲ့ခြင်းဖြစ်သည်။

ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၃၁ မိနစ်တွင် ဇော်မွန်အောင်က ကချင်ယူနိုက်တက်အတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ကချင်ယူနိုက်တက်အသင်း ပိုဖိကစားနိုင်ခဲ့ပြီး ၄၃ မိနစ်တွင် ဇော်မွန်အောင်က ဒုတိယဂိုးထပ်သွင်းခဲ့သဖြင့် ပထမပိုင်းအပြီးတွင် ကချင်ယူနိုက်တက်အသင်းက နှစ်ဂိုးပြတ် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ဒဂုံစတားအသင်းက ချေပဂိုးရရန် ကြိုးပမ်းလာပြီး ၇၁ မိနစ်တွင် ဖိုးချစ်က ပယ်နယ်တီမှတစ်ဆင့် ပထမဂိုး ပြန်သွင်းခဲ့သည်။ တစ်မိနစ်အကြာမှာပင် ဒဂုံစတားအသင်း ဒုတိယ ချေပဂိုးရခဲ့ပြီး အောင်နိုင်ဦးက သွင်းယူခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၂) ပထမနေ့ကို ဩဂုတ် ၁၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဒဂုံစတားယူနိုက်တက်နှင့် တက္ကသိုလ်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**



ကချင်ယူနိုက်တက်နှင့် ဒဂုံစတားယူနိုက်တက် ယှဉ်ပြိုင်နေစဉ်။

**❂ အကြိမ်(၂၀)မြောက်မှ**

ဒုတိယငွေတံဆိပ်ဆုကိုရရှိခဲ့ပြီး ပွဲစဉ်(၂)ဖြစ်သည့် အမျိုးသမီး နန်းသောင်းပြိုင်ပွဲတွင် ဒဂုံတက္ကသိုလ်ကျောင်းသူ မအေးသစ္စာမြင့် ဝင်ရောက်ယှဉ်ပြိုင်ရာ ရမှတ် ၉ ဒသမ ၆၉ ဖြင့် ပထမ ရွှေတံဆိပ်ဆုကို ရရှိခဲ့သည်။

မြန်မာဝူရှူး အားကစားအဖွဲ့တွင် အားကစားသမားသုံးဦးက ဝူရှူးအားကစားနည်း (၄)မျိုး ပြိုင်ပွဲ(၆)ခုယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် (၂)ခု၊ ငွေတံဆိပ် (၂)ခု၊ ကြေးတံဆိပ် (၁)ခုဖြင့် ဆုတံဆိပ် ၅ ခုအထိ အောင်မြင်စွာဆွတ်ခူးနိုင်ခဲ့သည်။ အကြိမ်(၂၀) မြောက် အာဆီယံ တက္ကသိုလ်အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ အားကစားအဖွဲ့အနေဖြင့် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ မြားပစ်နှင့် ဝူရှူးအားကစားနည်း ၄ မျိုး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ စုစုပေါင်းရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**○ ပရီမီယာလိဂ်မှ**

လီဗာပူးအသင်းဟာ ဒုတိယပိုင်းမှာ ချေပဂိုးနဲ့ အနိုင်ဂိုးတွေ ပြန်လည်ရရှိဖို့ ပွဲကစားချိန် ၅၁ မိနစ်မှာ တိုက်စစ်မှူး ဒါဝင်နူနက်ဇ်နဲ့ ကွင်းလယ်ကစားသမား အီလီယော့တို့ကို တစ်ချိန်တည်းလူစားဝင်ကစားစေခဲ့ပြီးနောက် လီဗာပူးအသင်းရဲ့ ကစားပုံ ပိုမိုကောင်းလွန်းလာခဲ့ကာ ပွဲကစားချိန် ၆၄ မိနစ်မှာ လူစားဝင်ကစားသမား ဒါဝင်နူနက်ဇ်ရဲ့ သွင်းဂိုးနဲ့ ချေပဂိုး တစ်ဂိုး ပြန်လည်ရရှိခဲ့ပါတယ်။

ဒါပေမယ့် ပွဲကစားချိန် ၇၂ မိနစ်မှာ ဖူလ်ဟမ်အသင်းက ပင်နယ်တီပြစ်ဒဏ် ဘောကန်ခွင့်ရရှိခဲ့တာကြောင့် ဒုတိယဂိုးထပ်မံရရှိခဲ့ပြီး အဲဒီသွင်းဂိုးကို မီထရိဗစ်ကပဲ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ လီဗာပူးအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန်မိနစ် ၈၀ မှာ တိုက်စစ်မှူး မိုဟာမက်ဆာလာက သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၁)ရဲ့ အဖွင့်ပွဲစဉ်မှာတော့ အာဆင်နယ်အသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် နည်းပြအာတီတာရဲ့ အာဆင်နယ်အသင်းဟာ အနိုင်သုံးမှတ် အပြည့်ရရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

# ကျွန်းစုမြို့တွင် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသမီး (U-18) ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ကျွန်းစု ဩဂုတ် ၆

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် TSDP အစီအစဉ်အရ မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသမီး (U-18)ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဩဂုတ် ၄ ရက်နေ့ ညနေ ၃ နာရီက မြို့နယ်မိုးလုံလေလုံအားကစားခန်းမ၌ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

ဗိုလ်လုပွဲကို အ.ထ.က ကျွန်းစု(က)အသင်းနှင့် အ.ထ.က ကတ္တလူ(က)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြပြီး အ.ထ.က ကျွန်းစု(က)အသင်းက (၃-၁)ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ တံခွန်စိုက်ဖလားကို ရရှိခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ နေရာအသီးသီးအလိုက် အကောင်းဆုံးကစားသမားဆု၊ တတိယဆုရရှိသော အ.ထ.က ကတန်းအသင်းအား လည်ဆွဲဆုနှင့် ငွေသားဆု၊ ဒုတိယရရှိသောအသင်းနှင့် ပထမဆုရရှိသောအသင်းအား လည်ဆွဲဆုနှင့် ငွေသားဆုများအား မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းမာနှင့်တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ခဲ့ပြီး မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဦးအောင်စန်းဝင်းက ပထမဆုရရှိသောအသင်းအား တံခွန်စိုက်ဆုဖလားကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**စည်သူရအောင်(ကျွန်းစု)**




# မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၆

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်း ဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

အားကစား
မြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)





## ဗုဒ္ဓနည်းကျ လူမှုဆက်ဆံရေးပညာ

စာရေးသူ ဒေါက်တာဉာဏမေတ္တာရေးသားသည့် ဗုဒ္ဓနည်းကျ လူမှုဆက်ဆံရေးပညာစာအုပ် ထွက်ရှိလာသည်။

ထိုစာအုပ်တွင် လောကီနယ်ပယ်တွင် စကားပြောကောင်းလျှင် လူမှုဆက်ဆံရေးကောင်းသည်ဟု ဆိုသော်ငြားလည်း ဗုဒ္ဓအလိုကျ ဆိုလျှင် ကောင်းသောစကားပြောမှသာ လူမှုဆက်ဆံရေးကောင်းဟု ဆိုနိုင်လေသည်။ စကားပြောကောင်းသောသူသည် အဖြူကို အမည်းဖြစ်အောင်ပြောနိုင်သလို၊ အမည်းကို အဖြူဖြစ်အောင်လည်း လူအများလက်ခံနိုင်အောင် စကားပြောစွမ်းရည် ကောင်းလှပေသည်။ ဗုဒ္ဓနည်းကျ လူမှုဆက်ဆံရေးကောင်းသောသူသည် ကောင်းသောစကားများကိုသာ ပြောကြားကြလေသည်။ အဖြူကို အဖြူအတိုင်း၊ အမည်းကို အမည်းအတိုင်း၊ ကုသိုလ်ကို ကုသိုလ်အတိုင်း၊ အကုသိုလ်ကို အကုသိုလ်အတိုင်း ပြောကြားတတ်လေသည်။ အကျိုးရှိရာရှိကြောင်းတရားများကို အကျိုးရှိကြောင်းပြောပြီး အကျိုးမဲ့ရာမဲ့ကြောင်းကိုလည်း အကျိုးမဲ့ကြောင်း ပြောကြားတတ်လေသည်။ လောကီ၊ လောကုတ္တရာ နှစ်ဖြာစလုံး ပြည့်စုံသောလူမှုဆက်ဆံရေးတွင် စကားပြောကောင်းသူထက် ကောင်းသောစကားပြောကြားသူများသာ ဖြစ်ကြလေသည်။ စကားပြောလည်းကောင်းမည်၊ ကောင်းသောစကားကိုလည်းပြောမည်ဆိုပါက အတိုင်းထက်အလွန်ပင်ဖြစ်သည်။

**စာအုပ်ကို ဆိပ်ကမ်းသာစာပေ၊ ၁၃၊ (၃၈) လမ်း၊ ပလာဇာဈေးသစ်၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၉ ၇၈၆၈၃၇၃၀၅ နှင့် ၀၉ ၉၆၃၆၉၉၈၃၇ တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။**




## တိမ်ပေါ်ကဝိုင်တစ်ခွက် ဝတ္ထုတိုများ

စာရေးသူ မင်းဆက်ပိုင်ရေးသားသည့် တိမ်ပေါ်ကဝိုင်တစ်ခွက် ဝတ္ထုတိုများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကောင်မလေးအခန်းတံခါးကို ဝုန်းကနဲ ဆောင့်ပိတ်လိုက်တယ် ဝတ္ထုတိုတွင် စာရေးသူက ဒီနေရာမှ မိဘတွေကို ကျွန်တော်ပြောချင်တာက (ဆရာလုပ်တာမဟုတ်ပါဘူး) လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိန့်ဘဆိုသလို သားငယ်၊ သမီးငယ်တွေရဲ့ လက်ဦးဆရာကမိဘပါ။ မိဘကောင်းမှ သားသမီးကောင်းမယ်။ မိဘက စာအုပ်စာပေ၊ ဂျာနယ်၊ စာစောင် ဖတ်ပြနေမှ သားသမီးများက စာဖတ်မယ်။ မိဘယဉ်ကျေးမှ သားသမီးယဉ်ကျေးမယ်၊ မိဘကမကောင်းတာလုပ်ပြီး ရိုင်းစိုင်းနေရင် သားသမီးကလည်း မကောင်းတာလုပ်ပြီး ရိုင်းစိုင်းနေမယ်ဆိုတာ သိဖို့လိုပါတယ်။ သတိပြုဖို့လိုပါတယ်။ ထို့အပြင် အရိုင်းဆန်ဆန်လှနေတဲ့ လမင်းလေး၊ နှင်းဆီနက်အော်ပရာ၊ တစ်ပွင့်ကြွေ နှစ်ပွင့်ကြွေ ဘယ်လောက်ပဲကြွေကြွေ နောက်တစ်ခါပြန်ပွင့်ရင် ခရေဟာ ခရေပါပဲ၊ မလွမ်းရသေးတဲ့ အလွမ်းပန်း၊ ကမ္ဘာမြေ၏ အသက်၊ ချစ်ရတာလည်းမလွယ် မုန်းရတာလည်းမလွယ်၊ ချစ်ရိပ်၊ မောင့်အတွက်နှစ်တစ်ရာသစ္စာစာချုပ်၊ အက္ခရာမပါတဲ့ အချစ်၊ ကောင်မလေး အခန်းတံခါးကို ဝုန်းကနဲ ဆောင့်ပိတ်လိုက်တယ်၊ တိမ်ပေါ်ကဝိုင်တစ်ခွက် အစရှိသည့် ဝတ္ထုတိုအပုဒ်ရေ ၃၃ ပုဒ်ကို စိတ်ဝင်စားဖွယ်ရေးသားထားသည်။


**စာအုပ်ကို မျိုးဆက်သစ်စာပေ၊ အမှတ်(၃၄)၊ ၄-လွှာ(ယာ)၊ ကျည်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၄၂၀၂၂၉၆၂ မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု လူငယ်စာပေ ဒုတိယဆုရ "ဇေရယ်ယုနိုင် (ရွှေတောင်)ရေးသားသည့် "မမဆိုသောသမီးကြီး"စာအုပ်ကို ၂၀၂၂ ခုနှစ် သြဂုတ်လ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှ တစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့် လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ် အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း- ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်




## ဖားမင်းသားလေးနှင့် အခြားပုံပြင်များစာအုပ် ထွက်ရှိ

နေပြည်တော် သြဂုတ် ၆

မောင်မောင်ညွန့်လှိုင်ရေးသားသော ဖားမင်းသားလေးနှင့် အခြားပုံပြင်များ စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် မပိုလေးနဲ့ ဘီလူးကြီး၊ ဝက်သားငယ်ကလေးသုံးကောင်၊ အရမ်းချစ်တဲ့ မေမေ၊ ဖားမင်းသားလေး၊ ဖိနပ်ချုပ်သမားနဲ့ မှင်စာလေးနှစ်ကောင်၊ ပုလဲမင်းသမီးကလေး၊ အိမ်သူဖြစ်သွားတဲ့ ကြောင်မလေး၊ ယုန်ကလေးရဲ့ ဦးချို၊ ရက်ကန်းမင်းသမီးလေးနဲ့ နွားကျောင်းသားလေးနှင့် ဖိုးထူးလေးနဲ့ဒေါ်စုတ်ဖွားစသဖြင့် ပုံပြင် ၁၀ ပုဒ်ဖြင့် ဖော်ပြထားသည်။

အဆိုပါ စာအုပ်တွင် ပြည်ပနိုင်ငံများဖြစ်သော အင်္ဂလန်၊ ဂျပန်၊ ဂျာမနီ၊ နော်ဝေ၊ ဇမ်ဘီယာနှင့် ချက်ကိုဆလိုဗေးကီးယားနိုင်ငံတို့မှ ကောင်းနိုးရာရာပုံပြင်များကို မြန်မာမှုပြုကာ နိုင်ငံ၏ အနာဂတ်မျိုးဆက်သစ်၊ သားငယ် သမီးငယ်လေးများအတွက် စာပေဗဟုသုတနှင့် ယဉ်ကျေးမှုတိုးပွားစေရေးအတွက် ပုံပြောသည့်ပုံစံ စကားပြောအနေဖြင့် ဖန်တီးရေးသားထားသည်။

ယင်းစာအုပ်ကို ဆုပြည့်စုံထွန်းစာပေ၊ မခင်မာရွှေ(၀၀၂၅၆)၊ အမှတ်-၅၀၈/၅၁၂(၂-ခ)ပထမထပ် ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိထားသည်။

ကြေးမုံ

# စာပေဗိမာန်စာမူဆုရ စာအုပ်များ ဖြန့်ချိရောင်းချ

### နေနှင့် လမင်း အလင်းသစ္စာကဗျာများ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ် တတိယဆုရရှိသည့် စာရေးဆရာ ကနောင် နိုင်နွယ်ဦး၏ "နေနှင့် လမင်း အလင်းသစ္စာကဗျာများ"စာအုပ်ကို ငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကဗျာ ၆၅ ပုဒ်ပါရှိသည်။ အကြောင်းအရာအလိုက် အခန်းများခွဲကာ စုစည်းဖော်ပြထားပြီး ကျေးလက်အလှ၊ ကိုယ်ကျင့်တရား၊ စာပေနှင့် ယဉ်ကျေးမှု၊ ချစ်ခြင်းမေတ္တာဖွဲ့၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ မျိုးဆက်သစ်တို့ အတွေးအမြင်မှန်ကန်ရေးတို့အပြင် မြန်မာ့လယ်ယာလုပ်ငန်း၏ နွေမိုးဆောင်းအလှများကို ရသမြောက်စွာ ဖော်ကျူးရေးသားထားသော ကဗျာစာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

### ဆိုင်းဂီတဖြင့် တိုင်းပြည်အလှဆင်သူ(သို့) အလင်္ကာကျော်စွာ စိန်စတင်း

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု စာပဒေသာ ပထမဆုရရှိသည့် စာရေးဆရာ မြေလတ်မင်းလွင်၏ "ဆိုင်းဂီတဖြင့် တိုင်းပြည်အလှဆင်သူ (သို့) အလင်္ကာကျော်စွာ စိန်စတင်း"စာအုပ်ကို ငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် မြန်မာ့ဆိုင်းဂီတလောက၌ တစ်ခေတ်တွင် တစ်ယောက် လျှမ်းလျှမ်းတောက် ထွန်းပေါက်ထင်ရှားသော အလင်္ကာကျော်စွာဘွဲ့ရ ဆိုင်းပညာရှင် စိန်စတင်း၏ ဘဝနှင့် ပန်တျာဂီတ ပြည့်ဝသော ဆိုင်းပညာ၊ ပီသကြည်မြသော တစ်မူထူးသည့်လက်သံ၊ ရေးဖွဲ့သည့် တေးသီချင်း၊ ဆိုင်းလောက၏အနာဂတ် စသည့်အကြောင်းအရာတို့ကို စေ့စုံစွာ ရေးသားထားသည်။ ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ပေါ်လာသော ဆိုင်းပညာရှင် စိန်စတင်း၏ ပန်တျာဂီတ လေ့လာဆည်းပူးတီထွင်မှု အံ့မခန်းသည့် လက်စွမ်းအကြောင်းရပ်တို့မှာ စိတ်ဝင်စားဖွယ်ဖြစ်ပြီး ဆိုင်းလောက၏ ရှေ့ဆောင်အဖြစ် ထင်ရှားစေသူဖြစ်ကြောင်း ပေါ်လွင်အောင် ရေးဖွဲ့ထားသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုကို အထောက်အကူပြုပြီး ခိုင်မာသောအချက်အလက်များဖြင့် စုစည်းရေးသားထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

### ပွဲကိုင်ရှင်တို့၏ နှလုံးသားအလှနှင့် ဝတ္ထုတိုများစုစည်းမှု

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု ဝတ္ထုတိုပေါင်းချုပ် တတိယဆုရရှိသည့် စာရေးဆရာ တင်တော်၏ "ပွဲကိုင်ရှင်တို့၏ နှလုံးသားအလှနှင့် ဝတ္ထုတိုများစုစည်းမှု"စာအုပ်ကို ငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ဝတ္ထုတို ၁၀ ပုဒ်ပါရှိသည်။ မိဘနှင့် သားသမီး၊ ဆရာနှင့် တပည့်၊ ကျေးဇူးတရား၊ တာဝန်နှင့် ဝတ္တရား၊ သစ္စာစောင့်သိမှု၊ ကူညီရိုင်းပင်းမှု၊ အနစ်နာခံမှု၊ အများအကျိုးသယ်ပိုးမှု၊ ဥပဒေစည်းကမ်းလိုက်နာမှု စသည်ဖြင့် ဘဝမျိုးစုံ၊ စရိုက်အဖုံဖုံကို စာရေးသူက ကိုယ်တွေ့ဖြစ်ရပ်များနှင့် ထင်ဟပ်ပြီး ရေးဖွဲ့ထားသည်။ ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ ရာထူးဂုဏ်ရှိန်မြင့်ခြင်းတို့က လူ့တန်ဖိုးမဟုတ်ဘဲ ရိုးသားခြင်း၊ သစ္စာရှိခြင်း၊ ကတိတည်ကြည်ခြင်းနှင့် စိတ်နှလုံးပြည့်ဝပြီး အများအကျိုးဆောင်ရွက်ခြင်းတို့ကသာ တကယ်စစ်မှန်သော လူ့တန်ဖိုးဖြစ်ကြောင်း၊ ကျောင်းဆရာ ဆရာမများသည် တပည့်များကို စာလည်းသင်ပေးရင်း လူကိုလည်း ပြင်ပေးရကြောင်း၊ တပည့်များ၏ စွမ်းဆောင်ရည်နှင့် သင့်လျော်မည့်လမ်းကြောင်းကို မှန်ကန်စွာ လမ်းညွှန်ပြသထိန်းကျောင်းပေးနေကြရသည့် နှလုံးလှပွဲကိုင်ရှင်များဖြစ်ကြောင်းကို မီးမောင်းထိုးပြထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်များကို အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈၊ အမှတ် (တ- ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် သြဂုတ် ၆

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

# သမိုင်းတစ်ကွေ့ အတွေ့အကြုံတစ်ရပ် ကောင်းစွာယူတတ်ပါစေ ...

**ပြည်သူတစ်ဦး**

**စေတုတ္တရာမြို့နယ်သည် မကွေးတိုင်းဒေသကြီးအတွင်းတည်ရှိပြီး ရခိုင်ရိုးမအနောက်တောင်ခြေတွင်တည်ရှိသော ချင်းလူမျိုးများနေထိုင်ရာဒေသတစ်ခုဖြစ်သည်။ တောတောင်ထူထပ်၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခဲ့သည်နှင့်အမျှ ကွန်မြူနစ်ပါတီတို့ ကြီးစိုးရာနယ်မြေဒေသတစ်ခုဖြစ်ခဲ့သည်။**

### သောင်းကျန်းသူများ ကြာရှည်စွာအုပ်စိုးခံခဲ့ရ

သခင်သန်းထွန်း ဦးဆောင်သော အလံဖြူကွန်မြူနစ်ပါတီသည် လွတ်လပ်ရေးရပြီး တောခိုသည်နှင့် စေတုတ္တရာမြို့နယ်တောင်ပိုင်း ကူတော်ကျေးရွာတွင် ဌာနချုပ်ရုံးစိုက်ခဲ့သည်။ သခင်စိုး ဦးဆောင်သော အလံနီကွန်မြူနစ်ပါတီသည် စေတုတ္တရာမြောက်ပိုင်း အလယ်ဟန်ဒေါက်ကျေးရွာတွင် ရုံးစိုက်ခဲ့သည်။ စေတုတ္တရာမြို့နယ်တွင် နေထိုင်သည့် ပြည်သူများသည် သောင်းကျန်းသူများ ကြာရှည်စွာ အုပ်စိုးခံခဲ့ရသဖြင့် စီးပွားရေး၊ လူမှုရေးဘဝလည်း နိမ့်ကျခဲ့ရသည့်အပြင် ၎င်းတို့၏ ရက်စက်စွာသတ်ဖြတ်မှု၊ ညှဉ်းပန်းမှု၊ အနိုင်အထက်ကျင့်မှုတို့ကို အလူးအလဲခံခဲ့ရသည်။

နိုင်ငံကို တည်ငြိမ်အောင်ထိန်းလာနိုင်သည့် ၁၉၅၆ ခုနှစ်တွင် အောင်မာဃစစ်ဆင်ရေး ဆင်နွှဲပြီး ထိုဒေသကို ၁၉၅၆ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပါသည်။ စစ်ဆင်ရေးအတွက် အမှတ်(၁၀)၊ အမှတ် (၁၆)၊ အမှတ်(၂၁)၊ အမှတ်(၈၈)၊ အမှတ်(၁၀၈) စသည်ဖြင့် ခြေလျင်တပ်ရင်းများက လုံခြုံရေးတာဝန်ယူခဲ့ကြသည်။ ရဲစခန်းအချို့ ဖွင့်လှစ်နိုင်ခဲ့သည်။ အစောပိုင်းကာလတွင် စေတုတ္တရာမြို့ပေါ်မှအပ ကျေးလက်ဒေသများတွင် အေးချမ်းတည်ငြိမ်မှုမရှိခဲ့။ တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် သောင်းကျန်းသူများက ကျေးရွာများတွင် သူဝင်ငါထွက် ဖြစ်နေခဲ့သည်။ အဆိုပါဒေသများတွင် အစိုးရထက် သောင်းကျန်းသူများက အာဏာလွှမ်းမိုးခဲ့ကြသည်။

### အာဏာနီနယ်မြေထူထောင်ရေးပေါ်လစီကို ဖော်ဆောင်ခဲ့

တပ်မတော်မှ တပ်ရင်းလိုက်တောခိုခဲ့သည့် ဗိုလ်သက်ထွန်း ဦးဆောင်သော တိုင်းပါတီတပ်နှင့် စိုးသိမ်းဦးဆောင်သော ခရိုင်တပ်တို့သည် ကွန်မြူနစ်ပါတီဗဟိုမှချမှတ်သော အာဏာနီနယ်မြေထူထောင်ရေးပေါ်လစီကို ဖော်ဆောင်ခဲ့သည့်အတွက် ပြည်သူလူထုအား သတ်ဖြတ်နှိပ်စက်ခြင်း၊ စီးပွားဥစ္စာများ လုယူဖျက်ဆီးခြင်း၊ စာသင်ကျောင်းများ မီးရှို့ဖျက်ဆီးခြင်း၊ ပညာရေးဝန်ထမ်းများအား နေ့ဝင်းဒေါက်တိုင်ဟု သတ်မှတ်ပြီး သတ်ဖြတ်ခဲ့ကြသည်။

အောက်ပါတို့မှာ ယင်းတို့၏ ရက်စက်ကြမ်းကြုတ်မှုမှတ်တမ်းများဖြစ်သည်–

၁၉၆၇ ခုနှစ် ဩဂုတ်လတွင် နစ်ဖြူခေါင်းဆောင် အုပ်ကြီး ဦးဆောင်သောအဖွဲ့သည် စိုင်းလိုင်းရွာသို့ ဝင်ရောက်၍ နွားလေးကောင်၊ စပါး ၁၀ တင်း တောင်းခံသွားခဲ့ခြင်း၊ မဏ္ဍပ်ကိုင်းရွာနှင့် ကျောက်တလုံးရွာတို့တွင် ဆန်များတောင်းခံခြင်း။

၁၉၆၈ ခုနှစ် ဇန်နဝါရီလတွင် ကဖန်ရွာသူရွာသားများ တစ်ရွာလုံးအား ၎င်းတို့အထောက်အကူပြုရန် တောတွင်းသို့ လက်နက်ပြခေါ်ဆောင်သွားခြင်း။

၎င်းနှစ်တွင် တိုက်စိုး ဦးဆောင်သော နစ်နီငါးဦးအဖွဲ့သည် တည်စုတ်ကျေးရွာ သမဝါယမအတွင်းရေးမှူး ဦးစံသောင်းအား လည်လှီးပြီး ရက်စက်စွာ သတ်ဖြတ်ခဲ့ခြင်း။

၎င်းနှစ်တွင် အုပ်ကြီးဦးဆောင်သော နစ်ဖြူအဖွဲ့သည် သက်လယ်ရွာမှ ဦးကျောက်လုံးအား သတ်ဖြတ်သွားခြင်း၊ နစ်ဖြူသာရန် ဦးဆောင်သော အဖွဲ့မှ မဏ္ဍပ်ကိုင်းရွာသား ဦးထွန်းစိန်နှင့် ခိုနန်းရွာသား ဦးကြီးမောင်တို့အား ရက်စက်စွာသတ်ဖြတ်ခဲ့ခြင်း။

၎င်းနှစ်တွင် တိုက်စိုးနှင့် မာဒင် ဦးဆောင်သော နစ်နီများသည် ပန်းအိရွာသို့ ဝင်ရောက်၍ ဆက်ကြေးတောင်းခြင်း။

၁၉၆၈ခုနှစ် မေလ ၆ ရက်နေ့တွင် သက်ထွန်း ဦးဆောင်သော နစ်ဖြူ တိုင်း၊ ခရိုင်ပူးပေါင်းအဖွဲ့က စေတုတ္တရာမြို့အား ဝင်ရောက်တိုက်ခိုက်သည့်အတွက် တပ်မတော်မှ တပ်ခွဲဗိုလ်ကြီးနှင့် စစ်သားများ တိုက်ပွဲတွင် ကျဆုံးခဲ့ရခြင်း။

စေတုတ္တရာမြို့ အခြေခံပညာအထက်တန်းကျောင်းအား မီးရှို့ဖျက်ဆီးခြင်း၊ ကုန်သွယ်ရေးဂိုဒေါင်များကို မီးရှို့ဖျက်ဆီးပြီး ပြည်သူပိုင်ပစ္စည်းများ လုယူသွားခဲ့သည်။ ယင်းဖြစ်စဉ်တွင် ရဲတပ်ဖွဲ့မှ ရှုပ်ရှုပ်ချုံချုံခုခံခဲ့သဖြင့် ငွေတိုက်ဖောက်ယူခွင့်မရဘဲ ပြန်လည်ဆုတ်ခွာသွားခဲ့ကြသည်။

> **စေတုတ္တရာနယ်မြေဒေသသည် ဒေသအားဖြင့် ကျဉ်းမြောင်းကာ တောတောင်လျှိုမြောင်များဖြင့် သွားလာရေးခက်ခဲခဲ့သည့် ဒေသတစ်ခုဖြစ်သည့်အလျောက် ဤအချက်ကို ခြေကုပ်ယူကာ ဗကပသောင်းကျန်းသူတို့သည် ဒေသခံပြည်သူများအား အသက်အိုးအိမ်စည်းစိမ်များပါမကျန် ဖျက်ဆီးခဲ့သည်။ မိမိတို့မြို့နယ်နည်းတူ ဒေသအသီးသီးတွင် အလားတူကြုံတွေ့ကြရပြီးဖြစ်ပါသည်။ မည်သို့ပင်ကြုံတွေ့ရစေကာမူ ဒေသခံပြည်သူများအချင်းချင်း သွေးစည်းညီညွတ်ကာ စည်းရုံးဖွဲ့စည်းမှုဖြင့် သောင်းကျန်းသူတို့အား တွန်းလှန်နိုင်ကြောင်း သက်သေသာဓကရရှိခဲ့ပြီးဖြစ်**

၁၉၆၈ ခုနှစ် မေလတွင် မထိမ်းရွာသို့ ဝင်ရောက်ပြီး သမဝါယမပစ္စည်းများ လုယူကာ မူလတန်းကျောင်းအား မီးရှို့ဖျက်ဆီးခဲ့သည်။

၁၉၆၈ ခုနှစ် ဇူလိုင်လတွင် ထွန်းရင် ဦးဆောင်သော နစ်ဖြူအဖွဲ့သည် ကံကျေးရွာမှ အိမ်ထောင်စုငါးစု၊ ပလွဲရွာ၊ အောက်ဝန်တုံရွာ၊ အထက်ဝန်တုံရွာ၊ သက္ကယ်ကျင်းရွာများမှ ရွာသားများအား ၎င်းတို့အတွက် ရိက္ခာထုတ်လုပ်ပေးရန် ရွာလုံးကျွတ် တောတွင်းသို့ ခေါ်ဆောင်သွားခဲ့သည်။

၁၉၆၈ ခုနှစ် ဇူလိုင်လအတွင်း၌ စိုင်းလိုင်းရွာတွင် နေထိုင်ကြသည့် ရွာသူရွာသားအားလုံး တစ်ရွာလုံးအား လက်နက်ပြ ခေါ်ဆောင်သွားခဲ့ပြန်သည်။

၎င်းနှစ်ကာလ၌ပင် ထွန်းရင် ဦးဆောင်သော နစ်ဖြူတပ်ဖွဲ့သည် အလယ်ပုံကျေးရွာနှင့် ပုံဆိပ်ကျေးရွာများသို့ ဝင်ရောက်၍ သမဝါယမပစ္စည်းများ လုယူခြင်း၊ မူလတန်းကျောင်းများအား မီးရှို့ခြင်း လုပ်ဆောင်သွားခဲ့သည်။ နီလွင် ဦးဆောင်သော သောင်းကျန်းသူများက အရှေ့ဖအိုင်းနှင့် ထန်းကိုင်းရွာတို့သို့ ဝင်ရောက်ဆက်ကြေးတောင်းခံခဲ့သည်။

### နယ်မြေလုံခြုံရေး အထူးအလေးပေးဆောင်ရွက်

၁၉၆၈ ခုနှစ် မေလတွင် စေတုတ္တရာမြို့ သောင်းကျန်းသူများ တိုက်ခိုက်ခြင်းခံရပြီးသည့်နောက်၌ နိုင်ငံတော်အစိုးရ လမ်းစဉ်ပါတီခေတ်တွင် နယ်မြေလုံခြုံရေး အထူးအလေးပေး ဆောင်ရွက်ခဲ့သည်။ စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ကျေးရွာများအားလုံးသို့ ကွင်းဆင်း၍ ပြန်လည်ထူထောင်ခြင်းများ ဆောင်ရွက်ခဲ့သည်။

စစ်ကြောင်းများမှ မှန်ကန်စွာ စည်းရုံးဆောင်ရွက်နိုင်မှုကြောင့် မိမိတို့နယ်မြေလုံခြုံရေးအတွက် ဒေသခံများတွင် တာဝန်ရှိကြောင်း သိရှိလာကြသည်။ ပြည်သူ့စစ်များကို ၁၉၇၈ ခုနှစ် နိုဝင်ဘာလမှ စတင်ဖွဲ့စည်းခဲ့သည့် ကျေးရွာပေါင်း ၂၆ ရွာတွင် လက်နက်တပ်ဆင်ပေးခဲ့သည်။ တပ်မတော်၏ အစီအစဉ်ဖြင့် အခြေခံစစ်ပညာသင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ပြည်သူ့စစ်များ၏ ထူးခြားသော ဆောင်ရွက်ချက်များတင်ပြရလျှင်–

၂၃-၃-၁၉၆၉ ရက်နေ့တွင် မြောက်ဟန်ဒေါက်ကျေးရွာမှ ဦးထွန်းအောင် ခေါင်းဆောင်သော ပြည်သူ့စစ်အဖွဲ့သည် နစ်နီတိုက်စိုးပါ ခုနစ်ယောက်ထံမှ ယုံကြည်မှုရအောင် တည်ဆောက်၍ သေနတ်တစ်ချက်မျှ ပစ်မဖောက်ရဘဲ ရိုင်ဖယ် ငါးလက်၊ ၃၀၃ ကျည် ၃၆ တောင့်တို့ကို လုယူနိုင်ခဲ့သည်။

၃-၁-၁၉၇၀ ရက်နေ့တွင် မွန်ဇော်ကျေးရွာရှိ ပြည်သူ့စစ်စခန်းအား မင်းဘူးခရိုင်တပ် နစ်ဖြူ ဗိုလ်ရွှေခေါင်းဆောင်သော သောင်းကျန်းသူအင်အား ၈၀ ခန့်က ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့သော်လည်း ပြည်သူ့စစ်များက ရှုပ်ရှုပ်ချုံချုံ ပြန်လည်ခုခံတိုက်ခိုက်ခဲ့သဖြင့် ၎င်းတို့ ပြန်လည်ဆုတ်ခွာထွက်ပြေးကြရသည်။

၂၃-၃-၁၉၇၀ ရက်နေ့တွင် ကူတော်ကျေးရွာ ပြည်သူ့စစ်အဖွဲ့က နစ်ဖြူတင်အေးအား တူမီးသေနတ်ဖြင့် အသေပစ်ခတ်ဖမ်းဆီးရမိခဲ့သည်။

၁၃-၁၀-၁၉၇၀ ရက်နေ့တွင် သက်လယ်ကျေးရွာ ပြည်သူ့စစ်များနှင့် ကြီးဝရဲကင်းတို့ ပူးပေါင်းအဖွဲ့က သက်လယ်ကျေးရွာအနီးရှိ နစ်ဖြူခရိုင်တပ်အား ချုံခိုတိုက်ခိုက်နိုင်ခဲ့သည်။

၃-၂-၁၉၇၁ ရက်နေ့တွင် စစ်ငန်းကျေးရွာ ပြည်သူ့စစ်က ခလရ(၈၈)နှင့် ပူးပေါင်း၍ ဝဒေဝချောင်းအနီး နစ်ဖြူစခန်းအား တိုက်ခိုက်ရာ အီတလီရိုင်ဖယ်တစ်လက်၊ တစ်လုံးထိုး သေနတ်တစ်လက်၊ တူမီး ခြောက်လက်နှင့် ပလွဲရွာသား ရှစ်ယောက်တို့အား အရှင်ရမိခဲ့သည်။

၂၉-၅-၁၉၇၃ ရက်နေ့တွင် အုံးဝါးကျေးရွာ ပြည်သူ့စစ်အဖွဲ့က နစ်နီစောမောင်(ခေါ်) ထွန်းအုပ်အဖွဲ့နှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပြီး ရိုင်ဖယ်တစ်လက်နှင့် ကျည်သုံးတောင့် ရရှိခဲ့သည်။

၄-၈-၁၉၇၆ ရက်နေ့တွင် မထမ်းကျေးရွာ ပြည်သူ့စစ်နှင့် ခလရ (၈၇)တို့ ပူးပေါင်း၍ ထင်းပိုင်းဒေသတွင် တိုက်ပွဲဖြစ်ရာ နစ်ဖြူညိုမောင်အား ဒဏ်ရာရရှိစေခဲ့သည်။

### အညိုရောင်နယ်မြေမှသည်

ဤသို့ နယ်မြေအသီးသီးရှိ ပြည်သူ့စစ်များ၊ ပြည်သူများက တပ်မတော်၊ ရဲတပ်ဖွဲ့တို့ဖြင့် ပူးပေါင်းကာ မိမိတို့နယ်မြေ တည်ငြိမ်အေးချမ်းရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ကြသဖြင့် သောင်းကျန်းသူ နစ်ဖြူ နစ်နီများမှာ ဆက်လက်လှုပ်ရှားရန် အခွင့်မသာတော့သဖြင့် ရခိုင်ရိုးမဒေသမှ ပဲခူးရိုးမသို့ ပြောင်းရွှေ့ခဲ့သည်။ ပဲခူးရိုးမတွင်လည်း ဗကပတို့ ပျက်သုဉ်းသွားခဲ့ပြီးဖြစ်သည်။ အဆိုပါကာလအတွင်း စုစုပေါင်း ၂၂၂ ဦး အလင်းဝင်ရောက်ခဲ့ပါသည်။ ယခင်က စေတုတ္တရာမြို့နယ်သည် အညိုရောင်နယ်မြေမှ ၁၉၈၀ နောက်ပိုင်းတွင် အဖြူရောင်နယ်မြေ၊ ထိုမှသည် အမာခံနယ်မြေအထိ တည်ဆောက်နိုင်ခဲ့ပါသည်။

ယခုတင်ပြခဲ့သည့် စေတုတ္တရာနယ်မြေဒေသသည် ဒေသအားဖြင့် ကျဉ်းမြောင်းကာ တောတောင်လျှိုမြောင်များဖြင့် သွားလာရေးခက်ခဲခဲ့သည့် ဒေသတစ်ခုဖြစ်သည့်အလျောက် ဤအချက်ကို ခြေကုပ်ယူကာ ဗကပ သောင်းကျန်းသူတို့သည် ဒေသခံပြည်သူများအား အသက်အိုးအိမ်စည်းစိမ်များပါမကျန် ဖျက်ဆီးခဲ့သည်။ မိမိတို့မြို့နယ်နည်းတူ ဒေသအသီးသီးတွင် အလားတူ ကြုံတွေ့ကြရပြီး ဖြစ်ပါသည်။ မည်သို့ပင် ကြုံတွေ့ရစေကာမူ ဒေသခံပြည်သူများအချင်းချင်း သွေးစည်းညီညွတ်ကာ စည်းရုံးဖွဲ့စည်းမှုဖြင့် သောင်းကျန်းသူတို့အား တွန်းလှန်နိုင်ကြောင်း သက်သေသာဓကရရှိခဲ့ပြီး ဖြစ်ပါသည်။

### အတူတကွ လက်တွဲဆောင်ရွက်ကြရမည်

နိုင်ငံတည်ဆောက်ရာတွင် ဦးဆောင်ဦးရွက်မှုပြုသူ နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့်စိတ်ထားဖြင့် မားမားမတ်မတ်ရပ်တည်မှုနောက်တွင် ပြည်သူပြည်သားအပေါင်းတို့ကလည်း နိုင်ငံတော်အစိုးရနှင့် လက်တွဲညီညီ ကောင်းတူဆိုးဖက် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထပ်ဆင့်၍ဆိုရလျှင် သူ့ကျွန်ဘဝမှသည် လွတ်လပ်ရေးကြိုးပမ်းမှု၊ ပြည်တွင်းသောင်းကျန်းမှု စသည်တို့တွင် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေး၊ နိုင်ငံတော်အဓွန့်ရှည်တည်တံ့ရေးတို့အတွက် အစဉ်အလာကြီးမားလှသော မြန်မာ့တပ်မတော်နှင့်လည်း အတူတကွ လက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။

ယနေ့ကာလဖြစ်ပေါ်နေသော အကြမ်းဖက်သောင်းကျန်းမှုသည် မဖြစ်သင့်သော လုပ်ဆောင်မှုများဖြစ်သည်။ အကြမ်းဖက်ခံရသည့် ပြည်သူ၊ လုံခြုံမှုမရှိ၍ အကောင်အထည်မဖော်နိုင်သည့် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ဘာသာ၊ သာသနာ အရေးပါ နိမ့်ကျသွားသဖြင့် နိုင်ငံအတွက်လည်း ရလဒ်ကောင်းမရှိနိုင်၊ ဘာသာရေးအမြင်ဖြင့် ကြည့်ပြန်လျှင်လည်း ကောင်းကျိုးပြုက ကောင်းကျိုးရ၍ မကောင်းမှုပြုက မကောင်းကျိုးရမည်မှာ အမှန်ပင်ဖြစ်သည်။

သို့ဖြစ်၍ အထက်တွင် ဖော်ပြခဲ့သည့် သမိုင်းကြောင်း ဖြစ်ရပ်မှန်များကို သိရှိကြခြင်းဖြင့် အမှားအမှန် ခွဲခြားသိနိုင်ကြပါစေ၊ အကြမ်းဖက်လုပ်ရပ်များကို ပြည်သူတို့ မည်သို့သဘောထားကြပြီး သမိုင်းနိဂုံး မည်သို့ဇာတ်သိမ်းသွားကြသည်များ သင်ခန်းစာယူနိုင်ကြကာ နိုင်ငံသားအားလုံး အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာအောင် အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒမွန်ဖြင့် ဤဆောင်းပါးကို ရေးသားအပ်ပါသည်။ ။

**(၁၉၇၉ ခုနှစ် ထုတ်ဝေသည့် စေတုတ္တရာဖြစ်စဉ်မှတ်တမ်းမှ မှီငြမ်းတင်ပြပါသည်)**

ဝတ္ထုတို

## ဆောင်းမာန်ဝင့်အောင်(တောင်ကြီး)




(၁)

“ဟဲ့ ငွေမောင် ဒေါ်လေးကို မီးသွေး တစ်အိတ်ဟေ့”

“ဒီဘက်ကိုလည်း အခွဲလွတ်ကလေး တစ်အိတ်ဟေ့”

“အိမ်ကို လာပို့ဦးနော်။ မနေ့ကတည်းက မှာထားတာလေ”

“ဟဲ့.. ငါ့မယ် ထမင်းမချက်ရသေးဘူး။ နင်လာပို့မှ ထမင်းချက်ရမှာ။ အရင်ဦးဆုံး လာပို့ပေးပါနော်”

“မီးသွေးက နင့်ဆီကပဲကောင်းတာ။ ဟိုဘက်လမ်းက သွားဝယ်တာ။ မီးသွေး ပေါက်တယ်။ မီးမွေးရတာလည်း မကောင်းဘူး”

တစ်ယောက်ပြီး တစ်ယောက် လာပြောနေကြသောသူများကို အပြုံးနှင့် တုံ့ပြန်ရင်း ငွေမောင် ပျော်နေမိ၏။

ဖောက်သည်အိမ်တွေကို မီးသွေး အချိန်မီပို့ပေးရမှာမို့ မီးသွေးတဲလေးထဲမှာ အလုပ်ရှုပ်သွားတော့သည်။

ယူချင်တဲ့ တန်ဖိုးအလိုက် အိတ်ကလေးတွေနှင့် ထည့်ပေးရသည်။ ဒီတောင်ပေါ်မြို့မှာတော့ မီးသွေးကို ပိဿာချိန်နဲ့ မရောင်းပေ။ အိတ်ကြီး တစ်အိတ်ကို တစ်ထောင်တန်၊ ငါးရာတန် ခွဲထုတ်၍ ရောင်းရသည်။

လမ်းထိပ်ကလေးမှာ တဲထိုးပြီး မီးသွေးရောင်းလာတာ ခုဆို ငွေမောင်ပင် အသက် ၂၅ နှစ်ရှိပြီဖြစ်သည်။ ညီမ အလတ်က နောက်ဆုံးနှစ်တက်နေသည်။ အငယ်ဆုံးညီလေးက ခုဆို ပထမနှစ် စတက်တော့မှာမို့ အလုပ်ကို ပို၍ကြိုးစား နေရသည်။

အဖေနဲ့ အမေ သူ ၁၀ နှစ်သားမှာ သဘောထားချင်းမတိုက်ဆိုင်၍ လမ်းခွဲခဲ့ကြပြီး အမေက သူတို့သားအဖတွေကို ထားခဲ့ကာ နောက်အိမ်ထောင်ထူရင်း နယ်စပ်ဘက်လိုက်သွားသည်။ ခုချိန်ထိ သတင်းအစအနပင်မရခဲ့ပေ။ အဖေက အမေ့ကိုစိတ်နာတာနဲ့ အရက်သမားကြီး ဖြစ်သွားကာ လွန်ခဲ့တဲ့ သုံးနှစ်ကပင် လူ့လောကကြီးကို နှုတ်ဆက်ထွက်ခွာ သွားပြီဖြစ်သည်။

(၂)

ငွေမောင်လည်း လူပျိုပေါက်အရွယ်ကတည်းက မီးသွေးအရောင်းဆိုင်မှာ အလုပ်သမားဝင်လုပ်ရင်း ခုဆို ကိုယ်ပိုင်ဆိုင်ခွဲလေး ဖွင့်နိုင်ခဲ့သည်။

ဖောက်သည်တွေလည်း တော်တော် ရနေပြီ။

ဆိုင်ကယ်အစုတ်လေးနဲ့ အိမ်တိုင်ရာရောက် လိုက်ပို့ပေးသည်။ စကားပြော ချိုသာပြီး လိမ္မာယဉ်ကျေးသော ငွေမောင်ကို တစ်ရပ်ကွက်လုံးက ချစ်ကြသည်။

“ငွေမောင် တော်လိုက်တာအေ။ ညီ၊ ညီမတွေကို အနစ်နာခံ၊ အပင်ပန်းခံပြီး ကျောင်းထားပေးတာ။

အတန်းပညာတော်နေတာကို အငယ်တွေငဲ့ပြီး ရှစ်တန်းနဲ့ ကျောင်းထွက်ခဲ့တာ။ အရက်သမား အဖေကိုလည်း သေသွားတဲ့အထိ တာဝန်ကျေပါတယ်အေ”

“ဟုတ်ပ... အိမ်က ငါ့သားတွေနဲ့ တခြားစီပဲ”

“တူတူပါပဲအေ..မိန်းမရတာတောင် ခုထိငါ့ကို ဒုက္ခပေးတုန်း။ ငွေမောင်လို သားမျိုး ရချင်လိုက်တာ။ အသောက်အစား၊ အပျော်အပါးကင်းတဲ့ကလေး”

ရပ်ကွက်ထဲမှာ ထူးတဲ့ဂုဏ်သတင်းလေးနှင့် ငွေမောင်ဆိုတဲ့ မီးသွေးသည်လေးကတော့ မနက်လင်းမှသည် ညမိုးချုပ်တဲ့အထိ မီးသွေးတဲလေးထဲ အချိန်ကုန်နေတော့သည်။ ဖောက်သည်အိမ်တွေ လိုက်ပို့ရင်း မဲတူးညစ်ပေနေသော အဝတ်အစားတွေက အရောင်မပေါ်ပေ။ နွေမိုးဆောင်း ရာသီတိုင်း မီးသွေးကိုင်၊ မီးသွေးခွဲ၊ မီးသွေးထုတ်ရတဲ့ လက်တွေ အသမာတက်၍ မဲညစ်ကြမ်းထော်နေပြီဖြစ်သည်။

(၃)

“ကိုကြီးရေ ....နောက်ဆုံးနှစ်ဆိုတော့ ဘာသာစုံ ကျူရှင်ယူလိုက်မယ်နော်။ အဝတ်အစားအသစ်လည်း လိုချင်သေးတယ်။ ကိုယ်ပိုင်ဆိုင်ကယ်လေးနဲ့ သွားချင်တယ်။ လိုင်းကားကြီးနဲ့ မသွားချင်ဘူး”

“ဟုတ်တယ်ကိုကြီးရေညီလေးလည်း လိုင်းကားနဲ့ မသွားဘူးနော်။ ကိုယ်ပိုင်ဆိုင်ကယ်လေးနဲ့ သွားချင်တာ။ တက္ကသိုလ် ပထမနှစ် တက်ရတော့မှာကို”

“ဟဲ့ ငါဆို ရှေ့သုံးနှစ်လုံး လိုင်းကားစီးလာတာ။ ငါ့အရင်ဝယ်ပေးမှရမယ်”

“ဟာ.. မလတ်က မိန်းကလေးပဲ လိုင်းကားစီးအန္တရာယ်တောင်ကင်းတယ်။ ကျွန်တော်တို့ ယောကျ်ားလေးတွေက ဆိုင်ကယ်လေးနဲ့မှ အဆင်ပြေတာ”

နောက်တစ်ပတ် ကျောင်းဖွင့်ပြီမို့ ဆိုင်ကယ်ဝယ်ပေးရန် ပူဆာနေတဲ့ မောင်နှမနှစ်ယောက်ကို ကြည့်ပြီး ငွေမောင် ပြုံးမိသည်။

အစကတည်းက ဝယ်ပေးဖို့ စဉ်းစားထားပြီးသားမို့ မနက်ဖြန်တော့ ဘဏ်မှာ အပ်ထားတာလေးတွေ သွားထုတ်ရမည်။

အင်းလေ..တက္ကသိုလ် ကျောင်းသားကျောင်းသူကြီးတွေမို့ ကိုယ်ပိုင်ဆိုင်ကယ်လေးနဲ့မှ အဆင်ပြေမှာ၊ တင့်တယ်မှာမို့ ငွေမောင် ချွေတာပြီးစုဆောင်းထားတာလေးတွေနဲ့ လောက်မှာသေချာသည်။

“ဟေး”

“ဒါမှတို့ကိုကြီးကွ”

အဖိုးအတန်ကြီး မဟုတ်ပေမယ့် ထိုက်သင့်တာလေး ဝယ်ပေးလိုက်၍ မောင်နှမနှစ်ယောက် ပျော်နေတာ ကြည့်ပြီး ငွေမောင်လည်း ကြည်နူးမိ၏။

တောင်ပေါ်မြို့ကလည်း ဆိုင်ကယ်လေးစီးတတ်မှ ဘယ်သွားသွား အဆင်ပြေတာမို့ ရှိထားတာမမှားပေ။

ဆိုင်ကယ် အသစ်လေးများနဲ့ ကျောင်းသွားနေကြသော ညီ၊ ညီမကို ကြည့်၍ ငွေမောင် ကြည်နူးနေမိသည်။ သူတို့အပျော်တွေက ငွေမောင်၏ရင်ထဲထိ ကူးစက်လာသည်။

တစ်နှစ်တစ်တန်း မှန်မှန်အောင်ခဲ့ကြပြီး စာကြိုးစားခဲ့တဲ့ ကလေးတွေအတွက် ဒီလို ဆုလာဘ်ကလေးကတော့ ရသင့်သည်။ သူပင်ပန်းရကျိုးလည်း နပ်ခဲ့သည်ဟု တွေးမိသည်။

မွဲညစ်ပြီး အရောင်မပေါ်တော့တဲ့ သူ့ဆိုင်ကယ်အစုတ်လေးပေါ် မီးသွေးအိတ်တွေတင်ရင်း ဖောက်သည်အိမ်တွေသို့ တစ်နေကုန်ပို့နေရသည်။ စားသောက်ဆိုင်၊ ထမင်းဆိုင်တွေလည်း မိတ်ရနေပြီဖြစ်၍ ပို၍ကြိုးစားနေရသည်။

ဆိုင်ကယ်လေထိုးရင်း ဆိုင်ကယ်ပြင်တဲ့ ဦးမောင်လှက

“ငွေမောင်ရ ဆိုင်ကယ်အသစ်လေး လဲပါဦးဟ”

“ဟာ.. ကျုပ်က အင်ဂျင်ကောင်းရပြီဗျာ အသစ်မလိုပါဘူးဗျ”

“ငါ့ကောင်ရ.. မင်းလည်းလူပျိုလေး ထိုက်သင့်တာလေးတော့ ဝတ်ရ၊ ဆင်ရ၊ ဝယ်ရမှာပေါ့ဟ”

“မလိုပါဘူး.. ဦးလေးမောင်ရာ တစ်နေကုန် မီးသွေးတောထဲနေနေရတာ။ ပြင်ဆင်ချိန် မရှိပါဘူးဗျာ။

ကျုပ်ထက် တက္ကသိုလ် ကျောင်းသား ညီ၊ ညီမတွေက ပိုအရေးကြီးတယ်ဗျ”

ရည်းစားသနံထားဖို့လည်း စိတ်မကူးတဲ့သူမို့ ရေလာမြောင်းပေးလုပ်တဲ့ မိန်းကလေးတွေ၊ သမက်တော်ချင်သူတွေတောင် ငွေမောင်ကို လက်ဖျားခါနေကြပြီဖြစ်သည်။

သူကိုယ်တိုင်လည်း ခုချိန်ထိ မိန်းမယူဖို့ဝေးစွ။ ရည်းစားထားဖို့ပင် စိတ်မကူးနိုင်တာကြောင့် ဘယ်သူတွေ ဘာပြောပြောပြုံး၍သာ နေနေတတ်သည်။

(၄)

တစ်နှစ်ဆိုသော အချိန်ကာလသည် အင်မတန် မြန်လွန်းလှပေသည်။ ညီမလတ်ပင် ကျောင်းပြီး၍ ဘွဲ့ယူရတော့မည်ဖြစ်သည်။ ဘယ်ဆိုင်မှာ အလှပြင်မယ်၊ ဘာဝတ်စုံဝတ်မယ်ဆိုတာကို သူ့ကိုဂျီကျသမျှ အကုန်ဖြည့်ဆည်းပေးသည်။

ညီမလေး၏ ဘွဲ့ဝတ်စုံလေးနဲ့ ရိုက်ထားတာလေး ဧည့်ခန်းထဲမှာ နေရာယူတော့မည်။ နောက်သုံးနှစ်ဆိုရင်လည်း ညီငယ်လေးရဲ့ ဘွဲ့ဝတ်စုံလေးနဲ့ ဓာတ်ပုံက နေရာယူလာမှာမို့ သူ့အတွေးထဲ ကြည်နူးနေမိသည်။ သွားလေသူ အဖေနှင့် ဘယ်ရောက်နေမှန်းမသိတဲ့ အမေတို့ကို တမ်းတရင်း

“အဖေနဲ့အမေရေ သား.. တာဝန်ကျေတယ်နော်။ မနက်ဖြန် ညီမလေး ဘွဲ့ယူတော့မယ်။ အငယ်ကောင်လေးလည်း နောက်သုံးနှစ်ဆို ဘွဲ့ယူရတော့မယ်ဗျ”

မျက်ရည်တွေကျရင်း တစ်ညလုံး အိပ်မပျော်ခဲ့ပေ။ အပျော်တွေလွန်ခဲ့သော ညဖြစ်သည်။

(၅)

မနက်လင်းတော့ သူ မီးသွေးတဲလေးသို့ သွားရင်း မီးသွေးခွဲ၊ ထုပ်နေမိသည်။ ညီမလေးဘွဲ့ယူတာလည်း မလိုက်ချင်ပေ။ ကိုယ်တိုင် မနေတတ် မထိုင်တတ်မို့ ညီမလေးအရှက်ရမှာကြောက်၍ မလိုက်တော့ပေ။ ညီလေးလိုက်သွားလိမ့်မည်။

သူ အပျော်တွေနှင့် အတွေးလွန် မီးသွေးထုပ်နေတုန်း

“ကိုကြီး.. ဘာလုပ်နေတာလည်း ညီမလေးနဲ့ လိုက်ခဲ့ရမယ်လေ”

“ဟုတ်တယ်လေ.. ကိုကြီးကလည်း ကိုကြီးပါမှ မိသားစု စုံစုံလင်လင်ဖြစ်မှာပေ့ါ”

အလှပြင်ဆိုင်မှာ ပြင်ထား၍ ညီမလေးက မင်းသမီးလေးလို လှနေသည်။ ညီလေးကလည်း ပိုးပုဆိုးအပြာရောင်၊ စတစ်အပြာရောင်နှင့် မင်းသားလေးလို ကြည့်ကောင်းလှသည်။

“မလိုက်တော့ပါဘူးကွာ။ ကိုကြီးက လိုက်ရမှာတစ်မျိုးကြီး မနေတတ်ဖူးကွ။ တစ်ကိုယ်လုံးလည်း ခုဆိုမဲညစ်နေတာ။ လက်တွေကိုလည်းကြည့်ဦး”

သူ့လက်ကလေးကိုညီ၊ညီမလေးတွေကို ပြလိုက်တော့ ညီလေးက ဘယ်လက်ကို ကိုင်သည်။ ညီမလေး က ညာလက်ကို ကိုင်၍

“ကိုကြီးရယ် ဒီမည်းညစ်နေတဲ့လက်ကလေးက ညီမလေးကို ဘွဲ့ရစေတာလေ။ အရောင်တောင်ပအောင် ပညာတွေ သင်ပေးခဲ့တာလေ”

“ကိုကြီး ပင်ပန်းပြီး ရှာကျွေးကျောင်းထားပေးခဲ့လို့ညီလေးတို့အေးအေးဆေးဆေး ပညာသင်ကြားခဲ့ရတာပါဗျာ”

“မကိုင်နဲ့လေ..ကိုကြီးလက်က မဲညစ်နေတာကို”

သူအတင်းရုန်းပေမယ့် ညီ၊ ညီမက မလွှတ်ဘဲ

“သိလားကိုကြီး ဒီမဲညစ်နေတဲ့လက်၊ မီးသွေးခွဲခဲ့တဲ့လက်ကလေ သူများတွေအတွက် ဘာမှမဖြစ်ပေမယ့် ညီမလေးတို့အတွက်ကတော့ ရွှေနဲ့လဲလို့မရ၊ ငွေနဲ့လည်း လဲလို့မရ၊ ဘယ်အရာနဲ့မှ အစားထိုးလို့မရတဲ့ တန်ဖိုးရှိတဲ့ လက်တစ်စုံပါ ကိုကြီးရယ်”

“အမှန်ပဲ သားအတွက်လည်း ခုချိန်ထိ လိုလေသေးမရှိအောင် ပြုစုလုပ်ကျွေးခဲ့တဲ့ လက်တစ်စုံမို့ တန်ဖိုးဖြတ်လို့ မရပါဘူးဗျာ”

ညီ၊ ညီမလေးတို့ရဲ့ သိတတ်လိမ္မာတဲ့ စကားတွေကြောင့် ငွေမောင်တစ်ယောက် မျက်ရည်တွေကျတဲ့အထိ ကြည်နူးပီတိဖြစ်နေရသည်။

“ကဲ အိမ်မြန်မြန်သွားမယ်။ ကိုကြီး ရေချိုးရမယ်။ ပြီးရင်.. ညီမလေးမုန့်ဖိုးနဲ့ ဝယ်ပေးထားတဲ့ ပိုးပုဆိုး ခဲရောင်လေးရယ်။ စတစ်အဖြူလေးဝတ်ရမယ်”

ညီလေးကလည်း အားကျမခံ

“သား မုန့်ဖိုးနဲ့ ဝယ်ထားတဲ့ ကတ္တီပါဖိနပ်လေးရယ်၊ တိုက်ပုံလေးရယ်လည်း ဝတ်ရမယ်နော်”

“ဟား.. ဟား..”

ကြည်နူးပျော်ရွှင်မှုသည် ဘာနှင့်မှ အစားထိုးမရတဲ့ ပျော်ရွှင်မှုကြီးမို့ ငွေမောင် တစ်ယောက် အားရပါးရ ရယ်မောလိုက်သည်။ သူ ရုတ်တရက် လက်အမည်းကြီးနဲ့ ညီ၊ ညီမ ပခုံးတွေကို ကိုင်လိုက်မိသည်။

“ဟာ..ပေကုန်ပြီကွာ”

“ဟင့်အင်း.. ရတယ်ကိုကြီး တန်ဖိုးရှိတဲ့ လက်တွေမို့ ဒီဝတ်စုံပေါ်ပေသွားလည်းရတယ်။ အမှတ်တရပေ့ါ”

“ဟုတ်တာပေ့ါ”

“ဟား..ဟား..ဟား”

မောင်နှမသုံးယောက်အပျော်လေးက ဘာနှင့်မှလဲလို့မရနိုင်တာ သေချာသည်။ အိမ်ကိုသွားတဲ့ ခြေလှမ်းတို့က အပျော်တွေနဲ့ တက်ကြွလန်းဆန်းလို့နေပါတော့သည်။ ။

## မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများ ပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ်မောင်မယ်များအနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရ ခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

## ဝိုင်းခြင်း

✻ သူငယ်ချင်းတို့ စုလို့ကွယ်
ဝိုင်းခြင်းခတ်ကြမယ်။
ခြင်းပေါက်တွေရယ် စုံလင်လှ
တစ်ယောက်တစ်ကွက်ပြ။
✻ မြန်မာ့ရိုးရာ ခြင်းဝိုင်းတွေ
ဘိုးဘွားတို့အမွေ။
လက်ဆင့်ကမ်းလေ အားကစား
ခြင်းလုံးကကွက်များ။
✻ စုပေါင်းအားနဲ့ ကစားရန်
တစ်ကိုယ်ကောင်းမဆန်။
လေမှာဝဲပျံ ခြင်းလုံးလေး
တစ်ယောက်တစ်လှည့်ပေး။
✻ ဖေမကူလို့ ကစားလေ
ခြင်းလုံးမကျပေ။
ညီညွတ်ကြစေ ရောင်းရင်းများ
ဝိုင်းဖွဲ့လှတရား။
စည်းလုံးခြင်းစွမ်းအား။ ။

ထက်သခင်(သုံးဆယ်)

## အွန်လိုင်းဟူသည်

✻ မသုံးတတ်လျှင် ဆေးမဖြစ်
အတွေးညစ်တဲ့ အွန်လိုင်းပါ။
မှားမိသော် လမ်းစကောက်
ကြောက်မက်ဖွယ်ရာ။
ဘဝပျက် မသာယာ
အချိန်ကုန်ကာ အကျိုးမရှိ။
ကိုယ်စိတ်ကို နှိပ်စက်တတ်တယ်
မှတ်သားလို့သိ။
✻ သုံးတတ်လျှင် တန်ဖိုးရှိသမို့
တွေ့ရှုကြည့် သုတရှာ။
လမ်းမှန်ကို ပညာပေး
ယဉ်ကျေးလို့လာ။
စည်းကမ်းရှိ သုံးသောအခါ
အွန်လိုင်းဟာ ကောင်းကျိုးပေး။
လမ်းညွှန်နေ ဘဝလမ်းလည်း
ဖြောင့်တန်းရဲ့လေး။
✻ ခွဲခြားကာ သုံးတတ်ရေး
အွန်လိုင်းဘေး ကင်းဝေးစေ။
အလင်းမှောင် အစဉ်မြဲ
ယှဉ်တွဲလျက်နေ။
တိုးတက်ဖို့ သုံးစွဲလေ
ချစ်မိတ်ဆွေ သတိထား။
အမှားမှန် ခွဲခြားတတ်ရင်
မြင့်မြတ်လူသား။ ။

ဖြိုးထက်(ရေစကြို)

ဆောင်းပါး

# အဖော်

## ပုဏ္ဏတော်

ဒီအချိန်ဆို အဘရောက်လာပြီဖြစ်သည်။

ဒီအချိန်ဆိုသည်ကား နေ့ခင်းတစ်နာရီ မတ်တင်းကို ဆိုခြင်းဖြစ်သည်။

အဘ၏ ဂျူတီချိန် နှစ်နာရီထိုးတော့မည်ဖြစ်သည်။ အဘသည် ကျောင်း၏ လုံခြုံရေးအစောင့်ဖြစ်သည်။ အသက် ၅၀ ကျော်ခန့် အရပ်ထောင်ထောင် မောင်းမောင်းနှင့် ခပ်နွမ်းနွမ်း ချည်သားဘောင်းဘီရှည်ဝတ်ထားတတ်သည်။

အဘသည် ကရင်သွေးစပ်သူဖြစ်သည်။ နာမည်ကို မမေးဖူး၍ မသိပေ။ ကျွန်တော်က အဖေအရွယ် ဘကြီးအရွယ်မို့ အဘဟုသာ ခေါ်သည်။

ဤဌာနတွင် အဘတာဝန်ကျသည်မှာ ရက်ပိုင်းမျှသာရှိသေးသည်။ ဌာနရှိသူများနှင့်လည်း မရင်းနှီးသေးသောကြောင့် အနေစိမ်းပုံပေါ်သည်။ ရုံးဆင်းချိန်နှင့် အဘဂျူတီဝင်ချိန်မှာ သိပ်မကွာလှပေ။

တစ်ဌာနလုံးနီးပါး ပြန်သွားသည့်နောက်ပိုင်းများ၌ အဘသည် ဌာနရှေ့ပေါ်တီကို အောက်တွင် ကော်ခုံလေးချကာ ထိုင်နေတတ်သည်။ သိပ်မကြာတွင် စက်ဘီးကလေးဖြင့် အမျိုးသမီးကြီး တစ်ဦး ရောက်လာမြဲဖြစ်သည်။

ထမင်းချိုင့်များလည်း ပါလာသည်။ ထိုအမျိုးသမီးမှာ အဘ၏မိန်းမဖြစ်သည်။

အဘနှင့်အရွယ်တူသော်လည်း အရပ်တော့ပုသည်။ အဘမိန်းမသည် သန့်ရှင်းရေးဝန်ထမ်းဖြစ်သည်။ အဘနှင့် တာဝန်ချထားသည့်နေရာမတူ။

သို့သော် အဘရှိရာသို့ နေ့တိုင်းလာကာ ထမင်းအတူစားသည်ကို အမြဲတွေ့ရသည်။

အဘတို့ လင်မယားနှစ်ယောက်စလုံးသည် နေ့စားလပေးဝန်ထမ်းများလည်းဖြစ်သည်။

ပထမတစ်ရက်နှစ်ရက်တွင် သတိမထားမိ။ ရက်အနည်းငယ်ကြာလာသောအခါ အဘတို့ လင်မယားထမင်းချိုင့်များဖွင့်ကာ အတူတူစားနေကြသည့် မြင်ကွင်းသည် ကျွန်တော့်အဖို့ တွေးစရာကလေးဖြစ်နေတော့သည်။

အချိန်က နေ့လယ်စာ စားချိန်ကျော်နေပြီ။ ကျွန်တော်ရုံးဆင်းချိန်တိုင်း တွေ့ရသဖြင့် အတိအကျပြောရရင် သုံးနာရီလောက်ပင် ဖြစ်သည်။ ညစာဆိုလည်း စောလွန်းနေသည့် အချိန်ဖြစ်သည်။

ထိုထက် အလုပ်နေရာချင်း မတူသည့်တိုင် လင်မယားနှစ်ယောက် လက်ဆုံစားနေကြခြင်းဖြစ်သည်။

တစ်ရက် ကျွန်တော်ရုံးဆင်းချိန်ဖြစ်သည်။ ထုံးစံအတိုင်း အဘတို့လင်မယား ထမင်းချိုင့်လေးများဖွင့်ကာဟင်းတစ်ဖတ်နှစ်ဖတ်ကို သူ့ထည့် ကိုယ့်ထည့်နဲ့ မျှဝေစားနေကြသည်။

"ဆရာ စားပါဦးလား"

အဘက ကျွန်တော့်ကိုတွေ့တော့ ထမင်းစားခေါ်သည်။

"စားကြပါဗျာ... ဘာဟင်းတွေတုန်း"

"ဘာရယ်မှ မပါပါဘူး ဆရာရယ်၊ ပဲနှပ်လေးနဲ့ ငါးပိရည်တို့မြုပ်ပေါ့"

"ကောင်းတယ် ကောင်းတယ်.. ဒါ ညစာလား"

ထိုအခါ အဘလင်မယားနှစ်ယောက်လုံး ရယ်လျက် "ညစာလည်း မဟုတ် နေ့လယ်စာလည်း မကျ အဆာပြေပါ ဆရာ"

ကျွန်တော်လည်း ဘာရယ်မဟုတ် အဘတို့ လင်မယား၏ အဖြေကြောင့် ပြုံးလိုက်မိသည်။ အဘတို့ လင်မယား အဆာပြေစားတာတောင် မောင်နှံစုံလက်ရည်တစ်ပြင်တည်း စားနေပုံကချစ်တတ်သူများ ချစ်ရက်လွန်းအားကြီးသည် ဆိုရမည်။

ကျွန်တော် ကျောင်းသားဘဝကဖြစ်သည်။ ကန်တင်းသွားစရာမလို၊ အိမ်ကလည်း ထမင်းချိုင့်ထည့်လာစရာမလိုပေ။ နေ့လယ် ထမင်းစားချိန်ဆို မေ ရောက်လာပြီ။

ထမင်းဘူးတစ်ဘူး၊ ထမင်းချိုင့်တစ်ချိုင့်နှင့်သူကိုယ်တိုင် ချက်ပြုတ်၍ နှစ်ယောက်စာထည့်လာသည်။

မေ၏ဒုက္ခမှာ မသေးလှ။ မနက်စောစောထ ထမင်းတည်၊ ဟင်းချက်နှင့် အိမ်ကသိတာကော မသိတာကောဖြင့် လူနှစ်ယောက်စာ ဆွဲခြင်းထဲသိပ်ထည့်လာရသည်။

ကျွန်တော်က အချိန်တန် စားရုံသာဖြစ်သည်။ ထိုဇာတာမှာ မေကျောင်းပြီးသွားသည့်၊ ကျွန်တော် မဟာအရည်အချင်းစစ်အထိ ခံစားခွင့်ရလိုက်သည်။ မေ၏ အချက်အပြုတ်လက်ရာ ကလည်း ကောင်းလှသည်။ အတူတူစားရတော့ ပိုလို့ကောင်းပြန်သည်။

အတူတူဆိုလို့ အိမ်တွင် အမေနှင့်ထမင်းအတူစားရသည်မှာလည်းထမင်းပိုမြိန်သည်။ ပို၍စားဝင်သည်။ ဘာကြောင့်ရယ်တော့ အသေအချာမသိ။

သေချာသည်က ထမင်းစားခါနီးတိုင်း အမေနှင့် အတူ စောင့်စားတတ်သည့် အလေ့အကျင့်လေးက ကျွန်တော့်ထံတွင် စွဲနေပြီဖြစ်သည်။ အိမ်တွင် အမေနှင့် ကျွန်တော်သာ ငါးပိ၊ တို့စရာ စားတတ်သည်။ အမေကော ကျွန်တော်ပါ ငရုတ်သီး အတော်စားသည်။

ထမင်းတစ်ဇလုံကို ငါးပိရည်ထည့်၊ ငရုတ်သီးမှုန့်ထည့်နယ်ကာ တို့စရာများဖြင့် အားရပါးရစားကြသည်။

ကျန်သူများက ငါးပိရည်ကို ယောင်လို့တောင် မနှိုက်ကြ။ ထို့ကြောင့်လည်း ကျွန်တော် အမေနှင့် ထမင်းစားလျှင် အခြားဟင်းအမယ်များထက် ငါးပိရည်၊ အတို့အမြှုပ်နဲ့တင် ထမင်းတစ်ပန်းကန် အသာလေးကုန်သွားတတ်သည်။ အကြိုက်တူသူနှင့် အတူစားရသည်မှာလည်း စားကောင်းသည့် အကြောင်းပင် ဖြစ်မည်ထင်သည်။

အမေပြောဖူးသည့်စကားတစ်ခုကို သတိရမိသည်။

ကျွန်တော့်အစ်ကိုတစ်ယောက် အသက် ၄၀ ပြည့်မှ အိမ်ထောင်ပြုမည်ဟု ပြောသည်ကို အမေက "ထမင်းစားဖော်ရတာပေါ့"တဲ့။ အမေပြောလည်း ပြောချင်စရာ။

ထိုအသက်အရွယ်ကျမှ အိမ်ထောင်ပြုလျှင် ထမင်းစားဖော်၊ ကျောင်းသွားဖော်သာဖြစ်နေမည်။

သို့သော် ယခု ကျွန်တော်တွေ့သည့် အဘတို့ လင်မယားကမူ ထိုထက်ပိုပါလိမ့်မည်။ သူတို့သည် ငယ်လင်ငယ်မယားလည်းဖြစ်နိုင်သည်။

သားသမီးများအရွယ်ရောက် အတောင်စုံ၍ ကိုယ့်အသိုက်နှင့်ကိုယ်ဖြစ်နေလောက်မည်။

ထို့ကြောင့် ကျန်ခဲ့သော လင်မယား ခင်မျာ တစ်ဦးနှင့်တစ်ဦးအဖော်ပြုကာ ဘဝကို ရိုးရှင်းစွာ ဖြတ်သန်းနေကြသည့် ကြင်နာဖော်၊ ဖေးကူဖော်များ ဖြစ်ပေမည်။

အဘယ်သို့ပင်ဆိုစေကာမူ ကျွန်တော်သည်လည်း ထိုအဘအရွယ်ရောက်လျှင် "ထမင်းစားဖော်" "လိုက်ကိုလိုအပ်" လိမ့်မည်ဟု ယုံကြည်ကြံစည်နေမိပါတော့သည်။ ။

❂ ယခု ကျွန်တော်တွေ့သည့် အဘတို့ လင်မယားကမူ ထိုထက်ပိုပါလိမ့်မည်။ သူတို့သည် ငယ်လင်ငယ်မယားလည်းဖြစ်နိုင်သည်။
❂ သားသမီးများအရွယ်ရောက် အတောင်စုံ၍ ကိုယ့်အသိုက်နှင့်ကိုယ်ဖြစ်နေလောက်မည်။
❂ ထို့ကြောင့် ကျန်ခဲ့သော လင်မယား ခင်မျာ တစ်ဦးနှင့်တစ်ဦးအဖော်ပြုကာ ဘဝကို ရိုးရှင်းစွာ ဖြတ်သန်းနေကြသည့် ကြင်နာဖော်၊ ဖေးကူဖော်များ ဖြစ်ပေမည်။

## ကျေးလက်ဓလေ့များ

❖ စပါးခင်း စိမ်းလဲ့လဲ့
ယိမ်းနွဲ့နွဲ့ လေပြည်မှာ။
ငှက်တေးချင်း ပန်တျာသွဲ့
သံသာဖွဲ့ကာ။
ပါးထက်က မှုန်နံ့သာ
ခြံပေါ် ဘယ်ညာချ။
မှုမပို ဖြူစင်မနောနဲ့
တောသူအလှ။
❖ လယ်ကန်သင်း ထက်က
မြက်ထတော့ ရိတ်ကာယူ။
အိမ်အပြန် မယ်တစ်ရွက်ပေါ့
မြက်ခြင်းကိုကူ။
ပျိုတို့မောင် မငြူစူ
ကြည်ဖြူလို့ ထမ်းကာပေး။
နွားညီနောင် ခြုံအလှတို့
ဆူဝဖို့တွေး။
❖ ပုစွန်လုံး ဖမ်းခဲ့သေး
မပမ်းရေးငဲ့ အိမ်သူဆွေ။
ပလိုင်းကို ယူကာမလို့
ကူရပါပေ။
ကန်စွန်းရွက်ကိုခြွေ
ချဉ်ပေါင်ခွေ မျှစ်ထွင်ခဲ့။
ပုစွန်ရေဂင် ချဉ်ရည်ဟင်းနဲ့
ခံတွင်းမြိန်ရဲ့။ ။

ကိုရွှေတောသား(ဆင်ကူး)

# ဓာတ်ခွဲနမူနာစုစုပေါင်း ၆၁၃၁ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀ တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၆-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၆,၁၃၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၇၁,၉၄၂)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲ အတည်ပြုလူနာစုစုပေါင်း (၆၁၄,၁၉၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၉၈၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား ကျောင်းသူများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လအတွင်းရောက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၆-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၄၅) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၄) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၇၁) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၃၇) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၀၅) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၃၆၉) ခု | (၉) ဦး |
| စုစုပေါင်း | (၆,၁၃၁) ခု | (၂၀) ဦး |

ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၃၈၆၆၆၄၁ | ၈၈၈၂၃၂၉၆ | ၁၀၅၈၆၃၇ |
| ၂။ | အိန္ဒိယ | ၄၄၁၂၆၉၉၄ | ၄၃၄၆၅၅၅၂ | ၅၂၆၆၄၉ |
| ၃။ | ပြင်သစ် | ၃၄၀၂၄၅၂၂ | ၃၂၇၉၀၃၇၃ | ၁၅၂၅၃၇ |
| ၄။ | ဘရာဇီး | ၃၃၉၉၄၄၇၀ | ၃၂၆၆၈၂၄၀ | ၆၇၉၈၀၂ |
| ၅။ | ဂျာမနီ | ၃၁၂၂၈၃၁၄ | ၂၉၄၈၃၂၀၀ | ၁၄၄၈၅၈ |
| ၆။ | ဗြိတိန် | ၂၃၃၆၈၈၉၉ | ၂၂၈၂၈၈၆၉ | ၁၈၅၀၅၂ |
| ၇။ | အီတလီ | ၂၁၂၅၁၇၇၄ | ၁၉၉၃၁၆၉၁ | ၁၇၂၉၀၄ |
| ၈။ | တောင်ကိုရီးယား | ၂၀၃၈၃၆၂၁ | ၁၈၈၃၆၄၀၂ | ၂၅၂၃၆ |
| ၉။ | ရုရှား | ၁၈၆၉၂၃၉၆ | ၁၈၀၃၀၆၂၆ | ၃၈၂၆၉၇ |
| ၁၀။ | တူရကီယဲ | ၁၅၈၈၉၄၉၅ | ၁၅၄၈၇၄၆၈ | ၉၉၃၄၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၃၉၂၀၄၃ | ၉၉၅၇၆၅၅ | ၄၃၀၉၄ |
| ၂။ | အင်ဒိုနီးရှား | ၆၂၄၀၆၉၉ | ၆၀၃၂၇၂၂ | ၁၅၇၀၈၂ |
| ၃။ | မလေးရှား | ၄၇၀၁၁၄၀ | ၄၆၁၈၆၂၅ | ၃၆၀၀၉ |
| ၄။ | ထိုင်း | ၄၆၀၃၃၅၉ | ၄၅၅၀၅၄၈ | ၃၁၅၆၄ |
| ၅။ | ဖိလစ်ပိုင် | ၃၇၉၉၃၃၄ | ၃၇၀၁၂၀၁ | ၆၀၇၈၉ |
| ၆။ | စင်ကာပူ | ၁၇၄၉၁၄၄ | ၁၆၅၅၆၄၃ | ၁၅၃၄ |
| ၇။ | မြန်မာ | ၆၁၄၁၉၀ | ၅၉၂၉၈၅ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၁၇၁၁ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၂၁၁၁၅၇ | ၂၀၅၇၇၃ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၉၇၇ | ၁၃၃၆၅၀ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ပြည်ပမှတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက် ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီနှစ်ခု၊ ယာဉ်စီးရေခုနစ်စီးဖြင့် နှာခေါင်းစည်း ၂၃ ဒသမ ၆၈ တန် တင်သွင်းခဲ့သည်။ ဩဂုတ် ၁ ရက်မှ ၆ ရက်အတွင်း ကုမ္ပဏီသုံးခု၊ ယာဉ်စီးရေရှစ်စီးဖြင့် နှာခေါင်းစည်း ၃၄ ဒသမ ၈၃ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## တံတားမြို့၌ စားအုန်းဆီများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိ

တံတား ဩဂုတ် ၆

ရန်ကုန်တောင်ပိုင်းခရိုင် တံတားမြို့၌ ရပ်ကွက်နေပြည်သူများ စားအုန်းဆီ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံ ဆီကုန်သည်ကြီးများနှင့် ဆီလုပ်ငန်းရှင်များအသင်းမှ ယနေ့နံနက်ပိုင်းက လာရောက်ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာနိုင်ငံဆီကုန်သည်ကြီးများနှင့် ဆီလုပ်ငန်းရှင်များအသင်းမှ ပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရန် လာရောက်ရောင်းချပေးလျက်ရှိရာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၃၇၀၀ နှုန်းဖြင့် ပြည်သူများအား ရောင်းချပေးရာ ရပ်ကွက်နေပြည်သူများက စနစ်တကျဝယ်ယူနိုင်ရန် ရပ်ကွက်တာဝန်ရှိသူများနှင့် ဈေးတာဝန်ခံများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ဖြိုးသီဟ

# ပိုးနဲ့ပိုး

**သမားအို**

**ကျွန်တော်တို့ငယ်ငယ်က လူကြီးတွေပြောတာကြားဖူးတယ်။ "ပိုးမျိုးရှစ်ဆယ်" တဲ့ ။ ဆေးကျောင်းတက်တော့ ရောဂါတွေအကြောင်း မသင်ရခင်ကတည်းက ကပ်ပါးပိုးတွေ၊ အင်းဆက်ပိုးတွေအကြောင်း သင်ခဲ့ရပြန်တယ်။ အဏုကြည့်မှန်ပြောင်း (Microscope) အကူအညီနဲ့ သာမန်မျက်စိနဲ့ မမြင်နိုင်တဲ့ပိုးတွေကို တွေ့လာရတယ်။**

**အတန်းကြီးလာတော့ ရောဂါတွေအကြောင်း သင်ခွင့်ရရုံမက ရောဂါပိုးတွေအကြောင်း ပိုသိလာရတယ်။ ဆေးထိုးလိုက်ရင် အနီရောင်ပေါ်တဲ့ ပိုးဝိုင်းဝိုင်းကလေးတွေ၊ အပြာရောင်ပေါ်တဲ့ ပိုးဝိုင်းဝိုင်းကလေးတွေ အဏုကြည့်မှန်ပြောင်းနဲ့ကြည့်ရင်မြင်ရမယ်။ အဲဒီကတည်းက ကျွန်တော်တို့မျက်စိထဲမှာ ရောဂါပိုးတွေကို အဏုကြည့်မှန်တပ်ထားသလို မြင်နေမိတယ်။**

### သာမန်လူတွေအတွက် အခက်တွေ့စရာ

မမြင်ရတဲ့ပိုးတွေကို ရောဂါနဲ့တွဲပြီး မြင်နေမိတာကိုက ပြဿနာပါပဲ။ ကျွန်တော်တို့က မိုက်ခရိုစကုပ်မျက်လုံး (Microscope Eye) နဲ့ ကြည့်နေ၊ မြင်နေပြီး ပြောနေ ၊ ပညာပေးနေတာတွေက သာမန်လူတွေအတွက် အခက်တွေ့စရာပါပဲ။ မံသစက္ခုခေါ်တဲ့ သာမန်မျက်လုံးမှာ မပေါ်လာနိုင်တဲ့အရာတွေကြောင့် ကျွန်တော်တို့ သိသလောက်၊ ကျွန်တော်တို့ကြောက်သလောက် လူထုကမကြောက်ပါဘူး။ မကြောက်တဲ့အတွက် ဂရုလည်းမစိုက်မိကြပါဘူး။ "သတိမူရင် မြူကိုတောင် မြင်နိုင်တယ်" ဆိုစကားကိုပဲ သတိထားကြတဲ့သူတွေအတွက်သာ ထိရောက်ပါတယ်။

နောက်ပိုင်းကျတော့ အီလက်ထရွန်မိုက်ခရိုစကုပ်(Electron Microscope) တွေ ပေါ်လာတော့ ဗက်တီးရီးယားပိုးတွေထက် ပိုသေးတဲ့ ဗိုင်းရပ်စ်ပိုးတွေကိုပါ မြင်လာရတော့တယ်။ အခု ကိုရိုနာဗိုင်းရပ်စ်ပိုးလိုပါပဲ။ လူတွေအားလုံး (ကလေးတွေကအစ) ဖန်သားပြင်မှာ (ရုပ်/သံရော၊ လက်ကိုင်ဖုန်းရော)မြင်နေရတဲ့ အချွန်အတက်ကလေးတွေနဲ့ ဘောလုံးလေးတွေဟာ ကိုဗစ်–၁၉ ပါလားလို့ သိနေကြတယ်။ ဗိုင်းရပ်စ်ပိုးတွေ အချင်းချင်းလည်း လူတွေပြောနေကျစကားလို "သိသာသိစေ မမြင်စေနဲ့" ဆိုတဲ့အတိုင်း အပြင်မှာမဖြစ်ကြပါဘူး။ အဲဒါပြဿနာအကြီးကြီးပါပဲ။

လက်ထဲမှာပါလာမလားလို့ စိုးရိမ်ပြီး လက်ကိုဆပ်ပြာနဲ့ ရေနဲ့ စက္ကန့်နှစ်ဆယ် ဆေးကြရတယ်။ (အခုနောက်ဆုံးမျိုးကွဲပိုးကို ကာကွယ်ဖို့ စက္ကန့်လေးဆယ် ဆေးရမယ်တဲ့။) လက်တွေကို ဆေးသာဆေးနေရတာ ဘယ်ပိုးတွေက ဘယ်လိုမိုင်ဆဲလ် (Micelles) ဖြစ်ပြီး ဆပ်ပြာနဲ့အတူ ပြိုကွဲသွားတယ်ဆိုတာ မသိကြရပါဘူး။ နှာခေါင်းစည်း (Mask)တပ်ရမယ်ဆိုလို့ တပ်ထားပေးတာ ဘယ်ဗိုင်းရပ်စ်ဘောလုံးလေးတွေက ဘယ်နှာခေါင်းစည်းမှာ ဘယ်လိုကပ်ပြီးကျန်ခဲ့တယ်ဆိုတာ မသိမမြင်ကြရပြန်ပါဘူး။ ဒီလိုနဲ့နှာခေါင်းစည်းတွေကို မေးချိတ်၊ နားရွက်မှာချိတ် ဘာမှမဖြစ်ရင် ဘာမှမဖြစ်ဘူး။ ဖြစ်ပြန်တော့လည်း ဘယ်လိုဖြစ်မှန်းမသိရဘဲ လူနာဖြစ်၊ လူသေဖြစ်။ (မနှစ်က ကိုယ်တိုင်ကြုံခဲ့ရတယ်)

လူတွေ တစ်ယောက်နဲ့တစ်ယောက် မြင်တွေ့ရပေမယ့် မကြင်ရ၊ မချစ်ရ၊ မထိရ၊ မကိုင်ရ ဝေးဝေးမှာ နေကြရပြန်တယ်။ ပထမ သုံးပေကွာ၊ နောက်တော့ ခြောက်ပေကွာ၊ အခုတော့ ဝေးလေကောင်းလေဆိုပါလား။ ဒါကလည်း ဗိုင်းရပ်စ်ပိုးတွေရဲ့ မာယာပရိယာယ်နောက်က လိုက်နေရတဲ့ လူသားပညာရှင်တွေရဲ့ဘဝပါ။ ကျွန်တော်တို့ ဉာဏ်ရှိသလောက် ကြည့်ပေမယ့် ပိုးတွေဟာ ဘယ်လိုပြောင်းလဲလာကြမလဲဆိုတာ ကြိုတင်တွက်ဆလို့ မရနိုင်ဘဲ ပိုးတွေနောက်ကလိုက်နေရတဲ့ ဘဝအမှန်ကို မြင်နိုင်ရင်တော့ ကောင်းပါလိမ့်မယ်။

အခု ကိုဗစ်–၁၉ ဗိုင်းရပ်စ်ပိုးအကြောင်းကိုပဲ လေ့လာကြည့်ပါ။ တရုတ်နိုင်ငံ ဝူဟန်မှ ကူးစက်မြန်ပြင်းထန် အဆုတ်ရောင်ရောဂါစဖြစ်ကတည်းက မကြာခင်မှာ လက်သည်တရားခံ ကိုရိုနာဗိုင်းရပ်စ်ပိုးကို တွေ့ထားပြီးသား။ ပိုးကလေးတွေဟာ ခေါင်းဆောင်းဦးသျှောင်နဲ့တူလို့ ကိုရိုနာ (Corona) လို့ အမည်တပ်ခဲ့တဲ့ ပထမဦးဆုံး ဗိုင်းရပ်ပိုးကတော့ (Severe Acute Respiratory Syndrome – SARS) ရောဂါ ၂၀၀၃ ခုနှစ်မှာ စဖြစ်ခဲ့တဲ့ပိုး SARS–ကိုရိုနာဗိုင်းရပ်စ်လို့ အမည်တပ်ခဲ့တယ်။ အခုကိုဗစ်–၁၉ ကိုတော့ (SARS Cov–2)လို့ နံပါတ်တပ်ပေးလိုက်ပါတယ်။ လွယ်လွယ်ကူကူ (Covid–19) ကိုဗစ်–၁၉ ပါ။

အဲဒီ ကိုဗစ်–၁၉ ဟာ ကမ္ဘာ့မှာ ကပ်ရောဂါဖြစ်လာပါတော့တယ်။ တစ်ကမ္ဘာလုံးကို နှိပ်စက်မွှေနှောက်ပြီး လူတိုင်းကို အိမ်ထဲပြေးဝင်စေခဲ့တယ်။ လူပေါင်း ၁၁ သန်းကို သတ်ဖြတ်ပြီးသွားပြီ။ လူ့ကိုယ်ထဲဝင်တဲ့ ဗိုင်းရပ်စ်ပိုးက မျိုးပွားပြီး ပျံ့ရင်ပျံ့၊ မပျံ့ရင် နှစ်ပတ်အကြာမှာ လူတွေရဲ့ ကိုယ်ခံအားနဲ့တွေ့ပြီး သေသွားမှာလို့ ထင်ခဲ့၊ ပြောခဲ့တဲ့ ပညာရှင်ဆိုသူတွေ နောက်ကောက်ကျသွားပါတယ်။

### မျိုးရိုးဗီဇပြောင်းလာ

ကိုဗစ်–၁၉ ဟာ မျိုးရိုးဗီဇပြောင်းလာပါတယ်။ အင်္ဂလန်မှာ အယ်လ်ဖာ (Alpha) မျိုးကွဲ၊ ဘရာဇီးမှာ ဘီတာ (Beta) မျိုးကွဲ၊ တောင်အာဖရိကမှာ ဂါမာ (Gamma) မျိုးကွဲ၊ အိန္ဒိယမှာ ဒယ်လ်တာ (Delta) မျိုးကွဲတွေ ပေါ်လာခဲ့တယ်။ မြန်မာနိုင်ငံမှာတော့ သာမန်ကိုဗစ်–၁၉ တုန်းက ခံနိုင်ရည်တော်တော်ရှိပေမယ့် အိန္ဒိယကလာတဲ့ ဒယ်လ်တာမျိုးကွဲဗိုင်းရပ်စ်နဲ့ထိတော့ အတုံးအရုံးဖြစ်ကုန်တာပါပဲ။ မသေလို့ကျန်တဲ့ လူနာတစ်ယောက်ရဲ့ ဘေးဘယ်၊ ညာမှာ တဖြုတ်ဖြုတ်သေသွားတဲ့ ဆေးရုံတက်ဖော်တွေကို မြင်နေ၊ တွေ့နေခဲ့ရတဲ့အမှုအဖြစ်အပျက်တွေက မေ့နိုင်စရာမရှိပါဘူး။

ငယ်ငယ်ကကြားဖူးတဲ့ ပိုးမျိုးရှစ်ဆယ်ဆိုတာကို ကိုဗစ်–၁၉ တစ်မျိုးတည်းက ကြာရင်ကျော်တော့မယ်ထင်ပါရဲ့။ အယ်လ်ဖာ၊ ဘီတာ၊ ဂါမာ၊ ဒယ်လ်တာ၊ လမ်ဘဒါ၊ ကပ်ပါ၊ မြူ အခုတော့အိုမီခရွန်။ အိုမီခရွန်အောက်မှာပဲ ဒိုင်လျှိုဝင်လာတဲ့ မျိုးကွဲတွေဟာ ကပ်ရောဂါကြီးကို ပြန်ပြီး ခေါင်းထောင်စေခဲ့တယ်။ ဂျပန်နိုင်ငံမှာတော့ သတ္တမလှိုင်းဖြစ်ပြီး တစ်နေ့တာ ရောဂါပိုးတွေ့လူနာ စံချိန်တင်နေပါတယ်။ အဲဒီဂျပန်ရဲ့ စံချိန်ကို အမေရိကန်တွေက ပျင်းတောင်ပျင်းသေးတယ်။ သူတို့မှာ နေ့စဉ် သိန်းဂဏန်းနဲ့ချီတဲ့ ပိုးသစ်တွေ့နှုန်းရှိခဲ့တယ်။ အိုမီခရွန်ပိုး ထပ်ဝင်သွားတဲ့လူတွေဟာ ၈၀ ရာခိုင်နှုန်းနီးပါးရှိတယ်။

ကျွန်တော်တို့ဆီမှာတော့ မနှစ်က ဒယ်လ်တာနဲ့ အချီကြီးတွေ့လိုက်ပြီး ဒီနှစ်ဆန်းပိုင်းမှာဝင်လာတဲ့ အိုမီခရွန်မျိုးကွဲကို သိပ်မမှုပါဘူး။ ဒါပေမဲ့ ပြီးခဲ့တဲ့ ဇွန်လ ၃၀ ရက်နေ့မှာ ဝင်လာတဲ့ လူတွေနဲ့အတူ အိုမီခရွန်မျိုးကွဲအသစ်တွေ ပါလာတယ်ဆိုတဲ့သတင်းရယ်၊ ပိုးတွေ့နှုန်းဟာ ခုဂဏန်းကနေ ဆယ်ဂဏန်းကိုတက်လာတဲ့ သတင်းရယ်က သတိထားစရာဖြစ်လာတယ်။ ပိုပြီးဂရုစိုက်ရမယ့်အချက်ကတော့ ဒီတစ်ခါဝင်လာတဲ့ မျိုးကွဲနှစ်မျိုးဟာ ကမ္ဘာ့နိုင်ငံအတော်များများမှာ ဒုက္ခကြီးကြီးပေးလာတဲ့ကိစ္စပါပဲ။

ကိုဗစ်–၁၉ ရဲ့ မျိုးကွဲဖြစ်တဲ့ အိုမီခရွန်ကိုယ်တိုင်က လူတွေရဲ့ ကိုယ်ခံအားကို လှည့်ပတ်ရှောင်ရှား ကူးစက်တာဖြစ်ပါတယ်။ အခုတစ်ခါပေါ်လာတဲ့မျိုးကွဲက BA 2.4 နဲ့ BA 2.5 မျိုးကွဲနှစ်မျိုးကို တွေ့ကြရတယ်။ ဒီနှစ်မျိုးက ကူးစက်မြန်ပြီး ရောဂါလည်း နည်းနည်းပြင်းထန်တယ်လို့ ဆိုကြတယ်။ အမေရိကန်မှာတော့ နေ့စဉ်လူသုံးရာနဲ့အထက် သေနေရဆဲပါပဲ။ ကပ်ရောဂါစဖြစ်ပြီး တစ်နှစ်အကြာမှာ ကာကွယ်ဆေးတွေအမျိုးမျိုး ကြိုးစားထုတ်လုပ်လာကြတယ်။ ကာကွယ်ဆေးတွေကိုလည်း လူတွေများများထိုးဖြစ်အောင် ကြိုးစားခဲ့ကြတယ်။ အခု BA 2.4 နဲ့ BA 2.5 မျိုးကွဲတွေက လူ့ရဲ့ကိုယ်ခံအားကို မကြောက်ဘူးဆိုတော့ သတိကြီးကြီးထားရတယ်။

### မျိုးကွဲသစ် စင်တောရပ်စ်

အဲဒီထဲမှာမှ အိုမီခရွန်က ငြိမ်ငြိမ်မနေဘူး။ ဒယ်လ်တာမျိုးကွဲနဲ့ ပေါင်းပြီး ဒယ်လ်တာခရွန် (Deltacron) ဖြစ်သွားတာကို အစ္စရေးပညာရှင်တွေက တွေ့ကြရတယ်။ အခုနောက်ဆုံးပေါ် မျိုးကွဲသစ်ကတော့ စင်တောရပ်စ် (Centaurus) လို့ အမည်တပ်နေကြပြန်ပြီ။ BA.2 ကနေ ဆင်းသက်လာတဲ့ သီးသန့် BA 2.75 မျိုးကွဲပဲ ဖြစ်ပါတယ်။ သူ့အကြောင်းကို သိပ်မသိသေးဘူး။ ဒါပေမဲ့ ခြေဖျက်ထားတဲ့ ပြိုင်မြင်း (Dark horse) အဖြစ်နဲ့ ကျန်တဲ့ဗိုင်းရပ်စ်တွေကို အနိုင်ယူသွားမယ်လို့ ပညာရှင်အချို့က တွက်ဆနေကြပါတယ်။

ဆိုလိုတာကတော့ ကိုရိုနာဗိုင်းရပ်စ်တွေဟာ လူ့ရဲ့ခန္ဓာကိုယ်ကို အသုံးချပြီး အချင်းချင်း မြင်းပြိုင်ပွဲကြီးလို ပြိုင်ပွဲတွေ ကျင်းပနေတာကို ခံနေရတယ်။ ကာကွယ်ဆေးက နောက်ကလိုက်နေပြီး ဗိုင်းရပ်စ်တွေက မျိုးကွဲအမျိုးမျိုးထွက်ပြီး အရောင်ပြနေကြပါတယ်။ ပိုးနဲ့ပိုး ပြိုင်နေကြချိန်မှာ လူတွေက ဓားစာခံဖြစ်ရုံမက ပိုးတွေမျိုးပြောင်းဖို့ အကူအညီပေးနေရတဲ့ဘဝကို သက်ရောက်လာပါတယ်။

### ကျောက်ရောဂါ ဗိုင်းရပ်စ်မျိုးကွဲတစ်မျိုး

Omicron BA2၊ BA2.4၊ BA2.5 ကနေ BA2.75 အထိ ပြောင်းလဲနေတာဟာ ကိုဗစ်–၁၉ ခေါင်းစဉ်အောက်က ပိုးတစ်မျိုးတည်းသာ ဖြစ်ပါတယ်။ ဒီကြားထဲမှာ မျောက်ကျောက်က ထလာပြန်တယ်။ သူကလည်း ကျောက်ရောဂါ ဗိုင်းရပ်စ်မျိုးကွဲတစ်မျိုးဖြစ်ပြီး ဥရောပမှာ ပြဿနာကြီးလာတယ်။ မြန်မာပြည်နဲ့နီးတဲ့ အိန္ဒိယမှာ နှစ်ယောက်တွေ့လာရပါတယ်။ ကိုဗစ်–၁၉ ကပ်ရောဂါကြီးမလာလို့ စောင့်စားနေချိန်မှာ မျောက်ကျောက်ရောဂါကို ကမ္ဘာ့ကပ်ပြဿနာအဖြစ် စဉ်းစားဖို့ လို၊ မလို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပညာရှင်တွေက ကျိတ်ဝိုင်းဖွဲ့ပြီး အခုကြေညာပါပြီ။

မျောက်ကျောက်ရောဂါကို စတွေ့ခဲ့ရတဲ့ အာဖရိကတိုက်ထဲက ဒေသတွေထဲမှာလည်း အီဘိုလာ (Ebola) ဗိုင်းရပ်စ်ရောဂါက ပေါ်လိုက်၊ ပျောက်လိုက်ဖြစ်နေတယ်။ SARS ရောဂါပြီးတဲ့နောက် ကိုဗစ်–၁၉ မဖြစ်ခင် MERS ဗိုင်းရပ်စ်ရောဂါက ကုလားအုပ်တွေကနေ စဖြစ်နေခဲ့တယ်။ တစ်ပြိုင်တည်းမှာ ကြက်ငှက်တုပ်ကွေး ($H_5N_1$) ဗိုင်းရပ်စ်ပိုးကလည်း မျိုးကွဲအမျိုးမျိုးနဲ့ လှည့်ပတ်နေလိုက်ကာ မြန်မာနိုင်ငံကိုတောင် ရောက်ခဲ့ဖူးသေးတယ်။ ဝက်တုပ်ကွေး ($H_1N_1$) နဲ့အတူ ဝက်တွေကို မလေးရှားမှာ ရောဂါဖြစ်ပြီးသေစေတဲ့ နီပါး (Nipah) ဗိုင်းရပ်စ်က လူတွေကို ကူးစက်နိုင်စွမ်းရှိတယ်။ အခုနောက်ဆုံး ဂါနာနိုင်ငံမှာတွေ့တဲ့ မားဘတ် (Marburg) ဗိုင်းရပ်စ်ကလည်း ပြဿနာဖြစ်လာတယ်။

ကိုရိုနာဗိုင်းရပ်စ်ဖြစ်တဲ့ ကိုဗစ်–၁၉ ဟာလည်း နီပါးတို့ မားဘတ်ဗိုင်းရပ်စ်တို့လိုပဲ လင်းနို့တွေကနေတစ်ဆင့် ကူးကြတာပါ။ အခုဆိုရင် ကိုဗစ်–၁၉ ဖြစ်တဲ့လူကနေ မွေးပါတွေကို ကူးတယ်။ အမြီးဖြူ ဒရယ်တွေကို ကူးတယ်။ ခွေးတွေ၊ ကြောင်တွေကို ကူးတယ်။ သူတို့ကနေ လူကိုပြန်ကူးတဲ့ (Reverse Zoonosis) မဖြစ်ဘူးလို့ မပြောနိုင်ပါဘူး။

ဒီတော့ လူတွေဘာလုပ်နေကြသလဲ။

ပိုးပိုးချင်းတိုက်ခိုင်းဖို့ ကြံနေကြတယ်။

ဗီဇအင်ဂျင်နီယာ (Genetic Engineering) နည်းတွေနဲ့ ဗိုင်းရပ်စ်တွေကို လူတွေပါဝင်တိုက်ခိုက်လာအောင် လုပ်နေကြတယ်။ အခု ကိုဗစ်–၁၉ ကပ်ဆိုက်နေချိန်မှာ ဘေးနားမှာ ရပ်စောင့်ကြည့်နေတဲ့ ဗက်တီးရီးယားပိုးဆိုးကြီးတွေကို ဗိုင်းရပ်စ်ပိုးတွေသုံးပြီး တိုက်ခိုက်ဖို့ စီစဉ်နေတယ်။

ဒါပေမဲ့ ဓာတ်ခွဲခန်းထဲမှာ ဗိုင်းရပ်စ်တွေကို ယဉ်ပါးအောင်လုပ်ရတာ သန့်ပါ့မလား၊ ဘေးကင်းပါ့မလားဆိုတာကို စိုးရိမ်နေကြသူတွေလည်း ရှိတယ်။ မကြာခင်ကပဲ သတင်းတစ်ရပ်ကတော့ ပိုးပိုးချင်းတိုက်ခိုက်နိုင်စွမ်းရှိတဲ့ ဗိုင်းရပ်စ်ပိုး သန့်သန့်တွေကို ဓာတ်ခွဲခန်းတွေက ထုတ်လုပ်နိုင်လာပြီလို့ သိရတယ်။

ဒီသတင်းမှန်ပါစေ၊ ဒီအလုပ်မြန်ပါစေ၊ ကပ်ရောဂါဆိုးအမျိုးမျိုး ဖြစ်ပေါ်စေပြီး လူတွေကို မျိုးဖြုတ်ဖို့ကြိုးစားနေတဲ့ ပိုးမွှားတွေကို ရှင်းလင်းနိုင်ပါစေလို့ ဆုတောင်းမိပါတယ်။ ။

> **"ဗီဇအင်ဂျင်နီယာ (Genetic Engineering) နည်းတွေနဲ့ ဗိုင်းရပ်စ်တွေကို လူတွေပါဝင် တိုက်ခိုက်လာအောင် လုပ်နေကြတယ်။ အခု ကိုဗစ်-၁၉ ကပ်ဆိုက်နေချိန်မှာ ဘေးနားမှာ ရပ်စောင့်ကြည့် နေတဲ့ ဗက်တီးရီးယားပိုးဆိုးကြီးတွေကို ဗိုင်းရပ်စ်ပိုးတွေသုံးပြီး တိုက်ခိုက်ဖို့စီစဉ်နေတယ်။ မကြာခင်ကပဲ သတင်းတစ်ရပ်ကတော့ ပိုးပိုးချင်းတိုက်ခိုက်နိုင်စွမ်းရှိတဲ့ ဗိုင်းရပ်စ်ပိုးသန့်သန့်တွေကို ဓာတ်ခွဲခန်းတွေက ထုတ်လုပ်နိုင်လာပြီလို့သိရ"**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၃၃ ဆူ | ၃၈၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၂၂ တိုင် | ၅၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၈ ကျင်း | ၂၀၈၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၈ ကျင်း | ၂၀၀. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၅ ကျင်း | ၅၈၉၅. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၂ ကျင်း | ၁၆၁၄. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

**ဇေယျကျော်ထင် ဗိုလ်ချုပ်မောင်ညို(ငြိမ်း)**
**BC 10494, DSA(7)**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၁၈၆)၊ ပိတောက်မြိုင်လမ်းနှင့် သပြေလမ်းထောင့်၊ အကွက်(၃၀)၊ သုဝဏ္ဏာနေ ဒေါ်ခင်ငွေငွေ၏ ချစ်လှစွာသော ခင်ပွန်း၊ (ဒုတိယဗိုလ်မှူးကြီးမောင်မောင်သက်)-ဒေါ်မြတ်ငွေညို၊ ဗိုလ်ကြီးကိုကိုဦး(ငြိမ်း)(စက်ရုံမှူး အမှတ်-၁၊ ဘိလပ်မြေစက်ရုံ၊ တန်-၉၀၀၊ မြိုင်ကလေး မြန်မာစီးပွားရေးကော်ပိုရေးရှင်း)-ဒေါ်အေးသီတာ၊ ဦးဇော်လင်းအောင်-ဒေါ်မြတ်စုဝင်းတို့၏ ဖခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၆-၈-၂၀၂၂ (စနေနေ့) နံနက် ၃:၁၀ နာရီတွင် အမှတ်(၂)၊ တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၂၂(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)ငြိမ်းအေးဇရပ်၌ တရားတော်နာပြီး မင်္ဂလာဒုံ စစ်သင်္ချိုင်းသို့ပို့ဆောင်၍ မွန်းလွဲ ၁ နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၂၂ရက်(သောကြာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး**
**ဦးသိန်းအောင်(တိုက်ကြီး)**
**တိုက်ကြီးမြို့နယ်အသင်း နာယကကြီး**
**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း အမှတ်(၅၁)နေ (ဦးစွန်လျှောင်-ဒေါ်နှင်းစိန်)တို့၏ သားကြီး၊ (ဒေါ်သန်းစိန်)၏ ခင်ပွန်း၊ ဒေါ်သောမဝတီ၊ ဒေါက်တာသန်းထွန်းအောင်-ဒေါ်ရီရီချို(Singapore)၊ ဒေါ်ငွေငွေအောင်၊ ဒေါ်ချိုချိုအောင်တို့၏ မွေးသဖခင်၊ ဒေါက်တာ ဟန်နီထွန်း၊ မဆုသီရိထွန်းတို့၏ အဘိုးသည် ၆-၈-၂၀၂၂ ရက် နံနက် ၁၀:၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၂၂ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး၊ မိတ်ဆွေများအားအကြောင်းကြားအပ်ပါသည်။
(နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယကာကြီး**
**ဦးသိန်းအောင်(တိုက်ကြီး)**
**တိုက်ကြီးမြို့နယ်အသင်း-နာယကကြီး**
**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း အမှတ်(၅၁)နေ(ဦးစွန်လျှောင်-ဒေါ်နှင်းစိန်)တို့၏ သားကြီး၊ (ဒေါ်သန်းစိန်)၏ခင်ပွန်း၊ (ဦးကျော်မြင့်)၊ ဒေါ်ကျင်လှ၊ (ဦးထွန်းမြင့်-ဒေါ်ကျင်ဥ)၊ ဦးစိုးလှိုင်-ဒေါ်ခင်ပြုံးမော်၊ ဦးမိုးကျော်-ဒေါ်လှမြင့်တို့၏အစ်ကိုကြီးသည် ၆-၈-၂၀၂၂ ရက် နံနက် ၁၀:၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၂၂ ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး၊ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။
(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၆ )၊ အင်းဝလမ်း၊ မြေကွက်အမှတ်( ၂၅၂ )၊အကျယ်အဝန်း(၂၄၀၀.စတုရန်းပေ)ရှိ နှစ်( ၆၀ )ဂရန်မြေကွက်နှင့်ယင်းအိမ်ခြံမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံခွင့်ရှိသူသားသမီးများဖြစ်သည့် (၁)ဒေါ်တင်တင်ဝင်း၊(၂)ဦးကျန်ဝင်း၊(၃)ဦးအောင်ဝင်းတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက် စရံငွေများပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ( ၇ )ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| ဦးထိန်လင်းသန်း | လွှဲအပ်ညွှန်ကြားချက်အရ | ဒေါ်ပြည့်ပြည့်ဖြိုး |
|---|---|---|
| LL.B, D.B.L, D.I.L, D.M.L, | | LL.B, D.B.L, D.I.P.L, |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂) | | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄) |

Hein Htet San Law Firm ဖုန်း - ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၀၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉

**ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (မြို့သစ်-ခ)၊ မြေကွက်အမှတ် (၉၇/က)၊ မြေအကျယ်အဝန်း (၂၀x၆၀)ပေ၊ ဧရိယာ (၀.၀၂၇၅) ဧက၊ (၁၂၀၀) စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ထိုမြေပေါ်ရှိ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ခ)ရပ်ကွက်၊ ခ/၅ လမ်း (အရပ်ခေါ်)၊ အိမ်အမှတ် (၁၁၀) ဟုခေါ်တွင်သည့် မြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံး အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း**

အထက်ဖော်ပြပါ မြေကွက်ကို ယခုရောင်းချသူများက အမည်ပေါက်ဖြစ်ကာ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူများဖြစ်သော ဦးစိန်ဝင်း [၁၃/လရန(နိုင်)၀၂၆၃၄၃]၊ ဒေါ်တင်တင်ဝင်း [၁၃/လရန(နိုင်)၀၂၅၆၃၄] တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်လင်းဇာနည်ကျော်[၁၂/အစန(နိုင်)၂၂၀၃၉၄]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာရွက်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| တရားလွှတ်တော်ရှေ့နေများ | | အထက်တန်းရှေ့နေ |
|---|---|---|
| ဦးမြင့်သန်း (စဉ်-၆၉၆၃) | ဒေါ်သီရိလှိုင် (စဉ်-၁၅၂၆၀) | ဒေါ်ဖြူဖြူထွဋ်း (စဉ်-၃၂၁၅၆) |

**ဇလပ်ပွင့်အိမ်ခြံမြေ ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်**
**စာချုပ်စာတမ်း (အထူး) ဝန်ဆောင်မှုပေးသည်။ Ph:09-5018076**
**အမှတ်-(၁၁၉၄)၊ ပင်လုံလမ်းမ၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ညွှန့်ညွှန့်သန်း(ကျိုက်ထိုမြို့)**
**ဘက်ဂျက်အရာရှိ(ငြိမ်း)၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**အသက်(၉၉)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနုလမ်း၊ အမှတ်(၁၁)နေ (စိန်ရွှေရတနာကုန်သည်ကြီး ဦးဘစိန်-ဒေါ်ဒေါ်တင့်)တို့၏သမီးကြီး၊ (ဦးလှိုင်မြင့်-ဒေါ်ငွေငွေမြင့်)တို့၏ညီမ၊ (ဦးစောမြင့်-ဒေါ်သန်းသန်းစိန်)၊ (ဦးတင်လတ်)၊ ဒေါ်မြင့်မြင့်အေး၊ ဦးခင်မောင်ထွေး-(ဒေါ်မေသန်းအေး)တို့၏ အစ်မကြီး၊ တူ/တူမ ၁၇ယောက်တို့၏ ကြီးတော်ကြီးသည် ၆-၈-၂၀၂၂ (စနေနေ့)နံနက် ၆ နာရီတွင် ဘဝတစ်ပါးသို့ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

**ဦးဖိုးစောအောင် (ဒုအရာခံဗိုလ်/၇၂)**
**ကပ(၆၈၉၀) (တပ်မတော်ရေ-ငြိမ်း)**
**အသင်းဝင်အမှတ်(ရာ/၁၄)**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ အောင်သပြေအရှေ့(၆)လမ်း၊ အမှတ်(၄၇၅)နေ ဒေါ်ခင်ထွေး၏ခင်ပွန်းသည် ၆-၈-၂၀၂၂ ရက် မွန်းလွဲ ၁:၅၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၈-၂၀၂၂ရက် မွန်းလွဲ ၂ နာရီတွင် ကျီစုသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။
(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

**အဏ္ဏဝါ(ရန်ကုန်)၊အလုပ်အမှုဆောင်အဖွဲ့**

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးသိန်းအောင်**
**အသက်(၉၃)နှစ်**

တိုက်ကြီးမြို့နယ်အသင်း၊ ဥက္ကဋ္ဌဟောင်းအငြိမ်းစား၊ အသင်းနာယကကြီး ဦးသိန်းအောင်သည် ၆-၈-၂၀၂၂ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တိုက်ကြီးမြို့နယ်အသင်း**
**အမှုဆောင်အဖွဲ့**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အမှတ်-၁၃၊ (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၊ ဒုတိယထပ် (၃)လွှာ၊ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(အလျား၁၃ပေxအနံ၅၄ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်လှလှမြိုင်[၁၂/သကတ(နိုင်)၀၀၄၁၆၆]မှ ပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟု ဝန်ခံပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်း၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းထွဋ်အောင် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၀၈)**
**အမှတ်-၄၆(ပထမထပ်), မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-264898975, 09-795608134**

**ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁၊ ၁၂၊ ၁၃၊ ၁၄၊ အမှတ်(၄)ရပ်ကွက်၊ မြေကွက်အမှတ်-၄၈၈(H-28, 29, 32, 33)၊ စုစုပေါင်းမြေကွက် (၄)ကွက်၏ အကျယ်ပေ (၂၀၀/၂၁၈x၁၁၀/၁၂၀)၊ ဧရိယာ (၀.၅၅၈)ကေရှိ မြေကွက်ကြီးအနက်မှ အလျား(၁၉၀/၂၀၀)xအနံ (၁၁၀/၁၂၀)၊ ဧရိယာ(၀.၅၁၄)ကေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အလျား (၁၇၅x၉၀x၂၅)ပေရှိ ဂိုဒေါင်အဆောက်အဦတို့နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

အထက်ဖော်ပြပါ မြေကွက်များအား ဂရန်အမည်ပေါက်ပိုင်ရှင် ဦးစိုးမြင့် [၁၂/ဗတထ(နိုင်)၀၂၃၅၄၉]ထံမှ ဝယ်ယူ၍ ဂိုဒေါင်ဆောက်လုပ်လက်ဝယ်ထားရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ပိုင်ရှင်ဦးဝင်းဦး [၁၂/သကတ(နိုင်)၁၂၈၉၉၆] ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်လှ [၁၂/တမန(နိုင်)၀၀၃၄၉၈]မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ မြေကွက်နှင့်ဂိုဒေါင်တို့၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဒေါ်တင်တင်လှ | ဒေါ်ခင်မာလွင် (LL.B,D.B.L) |
| [၁၂/တမန(နိုင်)၀၀၃၄၉၈] | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂) |
| အမှတ်-၃၆၊ အောင်ဇေယျလမ်း၊ | အမှတ်-၁၁၂ (က)၊ ဗိုလ်ချုပ်လမ်း၊ |
| (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်။ | (၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ |
| | ဖုန်း-၀၉-၂၅၂၉၅၅၅၇၇၊၀၉-၅၁၈၉၆၈၉ |

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးညွှန့်မောင်**
**အသက် (၉၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ တကောကန်ကျေးရွာနေ (ဦးအောင်လှ-ဒေါ်လှညွှန့်) တို့၏သား၊ (ဦးဖိုးစိန်-ဒေါ်သိန်းမြ) တို့၏သားသမက်၊ (ဒေါ်ကြည်) ၏ ခင်ပွန်း၊ ဒေါ်ခင်စန်း၊ (ဦးငွေဇင်)-ဒေါ်ညိုညိုစန်း၊ (ဦးကျော်သက်နိုင်)-ဒေါ်မြင့်မြင့်သန်း ၊ ဦးမျိုးမင်းအောင်-ဒေါ်မာမာခိုင်၊ (ဦးဝေလွင်)-ဒေါ်မြမြသက် တို့၏ ကျေးဇူးရှင် ဖခင်ကြီး၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးဦးညွှန့်မောင်သည် ၅-၈-၂၀၂၂ (သောကြာနေ့) ညနေ ၃:၃၀ နာရီတွင် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ ခိုင်ရွှေဝါလမ်းမကြီး၊ အမှတ်(၁၁၉၅/က) နေအိမ်၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် ၇-၈-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှာ ကားများ နံနက် ၉:၃၀ နာရီတွင်ထွက်ပါမည်။)
[ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ ခိုင်ရွှေဝါလမ်းမကြီး၊ အမှတ်(၁၁၉၅/က) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးခင်မောင်စော**
**အသက်(၈၈)နှစ်**

(ဦးစောကျော်လင်း-ဒေါ်နီ)တို့၏ဖခင် ဦးခင်မောင်စော အသက်(၈၈)နှစ်သည် ၃-၈-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဂမုန်းပွင့်ကုမ္ပဏီလီမိတက်**

**တစ်လပြည့်လွမ်းဆွတ်သတိရခြင်း**
**ဆရာမ ဒေါ်နုဝင်းစိန်(ငြိမ်း)**
**အ.လ.က(၅) ရန်ကင်း၊ အ.မ.က (၁၈)မြောက်ဒဂုံ**
**အသက်(၆၅)နှစ်**

ကျေးဇူးရှင်မိခင်ကြီး ခရစ်တော်၌ အိပ်ပျော်သွားသည်မှာ ၇-၈-၂၀၂၂ ရက်ဆိုလျှင် တစ်လတင်းတင်းပြည့်ပါသော်လည်း နေ့စဉ်သတိရပြီး ကျေးဇူးတရားများကို အောက်မေ့လျက်ရှိပါသည်။ ကောင်းကင်ဘုံ၌ ဘုရားသခင်ကောင်းချီးပေးပါစေ....အမေ

**ညီမ-ဒေါ်ကြည်ကြည်အေး**
**သား/သမီးများ၊ စဖြိုးကြည်ဝင်း၊ သဲစုနှင်း၊ အောင်ကျော်ထက်**

**ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ကန်ရိပ်သာလမ်း၊ အမှတ်(၃)ရှိ ၄-ခန်းတွဲ ၁၂-ထပ်အဆောက်အဦမှ မြေညီထပ် (B) (အလယ်ခန်း)၊ ဧရိယာခန့်မှန်း (1426 Sqft)၊ (Mezzanine Floor အပါ) ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်းပြီးကန့်ကွက်နိုင်ပါသည်**

အဆိုပါ ကွန်ဒိုတိုက်ခန်းကို တရားဝင် ဆောက်လုပ် ပိုင်ဆိုင်ထားသူ ဦးအောင်မြင့် [၁၂/ပဘတ(နိုင်)၀၁၇၇၀၃] CHAIRMAN (GOLDEN YADANAR MYAING CONSTRUCTION CO.,LTD) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(စဉ်-၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO (Switzerland)**
**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇) B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766 HP: 09-5017044**

MOEE YESC
နေ့အခါတွင် သဘာဝအလင်းရောင်ကိုသာ အဓိကထား သုံးခြင်းဖြင့် လျှပ်စစ်ဓာတ်အားကို ချွေတာပါ။


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**တို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် စုစည်းနေထိုင်တဲ့ ပြည်ထောင်စုကြီးဖြစ်တဲ့အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးဟာ တို့တပ်မတော်သားတွေ အမြဲတမ်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမယ့် အမျိုးသားရေးတာဝန်ပဲ ဖြစ်တယ်။ အမျိုးသားရေးဆိုတာ တစ်မျိုးသားလုံးရဲ့ အကျိုးစီးပွားနဲ့ ဘာသာ၊ သာသနာ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာတို့ကို ကာကွယ်စောင့်ရှောက်ခြင်းကို ဆိုလိုတယ်။ နိုင်ငံတော်မှာ မည်သည့်နိုင်ငံရေးစနစ်၊ မည်သည့်အစိုးရ ဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေနဲ့ တစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့အမျိုးသားရေးမူဝါဒဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်းသွားရမှာဖြစ်တယ်။ တပ်မတော်ရဲ့ အမျိုးသားနိုင်ငံရေးကို အကောင်အထည်ဖော်ရာမှာ ပြည်သူပြည်သားများနဲ့အတူ လက်တွဲညီညီ အစွမ်းကုန်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူမင်းအောင်လှိုင်၏ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှကောက်နုတ်ချက်) ၂၂-၁၂-၂၀၂၁

ယနေ့ ဖတ်စရာ

**ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်**

စာမျက်နှာ » ၈



**မျိုးသုဉ်းရန်ရင်ဆိုင်နေရသော ငှက်ကြီးဝန်ပိုမျိုးစိတ် အင်းတော်ကြီးကန်တွင် ကောင်ရေ ၁၆၀ ကျော် ဝင်ရောက်မျိုးပွားကျက်စားနေ**

စာမျက်နှာ » ၁၂

## အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဝူရှူးအားကစားအဖွဲ့ ရွှေတံဆိပ်နှင့် ငွေတံဆိပ် ထပ်မံရရှိ



နေပြည်တော် ဩဂုတ် ၆

အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲများကို ထိုင်းနိုင်ငံ အူဘွန်ရတ်ချ်သာနီမြို့တွင် ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့နံနက် ၁၀ နာရီက Sunee Tower ၌ ကျင်းပသည့် ဝူရှူးအားကစားပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များဖြစ်သည့် အမျိုးသမီး ထိုက်ချီကျန့်ပြိုင်ပွဲ၊ အမျိုးသမီး နန်းသောင်းပြိုင်ပွဲ၊ အမျိုးသားအတွဲအတိုက်၊ အမျိုးသမီးအတွဲ အတိုက်ပွဲစဉ်များ၌ တက္ကသိုလ်ဝူရှူးအားကစားအဖွဲ့မှ မအေးသစ္စာမြင့်က ရွှေတံဆိပ်နှင့် မမြတ်နိုးအိမ်က ငွေတံဆိပ်ဆုများကို ထပ်မံဆွတ်ခူးရရှိသည်။

ယနေ့ကျင်းပသည့် ဝူရှူးပြိုင်ပွဲ ပွဲစဉ် (၁) ဖြစ်သည့် အမျိုးသမီးထိုက်ချီကျန့်ပြိုင်ပွဲတွင် မန္တလာတက္ကသိုလ်ကျောင်းသူ မမြတ်နိုးအိမ် ဝင်ရောက်ယှဉ်ပြိုင်ရာ ရမှတ် ၉ ဒသမ ၅၃ ဖြင့် စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❂

ရွှေတံဆိပ်ဆုရ မအေးသစ္စာမြင့်(ဝဲ)နှင့် ငွေတံဆိပ်ဆုရ မမြတ်နိုးအိမ်(ယာ)တို့ကို တွေ့ရစဉ်။

## ပရီမီယာလိဂ်ပွဲစဉ်(၁)၌ သရေတစ်မှတ်ဖြင့်သာ လီဗာပူးအသင်း ကျေနပ်ခဲ့ရ

၂၀၂၂-၂၀၂၃ ဘောလုံးရာသီ ပရီမီယာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)ရဲ့ စနေနေ့ည အစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ဖူလ်ဟမ်အသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် လီဗာပူးအသင်းဟာ သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။



အဲဒီပွဲစဉ်မှာ တန်းတက်ဖူလ်ဟမ်အသင်းဟာ ပွဲကစားချိန် ၃၂ မိနစ်မှာ ရရှိခဲ့တဲ့ တိုက်စစ်မှူးမီထရိုဗစ်ရဲ့ သွင်းဂိုးနဲ့ အဖွင့်ဂိုး စတင်ရရှိခဲ့ကာ ပထမပိုင်း ပွဲကစားချိန်အပြီးမှာ ဖူလ်ဟမ်အသင်းက လီဗာပူးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ဦးဆောင်ကစားနိုင်ခဲ့ပါတယ်။ တိုက်စစ်မှူး မီထရိုဗစ်ရဲ့ အခုသွင်းဂိုးဟာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း ဖူလ်ဟမ်အသင်းရဲ့ အိမ်ကွင်းမှာ သွင်းယူနိုင်ခဲ့တဲ့ ပထမဆုံး ပရီမီယာလိဂ်သွင်းဂိုးလည်း ဖြစ်ပါတယ်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ○

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာ လုံခြုံရေးစခန်းများအပြင် နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

နေပြည်တော် ဩဂုတ် ၆

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။ စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✳